ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၄ ခုနှစ်၊ တပေါင်းလကွယ်၊ ဗုဒ္ဓဟူးနေ့ (10 - 4 - 2013) (၇၄၅၁)

မြန်မာနိုင်ငံ၏ မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝမှုနှင့် အလွန်ဝီရိယကောင်းမွန်စွာဖြင့် အလုပ်ကြိုးစားလုပ်ကိုင်ကြသော တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးထုတ်ကုန်သီးနှံများကို ဂျပန်နိုင်ငံကဲ့သို့ ခိုင်မာသော ဈေးကွက်နေရာရရှိရေး Japan International Cooperation Agency (JICA) အနေဖြင့် ကူညီပေးစေလို။

မြန်မာနိုင်ငံ၏ စက်မှုလယ်ယာကူးပြောင်းနိုင်ရေး ဆောင်ရွက်နေမှုအပေါ် ထိထိရောက်ရောက် ပါဝင်ကူညီဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စက်စက်ယိုဆည်ရေသောက်စနစ် စက်မှုလယ်ယာမြေစိုက်ကွင်းများဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၉

ယနေ့နံနက် ၇ နာရီက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့သစ်နှင့် ပုဗ္ဗသီရိမြို့သစ်နှစ်ခု နယ်နိမိတ်ဆုံရာအနီးရှိ စက်စက်ယိုဆည်ရေသောက်စနစ်စက်မှု လယ်ယာမြေ ဧက ၉၀၀ ဖော်ထုတ်ရေးနှင့် ရေလှောင်ဆည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးအားပေးကာ လာမည့် မိုးစပါးရာသီအချိန်မီအပြည့်အဝ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်အတွက် အကောင်အထည်ဖော်သွားရန်နှင့် ဖောက်လုပ်ထားသည့် ကုန်ထုတ်လမ်းများ၊ ရေမြောင်းစနစ်များကို ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးအတွက် ပိုမိုတိုးတက်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ထိုမှတစ်ဆင့် စက်စက်ယိုရေလှောင်ဆည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် လုပ်ငန်းခွင်တည်ဆောက်အကောင်အထည်ဖော်မှုကို စစ်ဆေးကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

၎င်းရေလှောင်ဆည်တည်ဆောက်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ကြီးမားစွာအထောက်အကူရမည့်အပြင် ယခင်က မိုးစပါးတစ်သီးပင် အောင်မြင်စွာစိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးတွင်းကာလ နှစ်စဉ်ရေကြီးနစ်မြုပ်သော လယ်ယာမြေဧက ၉၀၀ ကျော်အတွက် ရေနုတ်မြောင်းစနစ်များ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိုးသီးနှံစပါးများ အောင်မြင်စွာ စိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် ၎င်းရေလှောင်ဆည်၏ ရေကူစနစ်ဖြင့် ကြားသီးနှံ၊ သီးထပ်သီးညှပ်များကိုလည်း အောင်မြင်စွာစိုက်ပျိုးနိုင်တော့မည်ဖြစ်၍ တောင်သူလယ်သမားများအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ရေ)၏စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတက်ရောက်

နေပြည်တော် ဧပြီ ၉

တပ်မတော်(ရေ)၏ စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်တပ်နယ် အမှတ်(၃)ရေတပ် ဆိပ်ခံတံတား၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး၊ သန်လျင်တပ်နယ်မှူးနှင့် သန်လျင်တပ်နယ်မှအရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱

ယနေ့ မာတိကာ

ဘက်စုံထက်မြက်သည့် မျိုးဆက်သစ်
စာမျက်နှာ - ၂

ဒုံးကျည်ကာကွယ်ရေးစနစ်များ ဂျပန်ဖြန့်ကြက်
စာမျက်နှာ - ၅

သင်္ကြန်ကာလအတွင်း အမြန်ချောစာပို့ဝန်ဆောင်မှု ခေတ္တရပ်နားမည်
စာမျက်နှာ - ၁၀



ကြေးမုံစာတည်းရှုထောင့် **၁၀-၅-၂၀၁၃၊ ဗုဒ္ဓဟူးနေ့**

ဘက်စုံထက်မြက်သည့်မျိုးဆက်သစ်

ယနေ့ကာလသည် လူငယ်လူရွယ်ခေတ်ကာလ။ မည်သည့်နေရာတွင် မဆို လူငယ်လူရွယ် မပါလျှင်မပြီး။ လူငယ်လူရွယ်သည် တိုင်းပြည်၏ခွန်အား၊ အနာဂတ်အတွက် မျိုးဆက်သစ်။ ဤသို့ ဆိုရသည်မှာလည်း အသက်အရွယ် အပိုင်းအခြားအရ လူငယ်လူရွယ်တို့မှာ သန်မြန်၏။ ဖျတ်လတ်၏။ တက်ကြွ၏။ နိုးကြား၏။ အသိဉာဏ်ပညာ ထက်မြက်၏။

နိုင်ငံအတွက် အားထားရသည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးစား အားထုတ်ကြရန်နှင့်ပတ်သက်၍ မေ ၈ ရက်က ပြုလုပ်သည့် ဘက်စုံပညာ ထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များ တွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက "မောင်တို့မယ်တို့ကို လူကောင်းလူတော်များ ဖြစ်အောင် ပြုစုပျိုးထောင်ပေးနေခြင်းသည် တိုင်းပြည်အတွက် ဖြစ်သည် ဆိုသည်ကို သဘောပေါက်နားလည်ခံယူပြီး တော်သည်ထက်ပိုတော်အောင်၊ ကောင်းသည်ထက် ပိုကောင်းအောင် ကြိုးစားကြရန်" တိုက်တွန်းပြောကြား ထားသည်ကို တွေ့ရသည်။

ထို့အပြင် "ကျောင်းသားဘဝကတည်းက ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို သင်ကြားရမည်၊ လေ့လာမှတ်သားပြီး လက်တွေ့ကျင့်ကြံအားထုတ် ပြုလုပ်ရမည်၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုများနှင့်အတူ ဒီမိုကရေစီ၏ တန်ဖိုးကို သိရှိနားလည်ပြီး အများကိုမထိခိုက်စေသည့် လွတ်လပ်မှုကို ကျောင်းသားဘဝကပင် ရယူတတ်သည့် အလေ့အကျင့်ရအောင် ကြိုးစား ကြရမည်"ဟု လူငယ်လူရွယ်များ ခံယူကျင့်သုံးဆောင်ရွက်ရမည့် အချက်များကို ပြောကြားခဲ့ရာ မှတ်သားဖွယ် ဖြစ်သည်။

လက်ရှိကာလတွင် ထူးချွန်ထက်မြက်ပြီး အများအကျိုးသယ်ပိုးလိုသည့် လူငယ်လူရွယ်များကို နိုင်ငံတော်က ပြုစုပျိုးထောင် မြေတောင်မြှောက်ပေး လျက်ရှိသည်။ မိမိတို့နိုင်ငံတွင် လူငယ်လူရွယ်များကို ပြုစုပျိုးထောင် ချီးမြှင့် မြှောက်စား မြေတောင်မြှောက်ပေးမှုအခြေအနေများနှင့် ကင်းကွာနေခဲ့သည် မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။

ယခုပြန်လည်၍ ဘက်စုံထူးချွန်လူငယ်မောင်မယ်များနှင့် ကင်းထောက် မောင်မယ်များကို ရွေးချယ်မွေးထုတ်၍ နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုး ထမ်းရွက်နိုင်ရန်အတွက် အားပေးမြှင့်တင်ဆောင်ရွက်ပေးမှုများမှာ ဝမ်းမြောက် ဂုဏ်ယူဖွယ်ဖြစ်သည်။

တိုင်းပြည်၏အနာဂတ်သည် အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ် ကလေးများ၏ လက်ဝယ်တွင်သာရှိသည်။ တိုင်းပြည်၏ အနာဂတ် ကောင်းကျိုး ဆိုးကျိုးသည်လည်း အဆိုပါမျိုးဆက်သစ် လူငယ်လူရွယ်ကလေးများ၏ လက်ဝယ်တွင် များစွာတည်မှီနေပေသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသကဲ့သို့ ယနေ့လူငယ်လူရွယ်များအား လူကောင်းလူတော်များဖြစ်အောင်၊ နိုင်ငံ့သားကောင်းများဖြစ်အောင် အခြေခံကောင်းများကို ပုံသွင်းလေ့ကျင့်ပေးနိုင်မှသာလျှင် အနာဂတ်အတွက် ကောင်းမွေများကို ဆက်ခံရရှိနိုင်မည်ဖြစ်သည်။

ယနေ့နိုင်ငံတော်အား ကောင်းမွန်စွာ ပုံဖော်ဆောင်ရွက်ပေးနေကြ သူများသည် တစ်ချိန်က ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်လေးများသာ ဖြစ်သည်။ ယနေ့ထူးချွန်ထက်မြက်သော လူငယ်လူရွယ်လေးများသည် နောင်အနာဂတ်နိုင်ငံတော်ကြီးကို ပုံဖော်ထုဆစ်ပေးကြမည့် မျိုးဆက်သစ်များ သာဖြစ်ကြသည်။

ထို့ကြောင့် ကောင်းမွန်သော အနာဂတ်နိုင်ငံတော်ကြီးကို ပုံဖော်ထုဆစ် နိုင်ရန်အတွက် ဘက်စုံထူးချွန်ထက်မြက်သော လူငယ်မောင်မယ်များပီပီ ဘက်စုံတော်အောင်၊ ဘက်စုံကောင်းအောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။

သို့မှသာ မိမိတို့၏အနာဂတ်နိုင်ငံတော်အတွက် စိတ်ချရသော၊ ဘက်စုံ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များဟု ကမ္ပည်းမော်ကွန်းတင် နိုင်မည်ဖြစ်ပါသည်။ ။

မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၉

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံရုံးက ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးရန်ပုံငွေဖြင့် မန္တလေး မြို့ရှိ ရတနာပုံခေတ်လက်ရာ ရွှေနန်း တော်ကျောင်းကို ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ အကူအညီပေးလိုကြောင်း တင်ပြအဆိုပြုလာသဖြင့် ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် မေ ၇ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ရှိ ရွှေနန်းတော် ကျောင်းတော်ကြီး၌ ရွှေနန်းတော် ကျောင်း ပြုပြင်ထိန်းသိမ်းရေး အကြို ညှိနှိုင်းအစည်းအဝေး ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်း ကာ စနစ်တကျ ဆောင်ရွက်သွားနိုင်ရန် ကြိုတင်ပြင်ဆင်ရေး၊ ရွှေနန်းတော် ကျောင်း၏ကြံ့ခိုင်မှုကို ထိခိုက်စေသည့် ပျက်စီးဆွေးမြည့်မှုများကို အဆင့် လိုက်၊ ဦးစားပေးအလိုက် ပြုပြင် ထိန်းသိမ်းသွားနိုင်ရေး ကြိုတင် စစ်ဆေး၍ အဆင့်လိုက်ပြုပြင်ထိန်း သိမ်းရေးလုပ်ငန်းများ လျာထားရန် အတွက် စီမံဆောင်ရွက်ရန်၊ ပြုပြင် ထိန်းသိမ်းမှုအပိုင်းတွင် အစားထိုး ပြုပြင်ထိန်းသိမ်းခြင်း၊ ကျန်ရှိနေသော မူလလက်ရာများကို ရေရှည်တည်တံ့ စေရန် ထိန်းသိမ်းခြင်း၊ မူလလက်ရာ မကျန်ရှိတော့၍ အဆောက်အအုံ၏ ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သော အစိတ် အပိုင်းများအား ဖြည့်စွက်ထိန်းသိမ်း ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဘာသာ ရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်သော ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်သွားမည့် ကိစ္စများကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ လူမှုရေး ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သည် မန္တလေးမြို့ရှိ အမျိုးသား ဇာတ်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့များ ပြည်ပခရီးသွားများစိတ်ဝင်စား

စစ်ကိုင်း မေ ၉

စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများသည် ယခုအချိန်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိရာ အလှူများ စဉ်ဆက်မပြတ် လှူဒါန်းနေကြ သည်ကို တွေ့ရသည်။ ညောင်ကုန်းကျေးရွာမှ အလှူကြီးတစ်ခုသည် မြို့ပေါ် ရပ်ကွက်များရှိ ဆွေမျိုးသားချင်းအိမ်များသို့ ကန်တော့ခြင်း၊ မိရိုးဖလာနတ်များ ပူဇော်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။အလှူလှည့်အတန်းကြီးအတွင်း ပါလာသော ရွှေလှည်းယာဉ်နှင့် နွားများကိုတန်ဆာဆင်ပေးပြီး နားသများ တင်ဆောင်ကာ အဆိုပါအလှူလှည့်အတန်းကြီးသို့ ပြည်ပခရီးသွားတစ်ဦးက မှတ်တမ်းတင်ကင်မရာကြီးဖြင့် စိတ်ဝင်တစား ရိုက်ကူးရန်ပြင်ဆင်နေသည်ကို တွေ့ရသည်။

"ပြည်ပခရီးသွားအဖွဲ့တွေမပြောနဲ့၊ ကျွန်မတို့ရပ်ကွက်ကလူတွေတောင် အလှူတန်းကြီးတွေ လှည့်လာရင် အိမ်ရှေ့ထွက်ကြည့်ရတာအမောပဲ၊ အဓိက တော့ သူတို့တွေလိုလှူချင်တန်းချင်တဲ့ စိတ်တွေပေါက်လာတယ်လေ၊ တခြားသူ တွေလည်း ကျွန်မလိုခံစားမိမှာပါ၊ ဒီရွှေလှည်းယာဉ်တွေက ဘယ်သူတွေပဲလှူလှူ မြန်မာ့ရိုးရာဓလေ့အနေနဲ့ ပါဝင်နေမှာပါ၊ ဒါ့ကြောင့် အလှူကြီးပေးနိုင်အောင် ကျွန်မလည်းကြိုးစားပြီး အလုပ်များလုပ်နေပါတယ်"လို့ နန်းဦးမြို့သစ်ရပ် အနောက်ပိုင်းမှ မစိုးစိုးအေးက ပြောကြားသည်။

(ဇော်မြင့်နိုင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြ ရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

၂၀၁၃ ခုနှစ် အားကစားဝန်ကြီး ဌာန နွေရာသီအားကစား သင်တန်းဆင်း အမျိုးသမီးကာယ ကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ၅ ပေ ၃ လက်မအထက် ပြိုင်ပွဲကို မေ ၇ ရက်က ကျင်းပရာ ဆုရရှိသူ များကို အဖွဲ့ချုပ်ဒိုင်၊ (တွဲဖက် ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန် တက္ကသိုလ်) ဒေါက်တာသဇင်လွင် ဆုချီးမြှင့်စဉ်။ (ကျော်ဇေယျ)

ပြည်တွင်းရေးရာ

နှစ်ပေါင်းရှည်ကြာစွာ အတူတကွ နေထိုင်လာခဲ့ကြသူများဖြစ်၍ သူ့အကျိုး၊ ကိုယ့်အကျိုး ကြည့်ရှုပြီး အေးချမ်းတည်ငြိမ်စွာ နေထိုင်

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးမှု အကောင်အထည်ဖော်ဆောင်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးမှု အကောင်အထည်ဖော်ဆောင်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးမှု အကောင်အထည်ဖော်ဆောင်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ ရခိုင်ပြည်နယ် ပဋိပက္ခကြောင့် ဒုက္ခရောက်နေသူများအား မိုးမကျမီ နေရာချထားနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားစေတနာရှင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ လုပ်ငန်းပမာဏများပြားသဖြင့် ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများကို အမြန်လုပ်ဆောင်ရန်လိုအပ်မှု၊ ဒုက္ခသည်တစ်သိန်းကျော်၏ စားသောက်ရေးအတွက် စားရေရိက္ခာများ မပြတ်လပ်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ မိုးမကျမီ အဆောက်အအုံများ အချိန်မီ ဆောက်လုပ်ပြီးစီးရန် လိုအပ်မှု၊ အဆောက်အအုံဆောက်လုပ်မည့် နေရာများအား ဒေသခံများ၊ နှစ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းရွေးချယ်နေရာချထားရန် လိုအပ်မှု၊ နှစ်ပေါင်းရှည်ကြာစွာ အတူတကွ နေထိုင်လာခဲ့ကြသူများဖြစ်သည့်အတွက် ဆက်လက်၍ သူ့အကျိုး၊ ကိုယ့်အကျိုး ကြည့်ရှုပြီး အေးချမ်းတည်ငြိမ်စွာ နေထိုင်သွားကြရန် လိုအပ်မှုတို့ကို ရှင်းလင်းပြောကြားပြီး ဒုက္ခသည်များ၏ စားရေး၊ နေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရုံမျှမက ၎င်းတို့၏ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်အောင် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသူများသည် လယ်ယာလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းတို့ကိုသာ အဓိကလုပ်ကိုင်ကြရာ ယခုနှစ်မိုးရာသီတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီ ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာများ၊ စက်သုံးဆီများ၊ မျိုးစပါးများနှင့် ဓာတ်မြေသြဇာစသည်တို့ကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဖြည့်ဆည်းပေးရမည် ဖြစ်ကြောင်း၊ ထို့အတူ ငါးဖမ်းလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် လှေ၊ ငါးဖမ်းပိုက် စသည်တို့ကိုလည်း ပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထူလာနိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်ပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ သို့သော် မဖြေရှင်းမဆောင်ရွက်နိုင်လျှင် ပြဿနာပိုမိုကြီးထွားလာနိုင်သည့် အတွက် မဖြစ်မနေဖြေရှင်းဆောင်ရွက်ရမည်သာဖြစ်ကြောင်း၊ လတ်တလောဖြေရှင်းဆောင်ရွက်နိုင်သည်များကို ချက်ချင်းဆောင်ရွက်ပြီး ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း စနစ်တကျစီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မိမိတို့၏ပြည်တွင်းရေးကို မိမိတို့ဘာသာ အေးအေးချမ်းချမ်းဖြေရှင်းနိုင်ရန်လိုအပ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးကို အပြည့်အဝဆောင်ရွက်ပေးရန်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုရရှိလာသည်နှင့်အမျှ နောင်တွင် လုံခြုံရေးတပ်ဖွဲ့အင်အားကို လျှော့ချသွားရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်ပဋိပက္ခ စတင်ဖြစ်ပွားကတည်းက ကိုယ်တိုင်ကွင်းဆင်းဆောင်ရွက်၍ အကူအညီများ ပေးအပ်ခဲ့သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ စေတနာရှင်နိုင်ငံများမှ သံအမတ်ကြီးများအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ဒုက္ခသည်များအား ကူညီစောင့်ရှောက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း၍ စစ်တွေမြို့တွင် အခြေပြုကာ လုပ်ငန်းများဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ယင်းအဖွဲ့အနေဖြင့် ဒုက္ခသည်များအတွက် လူနေအိမ်များကို သုံးလအတွင်းအပြီး ဆောက်လုပ်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးနိုင်ရေးတို့ အတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဒုက္ခသည်များအား နေရာချထားပေးမှု၊ အဆောက်အအုံများ ဆောက်လုပ်နေရာချထားပေးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ မလွဲမသွေလုပ်ဆောင်ရမည့် ကိစ္စရပ်များဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကော်မတီအလိုက် လုပ်ဆောင်ဖွယ်ရာရှိသည်များကို အချိန်မဆိုင်းဘဲ မြန်မြန်ဆန်ဆန် စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ စားရေးနှင့် နေရေးကဏ္ဍများ ဆောင်ရွက်ပေးသည့်နည်းတူ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးလုပ်ငန်းများကိုလည်း ဆက်လက် လုပ်ကိုင်ဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတက လုပ်ငန်းတာဝန်ထမ်းဆောင်နေသော ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ နိုင်ငံ့ဝန်ထမ်းများအား အချိုရည်နှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လုပ်ငန်းခွင်သို့ ပါဝင်တက်ရောက်လေ့လာကြသည့် Japan International Cooperation Agency(JICA) မှ တာဝန်ရှိသူများအား မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးမှာကြားရာ၌ မြန်မာနိုင်ငံ၏ မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝမှုနှင့် အလွန်ဝီရိယကောင်းမွန်စွာဖြင့် အလုပ်ကြိုးစားလုပ်ကိုင်ကြသော တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးထုတ်ကုန်သီးနှံများကို ဂျပန်နိုင်ငံကဲ့သို့ ခိုင်မာသောဈေးကွက်နေရာရရှိရေး Japan International Cooperation Agency (JICA) အနေဖြင့် ကူညီပေးစေလိုကြောင်း။

ယခုစိုက်ပျိုးရာသီထွက်ရှိလာသည့် စိန်တလုံးသရက်သီးနှင့် နဂါးမောက်သီးနှံများကို နိုင်ငံတကာစံချိန်စံညွှန်းပြည့်မီစွာဖြင့် ဂျပန်နိုင်ငံဈေးကွက်သို့ နမူနာအဖြစ် မိတ်ဆက်တင်ပို့နိုင်ရေးအတွက် ဂျပန်အစိုးရအဖွဲ့ဝင်များထံသို့ လက်ဆောင်အဖြစ်ပေးအပ်မည်ကို JICA မှ စနစ်တကျ ပို့ဆောင်ပေးစေလိုကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံ၏အရည်အသွေးကောင်းသော လယ်ယာထွက်ကုန်များကို ဂျပန်နိုင်ငံဈေးကွက်သို့ မိတ်ဆက်ပေးစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ စက်မှုလယ်ယာကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုအပေါ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ၏တောင်သူလယ်သမားများအတွက် လတ်တလောလိုအပ်ချက်ဖြစ်နေသော အသေးစားငွေချေးလုပ်ငန်းများကိုလည်းကောင်း ထိထိရောက်ရောက် ပါဝင်ကူညီဆောင်ရွက်ပေးစေလိုကြောင်း။

မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍတွင် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို အစိုးရအချင်းချင်းရင်းနှီးမှုအဆင့်မှ ပြည်သူလူထုအချင်းချင်း ရေရှည်ချစ်ကြည်ရင်းနှီးမှုအဆင့်အထိ ခိုင်မာအောင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် JICA အကြား နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတအနေဖြင့် ထောက်ခံအကူအညီပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စက်စက်ယိုဆည်ရေသောက်စနစ် စက်မှုလယ်ယာမြေစိုက်ကွင်းများ ဖော်ထုတ်နေမှုနှင့် ငလိုက်ဆည်ရေသောက်စနစ် စိုက်ကွင်းများအတွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသော ဟင်းသီးဟင်းရွက် သစ်သီးဝလံစိုက်ခင်းများ၊ စိမ်းစိုဖြစ်ထွန်းနေသော လယ်ယာမြေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးတပ်ဖွဲ့ရဟတ်ယာဉ်ပျက်ကျ

ကဘူး ဧပြီ ၉

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂဟာပြည်နယ်တွင် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)တပ်ဖွဲ့ပိုင် ရဟတ်ယာဉ် တစ်စင်းပျက်ကျကြောင်း ဧပြီ ၉ရက်တွင် ပရက်စ်တီဗွီသတင်းဌာနက ဖော်ပြသည်။

ဧပြီ ၈ ရက်က ပါချီယာအောအဂမ်ခရိုင် ဂီရာခီးလ်ဒေသတွင် အမေရိကန်ရဟတ်ယာဉ်တစ်စင်း ပျက်ကျကြောင်း ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေကျေပျက်စီးမှုနှင့်ပတ်သက်သော သတင်းကိုမူမရရှိသေးကြောင်း သတင်းတွင်ပြောကြားသည်။

ယင်းအမေရိကန်ရဟတ်ယာဉ်ကို ၎င်းတို့ပစ်ချခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်များဘက်မှ အခိုင်အမာပြောကြားသည်။

အမေရိကန်ရဟတ်ယာဉ်နှစ်စင်း ကောင်းကင်တွင်ဝဲပျံနေရာမှ မြေပြင်သို့ လေယာဉ်တစ်စင်း ရုတ်တရက်ပျက်ကျကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

လေယာဉ်ပျက်ကျရာနေရာသို့ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့က တပ်ဖွဲ့ဝင်များစေလွှတ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

ပါကစ္စတန်တွင် ပဋိပက္ခဖြစ်ပွား တပ်ဖွဲ့ဝင် ၃၀နှင့် စစ်သွေးကြွ ၉၇ ဦးသေဆုံး

အစ္စလာမ္မာဘတ် ဧပြီ ၉

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ မျိုးနွယ်စုများနေထိုင်ရာ ဝေးလံခေါင်ဖျားဒေသတွင် ပြင်းထန်သောတိုက်ပွဲများဖြစ်ပွားရာ တပ်ဖွဲ့ဝင် ၃၀နှင့် စစ်သွေးကြွ ၉၇ ဦးတို့သေဆုံးကြောင်း ဧပြီ ၉ ရက် သတင်းတွင်ဖော်ပြသည်။

ဧပြီ၈ရက်က ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာလီဘန်ထောက်ခံသော သောင်းကျန်းသူများအကြား တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်လေယာဉ်များနှင့် လက်နက်အပြည့်အစုံ တပ်ဆင်ထားသော လေယာဉ်များဖြင့် စစ်သွေးကြွများနေထိုင်ရာကို ပစ်မှတ်ထား၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ကြောင်း၊ မျိုးနွယ်စုများ နေထိုင်ရာ ခိုင်ဘာဒေသ တာရတ်ချ်တောင်ကြားတွင် ပစ်ခတ်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်စဉ် တာလီဘန်စစ်သွေးကြွများက မြေပြင်မှအမြောက်များ၊ စိန်ပြောင်းများဖြင့် ပြန်လည်ပစ်ခတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၃၀ ထက်မနည်းသေဆုံး၍ စစ်သွေးကြွများဘက်မှ ၁၀၀ နီးပါး သေဆုံးကြောင်း အရက်ဦးသတင်းစာ၏ ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။ **ဆင်ဟွာ။**

ဂါဇာတွင် ဆံရှည်များ၊ ဂျယ်ထောင်များကို နှိမ်နင်း

ဂါဇာစီးတီး ဧပြီ ၉

ဟားမတ်(စ်)တို့အုပ်ချုပ်သော ဂါဇာကမ်းမြောင်ဒေသတွင် လမ်းဘေးမှ ဆံပင်ရှည်နှင့် လူငယ်များ၊ ဂျယ်လိမ်း၍ဆံပင်ထောင်လူငယ်များကို ရဲတပ်ဖွဲ့ကဖမ်းဆီး၍ ဂျစ်ကားပေါ်၌ ချုပ်နှောင်ကာ လှောင်ပြောင်လျက် ၎င်းတို့၏ခေါင်းများကို ရိတ်ပစ်ခဲ့ကြောင်း အရိတ်ခံရသူလူငယ်နှစ်ဦးနှင့် လူ့အခွင့်အရေးအုပ်စုက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဆံပင်ရှည်ထားသူများနှင့် ခါးပေါ်တင်ရုံဘောင်းဘီဝတ်ဆင်သူများကို နှိမ်နင်းရာတွင် ရိုက်နက်မှုများပင်ရှိခဲ့သည်ဟု ဆိုသည်။

လွန်ခဲ့သည့်သီတင်းပတ်မှစ၍ ယင်းကဲ့သို့နှိမ်နင်းမှုစတင်ခဲ့သည်။ ခေါင်းရိတ်ခံရသူနှစ်ဦးက အေပီသတင်းဌာနကိုပြောကြားရာ၌ ဂါဇာစီးတီးအနှံ့ ရှင်းလင်းမှုပြုရာ နှစ်ဒါဇင်မျှသော လူငယ်များဖြစ်သည့် ၎င်းတို့ကို ဝိုင်းဝန်းဖမ်းဆီးခဲ့သည်ဟုဆိုသည်။

အိမ်ဆေးသုတ်သမား အသက် ၁၉နှစ်အရွယ် အေမန် အဲလ်ဘာယက်သည် ဧပြီ ၄ရက်နေ့ ခေါင်းရိတ်ခြင်းမခံခဲ့ရမီက ဆိုလျှင် ၎င်းဆံပင်သည် ပခုံးအထိရှည်သည်ဟုဆိုသည်။

အသက်ကိုးနှစ်အရွယ်မှစကာ မိန်းကလေးနှင့်ယောက်ျားလေးများကို စာသင်ခန်းသီးခြားစီခွဲ၍ စာသင်စေရေး ပညာရေးဥပဒေကြမ်းအား ဟားမတ်(စ်)ကြီးစိုးသည့် ပါလီမန်ကအတည်ပြုပေးခဲ့ပြီးနောက် ဤဆံပင်နှိမ်နင်းမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။ **အေပီ။**

ဂါဇာကမ်းမြောင်ဒေသ၌ ဂျယ်ထောင်လူငယ်တစ်ဦးကို ခေါင်းရိတ်ပြီး တွေ့ရစဉ်။

သွေးလွန်တုပ်ကွေး တိုက်ဖျက်ရန် နယူးဇီလန်ဆေးဝန်ထမ်းကို ဆော်လမွန်ကျွန်းသို့ စေလွှတ်မည်

ဝယ်လင်တန် ဧပြီ ၉

နယူးဇီလန်နိုင်ငံသည် သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရာတွင် ကူညီပံ့ပိုးပေးနိုင်ရန် ဆော်လမွန်ကျွန်းသို့ ဆေးဘက်ဆိုင်ရာဝန်ထမ်းကို စေလွှတ်မည်ဟု နယူးဇီလန်အစိုးရက ဧပြီ ၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နယူးဇီလန်နိုင်ငံမှ ဆရာဝန်နှင့် သူနာပြုတစ်ဦးစီကို အစိုးရ၏ သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးအထောက်အကူဖြစ်ရန် ဆော်လမွန်ကျွန်းသို့ စေလွှတ်မည်ဖြစ်ကြောင်း၊ မြို့တော်ဝယ်လင်တန်ရှိ ဟိုနီယာရာဒေသတွင် လူ ၁၂၀၀ အပါအဝင် သွေးလွန်တုပ်ကွေးရောဂါရှိသည်ဟု သံသယရှိသူ ၁၇၀၀ ရှိပြီး သုံးဦးသေဆုံးခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ မူရေမက်ကူလိုင်ကပြောကြားခဲ့သည်ဟု သိရှိရသည်။

အဆိုပါဝန်ထမ်းများသည် နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနမှဖြစ်ပြီး ဩစတြေးလျဦးဆောင်သော ကျန်းမာရေးအဖွဲ့တွင် ကနဦး၌ ရက်သတ္တနှစ်ပတ်ကျော် တာဝန်ချထားမည်ဖြစ်သည်။ **ဆင်ဟွာ။**

ကိုလံဘီယာ၌ ကိုကင်း တစ်တန် သိမ်းဆည်းရမိ

ဘိုဂိုတာ ဧပြီ ၉

ကိုလံဘီယာနိုင်ငံ၏ ပစိဖိတ်ကမ်းခြေမှ အမေရိကတိုက်အလယ်ပိုင်းသို့ ဦးတည်ခုတ်မောင်းလာသော လှေတစ်စင်းပေါ်မှ ကိုကင်း တစ်တန်ကျော်ကို သိမ်းဆည်းရမိခဲ့သည်ဟု ကိုလံဘီယာအာဏာပိုင်အဖွဲ့က ဧပြီ ၈ ရက်တွင် ပြောကြားကြောင်း ဧပြီ ၉ ရက်သတင်းတွင် ဖော်ပြသည်။

အဆိုပါလှေပေါ်တွင် တင်လာသော ရေတိုင်ကီကို စေ့စပ်စွာစစ်ဆေးခဲ့ရာမှ အယ်လတာလို့က်ထည့်ထားသော အိတ် ၅၉ အိတ်ကိုစစ်ဆေးတွေ့ရှိပြီးနောက် ယင်းလှေနှင့် သင်္ဘောများကို ဘူနာဗန်တူရာမြို့ရှိ ကမ်းခြေစောင့်စခန်းသို့ ခေါ်ယူထိန်းသိမ်းခဲ့သည်ဟု ရေတပ်မှတာဝန်ရှိသူက ပြောကြားသည်။

ဖမ်းဆီး

လူငါးဦးလိုက်ပါလာသော အဆိုပါ ငါးဖမ်းလှေပုံစံ ရေယာဉ်သည် ပစိဖိတ်ပင်လယ် ဂေါ်ဂိုနာကျွန်းအနောက်ဘက် ၁၀ ကီလိုမီတာကျော်ခန့်တွင် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

သို့ဝှက်ယူဆောင်လာသော အဆိုပါ မူးယစ်ဆေးဝါး တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်ရှိကြောင်း၊ ကိုလံဘီယာရေတပ်သည် ယခုနှစ် မျက်မှောက်ကာလအထိ ကိုကင်း ၁၉ ဒသမ ၄ တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။ **ဆင်ဟွာ။**

ကိုလံဘီယာရေတပ်က ဖမ်းဆီးရမိထားသော ကိုကင်းများကို တွေ့ရစဉ်။

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအပုံပုံ — **ဟိန်းထက်လင်း**

မေ့ပြီလကုန်တွင် ချေးငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံ ဂျမေကာနိုင်ငံရရှိမည်

ဂျမေကာနိုင်ငံအနေဖြင့် ယခုမေ့ပြီလကုန်ခန့်ကာလတွင် ကမ္ဘာ့ဘဏ်နှင့် အမေရိကန်ပေါင်းကူးဖွံ့ဖြိုးတိုးတက်ရေးဘဏ်(IDB)တို့ထံမှ ချေးငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါးခန့်ရရှိလိမ့်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေ အဖွဲ့က မေ ၈ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်ခုတွင် ဖော်ပြခဲ့သည်။ ဂျမေကာအစိုးရအနေဖြင့် နိုင်ငံ၏ ကြွေးမြီပြဿနာကို သုံးနှစ်စီမံကိန်းဖြင့်ဖြေရှင်းရန် ရည်ရွယ်လျက်ရှိနေခြင်းကြောင့် ကမ္ဘာ့ဘဏ်နှင့် အမေရိကန် ပေါင်းကူးဖွံ့ဖြိုးတိုးတက်ရေးဘဏ် (IDB) တို့က ဒေါ်လာ ၅၁၀ မီလီယံစီချေးငှားကြမည်ဖြစ်ပြီး ချေးငှားကာလမှာ လေးနှစ်သက်တမ်းဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အဆိုအရ သိရသည်။

....

လျှပ်စစ်နှင့် လေအိတ်ပြဿနာများကြောင့် ဟွန်ဒိုင်းနှင့် ကီရာကုမ္ပဏီ ကားများပြန်လည်သိမ်းဆည်း

ကိုရီးယားကားကုမ္ပဏီများဖြစ်သည့် ဟွန်ဒိုင်းနှင့်ကီရာကုမ္ပဏီတို့သည် ၎င်းတို့ကုမ္ပဏီမှ ထုတ်လုပ်သော လျှပ်စစ်ကားများ လျှပ်စစ်ပိုင်းဆိုင်ရာနှင့် လေအိတ်ဆိုင်ရာ ချွတ်ယွင်းမှုပြဿနာများကြောင့် အမေရိကန်နိုင်ငံသို့ ရောင်းချပေးခဲ့သော ကားစီးရေ ၁ ဒသမ ၉ ဘီလီယံကိုပြန်လည်သိမ်းဆည်းခဲ့ရကြောင်း သိရသည်။ ဟွန်ဒိုင်းကုမ္ပဏီထုတ်ကားများမှာ လျှပ်စစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုပြဿနာကြောင့် အစီးရေ ၁ ဒသမ ၀၆ ဘီလီယံ ပြန်လည်သိမ်းဆည်းခဲ့ရပြီး ကီရာကုမ္ပဏီထုတ်ကားများမှာ လေအိတ်နှင့် လျှပ်စစ်ဆိုင်ရာ ပြဿနာများကြောင့် အစီးရေ ၆၂၃၀၀၀ ထက်မနည်း သိမ်းဆည်းခဲ့ရကြောင်း၊ ပြန်လည်သိမ်းဆည်းမှုကို သုံးသုတ်ခွဲ၍ လုပ်ဆောင်လျက်ရှိပြီး ကားမော်ဒယ် ၁၃ မျိုးပါဝင်ကြောင်း သိရသည်။

....

ဒုံးကျည်ကာကွယ်ရေးစနစ်များ ဂျပန်ဖြန့်ကြက်

မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုကို တုံ့ပြန်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို မြို့တော်တိုကျိုအတွင်း ဖြန့်ကြက်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ ထိပ်တန်းအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးက မေ ၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ (Patriot Advance Capability-3) အမည်ရှိဒုံးကျည်ကာကွယ်ရေးစနစ်ကို တိုကျိုမြို့အတွင်းရှိ ရှင်ဂျူကူရပ်ကွက်၌လည်းကောင်း၊ Camp Asaka အမည်ရှိစနစ်ကို နီရီမာရပ်ကွက်၌လည်းကောင်း၊ Camp Nara shino အမည်ရှိစနစ်ကို ဖူနာဘာရှီဒေသတွင်လည်းကောင်း ဖြန့်ကြက်ခဲ့သည်ဟု အဆိုပါ ပုဂ္ဂိုလ်က ဆိုသည်။

....

အိုင်ယာလန်တောင်ပိုင်း၌ ပလတ်စတစ်အိတ်သုံးစွဲခွန် စတင်ကောက်ခံ

အိုင်ယာလန်နိုင်ငံတောင်ပိုင်းတွင် ပလတ်စတစ်အိတ် သုံးစွဲမှုများအတွက် အခွန်စတင်ကောက်ခံမည့် စည်းမျဉ်းဥပဒေတစ်ခုကို စတင်ထုတ်ပြန်လိုက်ပြီဖြစ်သည်။ ယင်းဥပဒေအရ ပလတ်စတစ်အိတ်အသစ်တစ်လုံးကို စတင်သုံးစွဲသူများသည် အနည်းဆုံးဗြိတိန်ငွေ ငါးပဲနိထက်မနည်း အခွန်ငွေအဖြစ်ပေးဆောင်ရမည်ဖြစ်ပြီး ယင်းဥပဒေကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှ အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

....

အမျှင်ဓာတ်စားသုံးခြင်းက လေသင်တုန်းဖြတ်ခြင်းကို လျော့ကျစေဖွယ်ရှိ

တစ်ရက်လျှင် အမျှင်ဓာတ် (Fiber) ပမာဏ ခုနစ် ဂရမ်ခန့် စားသုံးပေးပါက လေသင်တုန်းဖြတ်နိုင်ခြေကို ခုနစ်ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသီများက မေ ၇ ရက်က ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အမျှင်ဓာတ်ပါဝင်သော အစားအစာများ စားသုံးခြင်းကြောင့် သွေးပေါင်ချိန်မြင့်တက်မှု၊ ကိုယ်အလေးချိန်မြင့်တက်မှုများကို လျှော့ချပေးနိုင်သလို လေသင်တုန်းဖြတ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း အင်္ဂလန်ရှိ လိဒ်အစားအစာနှင့် အာဟာရသိပ္ပံမှ အဆိုပါ သုတေသီများက ဆိုသည်။

✳ **ဒေသဖွံ့ဖြိုးရေးအတွက်မှ**

ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရန် အလို့ငှာ တစ်ဦးချင်းပင်ကို အသိစိတ်ဓာတ်ဖြင့် လက်တွဲပါဝင်ကူညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များရှိလာပါက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ဝိုင်းဝန်းအကြံပြု တင်ပြကြရန်ဖြစ်ကြောင်းနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာ ဆောင်ရွက်ကျင့်သုံးနေထိုင်သွားကြရန် ဖြစ်ကြောင်းဖြင့် လေးလေးနက်နက် မှာကြားသည်။

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်ဆောင်ရွက်ရာတွင် အခြေခံကျသည့် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ဘက်စုံကဏ္ဍစုံကိစ္စရပ်များ၊ မြေယာလျော်ကြေးငွေပေးအပ်ရေး၊ မြေယာအငြင်းပွားမှုဆိုင်ရာများအပေါ် ကူညီဖြေရှင်းပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အကျယ်တဝင့် အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က အနာဂတ်အစီအမံများ၊ ဒေသနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အရ ဒေသဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သင့်သည့် မွေးမြူရေးဆိုင်ရာ ဗဟုသုတများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကော်မတီတွဲဖက်အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်က တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပြည်သူများ၏ ရပိုင်ခွင့်နှင့် တာဝန်ရှိမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရပ်ကွက်ကျေးရွာဥပဒေများအပေါ် လိုက်နာကျင့်သုံး ဆောင်ရွက်ရန်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယင်းနောက် လက်ပံတောင်း တောင်ကြေးနီစီမံကိန်း နယ်မြေအတွင်းရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက မိမိတို့ ရပ်ရွာဒေသအလိုက် လိုအပ်ချက်များဖြစ်သည့် သောက်သုံးရေအခက်အခဲ၊ စာကြည့်တိုက်၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းများထားရှိပေးရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်စေရေး၊ ကျေးရွာအလိုက် မီးသတ်ကားများရရှိစေရေးနှင့် သတ်မှတ်နေရာအလိုက် ကျေးရွာသုသာန်မြေနေရာများ သတ်မှတ်ထားရှိပေးရေးကိစ္စရပ်များအား အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့က ကြေးနီစီမံကိန်း နယ်မြေအတွင်းရှိ ဖောင်းကတာ၊ ညောင်ပင်ကြီး၊ ဖောင်းကားမြောက်၊ ကံကုန်း၊ လက်ပန်တောင်နှင့် တုံ့ရွာများမှ အခြေခံပညာ ကျောင်းများသို့ ဆမ်ဆောင်းအမျိုးအစား (၂၀) လက်မရောင်စုံ ရုပ်မြင်သံကြားစက်များ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက မြန်မာဝမ်ပေါင်နှင့် မြန်မာယန်စီကြေးနီကုမ္ပဏီလီမိတက်ကိုယ်စား စီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာ ၃၀ မှ စာကြည့်တိုက်များအတွက် စာအုပ်မျိုးစုံနှင့် ပရိဘောဂများ စုစုပေါင်း ငွေကျပ် ၁၉၅ သိန်းဖိုး ထောက်ပံ့ပေးအပ်ရာ မိုးကြိုးပြင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်က လက်ခံသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ရင်းနှီးဖော်ရွေစွာ တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားလာစေရန် စွမ်းဆောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူလူထုက ယုံကြည်အားကိုးစွာဖြင့် ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ဒေသခံပြည်သူများ အနေဖြင့် တည်ဆဲဥပဒေများကို ထိန်းသိမ်းလေးစားလိုက်နာ နေထိုင်သွားကြရန် လိုအပ်သကဲ့သို့ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ပေးမည့် မိမိတို့ကော်မတီအနေဖြင့် ပြည်သူများ မနစ်နာစေရန် အစွမ်းကုန် ကြိုးစားကာကွယ်စောင့်ရှောက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများပူးပေါင်းဆောင်ရွက်မှု အားကောင်းလာမှသာ ဒေသဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့အတွက် ပြည်သူများကပါ ဥပဒေဘောင်အတွင်းမှ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာဝမ်ပေါင်ကြေးနီကုမ္ပဏီလီမိတက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်တင့်က စီမံကိန်းနယ်မြေအတွင်း ကျေးရွာသစ်လေးရွာ၏ အိမ်ပြုပြင်ရန် တောင်းဆိုချက်များအပေါ် ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် တင်ပြတောင်းဆိုချက်များအပေါ် လုပ်ကိုင်ဆောင်ရွက်ပြီးစီးမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သာသနိကအဆောက်အအုံများ ပြောင်းရွှေ့ပေးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအပေါ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ သမိုင်းဝင်ဖိုလ်ဝင်တောင်ဘုရားသို့ ရောက်ရှိကြပြီး ပုပ္ပားကျောင်းဆရာတော် ဦးသုမနအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများအား ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀–၅–၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၇း၀၃	တရားတော်
၇း၁၆	ဓမ္မပူဇာတေး
၇း၅၅	မြန်မာသကြံန်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၄း၁၅	လျှပ်တစ်ပြက်
၄း၂၅	အမျိုးသားရေးတေးကဗျာ
၄း၃၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅	ရွှေဟောင်းသုတ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင်ပေါင်ချိန် (အပိုင်း-၂၄)

စင်ကာပူ May 1, 8
ကမ္ဘောဒီးယား May 1, 8
ဟောင်ကောင် မကာအို ကွမ်ကျို့ May 2, 7
ကမ္ဘောဒီးယား ဗီယက်နမ် May 1, 8
ဗီယက်နမ် May 1, 8
ထိုင်းကောက် ပတ္တရား အယုဒ္ဓယ May 1, 8
First Choice Travel & Tour
09-4210 69966, 09-517 1301, 09-730 59081

ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
ရန်ကုန်အရောင်းခန်းမ
Ph:01-545531,01-8603141, 09-5008161
နေပြည်တော်အရောင်းခန်းမ
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ
Ph:02-73191, 09-5140655, 09-402571300

ဆေးပညာသတင်းဆန်းများ (၄၀)

| ဒေါက်တာကံညွန့် |

၂၀၁၂ ခုနှစ် ဇွန်လဆန်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကင်ဆာရောဂါသုတေသနအေဂျင်စီ WHO International Agency for Research on Cancer က အစီရင်ခံစာတစ်စောင် ထွက်လာပါတယ်။ ဒီအဖွဲ့ကြီးဟာ ပြင်သစ်နိုင်ငံ Lyon မြို့မှာ အခြေစိုက်တာပါ။ ဒီအစီရင်ခံစာအရ ၂၀၃၀ ခုနှစ်မှာ ကမ္ဘာတစ်ဝန်း ကင်ဆာရောဂါဖြစ်နှုန်း ၇၅ ရာခိုင်နှုန်းတက်လာမယ်လို့ ခန့်မှန်းထားပါတယ်။ လူတွေရဲ့ အစားအသောက်၊ အနေအထိုင်၊ ကိုယ်လက်လှုပ်ရှားမှုနှင့် မှုမမှန်တဲ့ လူနေမှုစနစ်တို့နဲ့ ယှဉ်တွဲဖြစ်ပေါ်နေတဲ့ ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အူမကြီးကင်ဆာတွေကတော့ ပုံမှန်အတိုင်း တိုးနေမှာ ဖြစ်တယ်။ နောက်ပြီး တိုးတက်ပြီး ချမ်းသာတဲ့ နိုင်ငံ၊ တိုးတက်စနိုင်ငံနှင့် ဆင်းရဲတဲ့နိုင်ငံတွေမှာ တိုးပြီးဖြစ်ပေါ်လာနိုင်တဲ့ ကင်ဆာအမျိုးအစားတွေကို ခွဲခြားပြထားပါတယ်။ တိုးတက်ပြီးချမ်းသာနေတဲ့ ဗြိတိန်၊ ဩစတြေးလျ၊ အမေရိကန်၊ ဘရာဇီးစတဲ့နိုင်ငံတွေမှာတော့ ကူးစက်ရောဂါနှင့် ဆက်နွှယ်ပြီး ဖြစ်တတ်တဲ့ သားအိမ်ခေါင်းကင်ဆာ၊ အသည်းကင်ဆာ၊ အစာအိမ်ကင်ဆာနှင့် Kaposi Sarcoma ခေါ်တဲ့ အရေပြားကင်ဆာမျိုးတွေက လျော့သွားပြီး ဆေးလိပ်၊ အရက်၊ အဝလွန်မှုတို့နှင့် ဆက်နွှယ်ပြီး ဖြစ်တတ်တဲ့ အဆုတ်ကင်ဆာ၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာတွေကတော့ ပိုဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ ဆင်းရဲတဲ့နိုင်ငံတွေမှာတော့ ခုနကပြောခဲ့တဲ့ Infection နှင့် ဆက်နွှယ်ပြီးဖြစ်တတ်တဲ့ သားအိမ်ခေါင်းကင်ဆာ၊ အသည်းကင်ဆာနှင့် အစာအိမ်ကင်ဆာတို့ များလာလိမ့်မယ်လို့ဆိုပါတယ်။ အိန္ဒိယ၊ တရုတ်၊ တချို့ဥရောပနိုင်ငံတွေနှင့် အင်ဒိုနီးရှား၊ မလေးရှားလို နိုင်ငံတွေမှာတော့ ဒီအုပ်စုနှစ်မျိုးလုံး တက်လာပြီး စုစုပေါင်း ၇၈ ရာခိုင်နှုန်းလောက် မြင့်လာနိုင်တယ်လို့ ဆိုပါတယ်။ ဒီအစီရင်ခံစာကိုတော့ Lancet Oncology Journal မှာ ဖော်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကလည်း ကင်ဆာနဲ့ပဲ ပတ်သက်နေပါတယ်။ ဒါကတော့ အစာအိမ်ကင်ဆာကိုဖြစ်ပေါ်စေတဲ့ Gene ကို ရှာတွေ့ပြီဆိုတဲ့ ကြေညာချက်ပါပဲ။ စောစောပိုင်းက အစာအိမ်ကင်ဆာနှင့် ပတ်သက်တဲ့ Gene ကို တိတိကျကျ ရှာမတွေ့ခဲ့ကြလို့ အစာအိမ်ကင်ဆာ ကုသမှုပိုင်း မထိမရောက်ဖြစ်ခဲ့ရတာပါ။ အစာအိမ်ကင်ဆာဟာ ဒုတိယမြောက် လူအသေရဆုံးကင်ဆာဖြစ်ပြီး ကမ္ဘာတစ်လွှား တစ်နှစ်မှာ လူပေါင်း ခုနစ်သိန်းကျော် အသက်ဆုံးရှုံးနေရတာပါ။ အခုတွေ့ရှိချက်ကိုတော့ စင်ကာပူအမျိုးသားကင်ဆာဌာနနှင့် Duke University Medical Centre မှ သုတေသီတို့က ပူးပေါင်းတွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၎င်းတို့ တွေ့ရှိချက်အရ အစာအိမ်ကင်ဆာနှင့် ဆက်နွှယ်နေတဲ့ Gene ပေါင်း ၆၀၀ ခန့်ကို တွေ့ရှိခဲ့ရပြီး ယင်းအထဲက FAT 4 နှင့် ARIDIA လို့ အမည်ပေးထားတဲ့ Gene နှစ်မျိုးက ကင်ဆာရောဂါရှင် ငါးရာခိုင်နှုန်းနှင့် ရှစ်ရာခိုင်နှုန်းလောက်မှာ ပြောင်းလဲမှုရှိနေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် အစာအိမ်ကင်ဆာရောဂါကို ယခုထက် ပိုမိုထိရောက်အောင်ကုသနိုင်ဖို့ မဝေးတော့ဘူးလို့ မျှော်လင့်ကြောင်း စင်ကာပူနိုင်ငံမှ သုတေသနပညာရှင် Dr.Patick Tan ရဲ့ ပြောကြားချက်ကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကလည်း ကင်ဆာရောဂါနဲ့ပဲ ပတ်သက်ပါတယ်။ ဒါကတော့ အမေရိကန်နိုင်ငံ Boston University Medical Centre မှ ကင်ဆာရောဂါနဲ့ပတ်သက်တဲ့ လေ့လာချက်တစ်ခုပါ။ ၎င်းတို့တွေ့ရှိချက်အရ ကင်ဆာရောဂါအားလုံးရဲ့ ၁၉ ဒသမ ၄ ရာခိုင်နှုန်းဟာ ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်ရပြီး လေးရာခိုင်နှုန်းကတော့ အရက်သေစာသောက်သုံးခြင်းကြောင့် ဖြစ်ရတယ်လို့ ဆိုပါတယ်။ ကျန်တဲ့ ကင်ဆာအများစုကတော့ စားသောက်မှုပုံစံချို့ယွင်းမှုကြောင့်လို့ ထောက်ပြထားပါတယ်။ အသီးအနှံ၊ ဟင်းသီးဟင်းရွက်၊ အမျှင်ဓာတ်ပါတဲ့ အစားစားသောက်မှု နည်းပါးခြင်း၊ ဆားနှင့် အသားများများ စားသုံးခြင်း၊ အဝလွန်ခြင်းတို့ကြောင့် ဖြစ်ရတာလို့ ထောက်ပြထားပါတယ်။ Genetic ခေါ် မျိုးရိုးဗီဇကြောင့် ဖြစ်ရတဲ့ ကင်ဆာဟာ နည်းပါးတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ငယ်စဉ်ကပင် ဆေးလိပ်၊ အရက်မသောက်ဘဲ၊ အသီးအနှံ၊ ဟင်းသီးဟင်းရွက်၊ အသားငါးတို့ကို မျှတစွာ စားသောက်ခြင်းဟာ လူ့ကျန်းမာရေးအတွက် အထူးအရေးကြီးကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ အူမကြီးကင်ဆာနဲ့ အူလမ်းကြောင်း အောက်ပိုင်းတွေမှာဖြစ်တဲ့ ကင်ဆာရောဂါများဟာ E-Coli ခေါ်တဲ့ Bacteria တစ်မျိုးနှင့် ဆက်စပ်နေတယ်ဆိုတဲ့ လေ့လာချက်တစ်ခုအကြောင်းပါ။ E-Coli ဆိုတဲ့ပိုးဟာ သာမန်လူတွေမှာလည်း လူငါးယောက်မှာ တစ်ယောက်လောက် ရှိနေတတ်တဲ့ပိုးပါ။ ဒါပေမယ့် ဒီပိုးဟာ အူမကြီးကင်ဆာဖြစ်နေတဲ့ လူ ၂၁ ဦးကို စမ်းသပ်ကြည့်တဲ့အခါ သုံးပုံနှစ်ပုံလောက်မှာရှိနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဒီပိုးမှာပါတဲ့ PKS လို့ အမည်ပေးထားတဲ့ Gene ဟာ အူမကြီးနံရံက Cells တွေရဲ့ DNA ကို ပျက်စီးစေတာကြောင့် ကင်ဆာဖြစ်ရတယ်လို့ ဆိုပါတယ်။ သူတို့ဟာ ကြွက်တွေရဲ့ အူလမ်းကြောင်းကို E-Coli ပိုးတွေထည့်ပြီး စမ်းသပ်ကြည့်တဲ့အခါ ကင်ဆာပုံစံပြောင်းလဲမှုတွေ တွေ့ရတယ်။ ဒါကြောင့် E-Coli ပိုးဟာ နဂိုက ထင်ထားတာထက် အူမကြီးနဲ့ အူလမ်းကြောင်းကင်ဆာတွေကို ဖြစ်စေနိုင်တယ်ဆိုတာ ပိုသေချာနေပြီဆိုတဲ့အကြောင်း ယူကေနိုင်ငံ Liverpool University မှ ဆေးပညာရှင်တစ်စုရဲ့ လေ့လာချက်ကို တင်ပြလိုက်ရပါတယ်။

> ❛ Tattoo ခေါ်တဲ့ ကိုယ်ခန္ဓာပေါ်မှာ ဆေးမင်ကြောင်ထိုးတာဟာ AIDS ရောဂါအပြင် Hepatitic B ပိုး၊ C ပိုး ကူးစက်ဖို့ အလားအလာများစွာရှိတယ် ❜

Gene လေ့လာလိုသူတွေအတွက် ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ အူမကြီးကင်ဆာ(Colon Cancer) နှင့် မစင်အိမ်ကင်ဆာ (Rectal Cancer) တို့ကို ဖြစ်စေတဲ့ Gene ဟာ အတူတူပဲဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီရောဂါနှစ်မျိုးလုံးကို ဖြစ်စေတဲ့ Gene ၂၄ မျိုးရှိနေပြီး ဒီအထဲက ကင်ဆာ Cells တွေကို ပွားများစေခဲ့တာကတော့ ERBB2 နှင့် IGF2 ခေါ်တဲ့ Gene နှစ်မျိုးကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ US National Institute of Health မှ ဆေးပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ကြတာဖြစ်ပါတယ်။ ၎င်းတို့ဟာ Colorectal Cancer ဖြစ်နေသူ လူနာ ၂၂၄ ဦးကိုလေ့လာပြီး ယခုလို တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့အဆိုအရ ၂၀၀၈ ခုနှစ်အတွင်း တစ်နှစ်မှာ ယင်းကင်ဆာမျိုးခံစားနေရသူ ခြောက်သိန်းရှစ်ထောင်ခန့်ရှိပြီး ဒီကင်ဆာမျိုးဟာ လူတွေမှာ စတုတ္ထမြောက် အများဆုံးဖြစ်တဲ့ ကင်ဆာလို့ သိရပါတယ်။ ယခုတွေ့ရှိချက်ဟာ ဒီကင်ဆာတွေအတွက် ကုထုံးဖော်ထုတ်ရာမှာ အထူးအထောက်အကူပြုနိုင်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဦးနှောက်ခွဲစိတ်ရာမှာ အထူးလိုအပ်တဲ့ ကိရိယာတစ်ခုကို အသုံးပြုဖို့ US FDA အဖွဲ့ကြီးက ခွင့်ပြုလိုက်ပြီဆိုတဲ့ သတင်းပါ။ ဒီကိရိယာကတော့ Excimer Laser Assisted Non-Oclusive Anastomosis (အတိုကောက် ELANA) ခေါ်တဲ့ စက်ကလေးပါ။ ဒီစက်ကို ဦးနှောက်သွေးကြောကျယ်နေတဲ့ရောဂါ (Aneurym) သွေးကြောကျောက်တည်ခြင်း (Artery Calcificate Tumour) ခေါ် အကျိတ်အခဲတို့ကို ခွဲစိတ်ကုသရာမှာ ဦးနှောက်ထဲက ကျန်တဲ့နေရာတွေကို ပုံမှန်သွေးလည်ပတ်မှုရှိအောင် ထိန်းနိုင်တဲ့စက်ဖြစ်ပါတယ်။ ဒီလိုဦးနှောက်ရဲ့သွေးကြောဖြတ်လမ်းခွဲစိတ်မှု (Brain Bypass Surgery) တစ်နှစ်မှာ အနည်းဆုံး ၁၀၀၀ အပါအဝင် အခြားဦးနှောက်ခွဲစိတ်မှု ၄၀၀၀ လောက် အမေရိကန်တစ်နိုင်ငံတည်းမှာ ပြုလုပ်နေရတာဖြစ်ပါတယ်။ ဒီစက်ပေါ်လာတဲ့အတွက် ဦးနှောက်ခွဲစိတ်ရာမှာ ဘေးမသီရန်မခ ဆောင်ရွက်နိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။ ဆေးသိပ္ပံပညာမှာ Stem Cell အစားထိုးကုသမှုဟာ အထူးတိုးတက်အောင်မြင်လာခဲ့ပါတယ်။ ဦးနှောက်၊ အမေ့လွန်ရောဂါ၊ ခြေတုန်လက်တုန်ရောဂါ၊ မျက်စိရောဂါ၊ ဆီးချိုရောဂါ၊ တချို့ကင်ဆာရောဂါနဲ့ နှလုံးရောဂါတွေမှာ ကုသနေကြပါပြီ။ ယခုအခါ နားလေးတဲ့ ရောဂါကိုလည်း ကုသနိုင်ဖို့ မျှော်လင့်ချက်ရှိပြီဆိုတဲ့သတင်းပါ။ ယခင်က လုပ်နေတဲ့ Cochlea Implnat နည်းဟာ တချို့လူတွေသာ ကုသနိုင်ပြီး နားအာရုံကြော ချို့ယွင်းနေတာကို မကုသနိုင်တဲ့အတွက် ၎င်းကြောင့်ဖြစ်ရတဲ့ နားလေးသူအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့်ဟာ ကုလို့မရနိုင်ဖြစ်နေခဲ့ရပါတယ်။ အခု လူသန္ဓေသားထဲက Embryoinc Stem Cells ကို အစားထိုးကုသခဲ့တဲ့ နားလေးနေတဲ့ Gerbil (ခေါ်) ကြွက်နဲ့တူတဲ့ အကောင်မျိုး ၁၈ ကောင်မှာ အားလုံးဟာ နား ပြန်ကြားနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီစမ်းသပ်မှုကိုတော့ ဗြိတိန်နိုင်ငံ Sheffield ဆေးတက္ကသိုလ်က ဆရာဝန်တစ်စုက စမ်းသပ်တွေ့ရှိခဲ့တာဖြစ်ပြီး မကြာခင်မှာ လူတွေကိုစမ်းသပ်ပြီး ကုထုံးတစ်ခုအဖြစ် ပေါ်ထွက်လာနိုင်မယ်လို့ မျှော်လင့်ကြောင်း ဒီစမ်းသပ်မှုကို ဦးဆောင်ခဲ့သူ Dr. Rivolta က ပြောကြားလိုက်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းကတော့ ကိုယ်ဝန်ဆောင်မိခင်တွေဟာ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်ရင် ကလေးမှာ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေပိုရှိတယ်ဆိုတဲ့သတင်းပါ။ အထူးသဖြင့် ကိုယ်ဝန် ပထမသုံးလမှာ ဆေးလိပ်သောက်သူ မိခင်တွေရဲ့ကလေးတွေဟာ ပိုဖြစ်နိုင်ခြေရှိတယ်လို့ ဆိုပါတယ်။ ဒါဟာ ယခင်က တွေ့ရှိထားတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေမှာ ဖြစ်ပေါ်တတ်တဲ့ ကလေးလမစေ့ဘဲ မွေးဖွားသူ၊ ကိုယ်ဝန် ပျက်ကျမှု၊ ပေါင်ချိန်မပြည့်တဲ့ ကလေးမွေးမှု၊ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုတို့အပြင် နောက်ထပ်တွေ့ရှိလာတဲ့ အချက်ပါ။ ဒီတွေ့ရှိချက်ကိုတော့ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ Karolinska ဆေးကောလိပ်က ဆေးပညာရှင်တစ်စုက တွေ့ရှိခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်မွေးလာမယ့်ကလေး ကျန်းမာသန်စွမ်းစွာ မွေးလာစေချင်ကြရင်တော့ ဆေးလိပ်ဖြတ်လိုက်ကြတာ အကောင်းဆုံးပဲဆိုတာ တင်ပြလိုက်ရပါတယ်။

အခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Tattoo ခေါ်တဲ့ ကိုယ်ခန္ဓာပေါ်မှာ ဆေးမင်ကြောင်ထိုးတာဟာ AIDS ရောဂါအပြင် Hepatitic B ပိုး၊ C ပိုး ကူးစက်ဖို့ အလားအလာများစွာရှိတယ်ဆိုတဲ့အကြောင်း Australlia နိုင်ငံ ကျန်းမာရေးဌာနက သူတို့နိုင်ငံသားတွေကို သတိပေးထားတဲ့ သတင်းပါ။ ဒီသတင်းကတော့ Australlia အနောက်ပိုင်းက နိုင်ငံသားတစ်ယောက်ဟာ ဘာလီကျွန်းကပြန်လာပြီး HIV ပိုးရှိနေတာကိုတွေ့ရပြီး အခုလိုသတိပေးလိုက်တာ ဖြစ်ပါတယ်။ သူဟာ ဘာလီကျွန်းမှာရှိစဉ် Tattoo ထိုးခဲ့ပြီး တခြားလိင်မှုဆက်ဆံခဲ့ခြင်းမရှိဘူးလို့ဆိုပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းဟာ လာရောက်အပန်းဖြေသူတွေထဲက Tattoo ထိုးလိုသူတွေကို အများအပြားထိုးပေးနေတာပါ။ အင်ဒိုနီးရှားကျန်းမာရေးဌာနကလည်း ဘာလီကျွန်းက လိင်ဖြေဖျော်သူတွေရဲ့ လေးယောက်မှာ တစ်ယောက်နှုန်းဟာ HIV ပိုးကူးစက်နေပြီး ယခုနှစ်မှာဆိုရင် ယမန်နှစ်ကထက် HIV ပိုးရှိသူ ၁၉ ရာခိုင်နှုန်းပိုများလာတယ်လို့ သတိပေးထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ မီးလောင်ခြင်း၊ ရေနွေးပူလောင်ခြင်းတို့ကြောင့် အရေပြားပေါ်မှာ အမာရွတ်ကြီးတွေပေါ်နေတာကို မပေါ်အောင် လုပ်နိုင်မယ့် Hydrogel တစ်ခုကို စမ်းသပ်တွေ့ရှိခဲ့ပြီလို့ အမေရိကန်နိုင်ငံ John Hopkin ဆေးတက္ကသိုလ်က ဆေးပညာရှင်၊ သိပ္ပံပညာရှင်၊ ဆေးအင်ဂျင်နီယာပညာရှင် တစ်စုက ကြေညာလိုက်ပါတယ်။ ၎င်းတို့ဟာ 3D Framework of Polymers နှင့် ရောစပ်ပြုလုပ်ထားတဲ့ Hydrogel ကို ကြွက်တွေမှာ စမ်းသပ်ကြည့်လိုက်တဲ့အခါ အရေပြားက အနာပေါ်မှာ သွေးကြော၊ အမွေးကျိတ်(Hair Follicle)၊ အဆီကျိတ်(Fat Follicle) အားလုံးပါဝင်တဲ့ အရေပြားပုံစံတစ်ခုဟာ အနာပေါ်မှာ ဖုံးအုပ်သွားပြီး အနာရွတ်မပေါ်ဘဲ အနာကျက်တာကို အောင်မြင်စွာတွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီတွေ့ရှိချက်ဟာ ထိခိုက်ဒဏ်ရာအမျိုးမျိုးရတဲ့ အလုပ်သမားတွေ၊ မီးသတ်ရဲဘော်တွေ၊ ရေနွေးပူလောင်၊ မီးလောင်ဒဏ်ရာရသူတွေအတွက် ဝမ်းသာစရာသတင်းအဖြစ် ဖော်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

အဖျက်မီးရန် စည်တွန်းလှန်
မြန်ပြည်အေးချမ်းမည်
လုပ်သားပြည်သူ ဝိုင်းဝန်းကူ
ရန်သူမီးဘေးစဉ်ကင်းဝေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျာမန်ပါလီမန်ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

ရန်ကုန်　မေ　၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျာမန်ပါလီမန် ဒုတိယဥက္ကဋ္ဌ H.E.Dr.hc Wolfgang Thierse ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်(ရန်ကုန်ရုံးခွဲ)၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် လွှတ်တော်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် လွှတ်တော်ရေးရာကိစ္စရပ်များဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ လွှတ်တော်ကော်မတီများမှ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❖ သင်္ကြန်ကာလအတွင်းမှ

စောင့်စားရမှုများလည်း သက်သာသွားနိုင်သောကြောင့် တံတားဖွင့်လှစ်ခြင်းကို လှိုက်လှိုက်လှဲလှဲကြိုဆိုကြောင်း တက္ကစီယာဉ်မောင်းများ၊ မြို့တွင်းယာဉ်မောင်းများ၏ ပြောကြားချက်အရ သိရသည်။

တံတားအား မေ ၁၀ ရက်နေ့တွင် ဖွင့်လှစ်မည်ဟု ကြားသိရသော အများပြည်သူများနှင့် ဝန်ထမ်းများက အလုပ်အသွား/အပြန်အချိန်အနည်းငယ်လျော့နည်းသက်သာသွားသောကြောင့် စိတ်ချမ်းမြေ့ဖွယ်ရာဖြစ်ရကြောင်း သိရသည်။

လှည်းတန်းခုံးကျော်တံတားစီမံကိန်းအား နိုင်ငံတော်မှ ခန့်မှန်းခြေ ၁၄ ဒသမ ၄၈၇ ဘီလီယံအကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ တာဝန်ယူကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခန္ဓာကိုယ်အပေါ် ပိုင်းဗလာကျင်းထားသည့် အမျိုးသမီးများ၏ ဆန္ဒပြခြင်းခံခဲ့ရသည့် ရုရှားသမ္မတ ဗလာဒီမာပူတင်

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် မေ ၈ ရက်က ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ စက်မှုကုန်စည်ပြပွဲသို့ ရောက်ရှိလာစဉ် ခန္ဓာကိုယ်အပေါ်ပိုင်းဗလာကျင်းထားသည့် အမျိုးသမီးသုံးဦး၏ ဆန္ဒပြကန့်ကွက်ခြင်းခံခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ပူတင်နှင့် ဂျာမန်အဓိပတိ အိန်ဂျလာမာကယ်တို့သည် ဗောက်စ်ဝက်ဂွန်းမော်တော်ကားပြခန်းအနီး ရပ်နေစဉ် Femen အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများအဖွဲ့မှ အဖွဲ့ဝင်အမျိုးသမီးတစ်ဦးသည် အဝတ်အစားမဲ့သော ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ပူတင်အားရည်ညွှန်းသည့်"အာဏာရှင်"ဟူသော စကားလုံးရေးထိုးထားပြီး ပူတင်အနီးသို့ ပြေးဝင်လာကာ ပူတင်ကိုဆန့်ကျင်သည့် စကားလုံးများဖြင့် အော်ဟစ်ခဲ့ရာ လုံခြုံရေးဝန်ထမ်းများက ခပ်ကြမ်းကြမ်းတုံ့ပြန်ကာ ဆွဲထုတ်သွားခဲ့ရသည်။**(အပေါ်ပုံ)**

ဆန္ဒပြသူ အမျိုးသမီးများမှာ

ဘာသာပြန် ➤ အေဝမ်းစိုး

ယူကရိန်းနိုင်ငံ Femen အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများအဖွဲ့မှ ဖြစ်ပြီး ၎င်းတို့က ယောကျ်ားများနှင့် တန်းတူအခွင့်အရေးရလိုသည့် အမျိုးသမီးဝါဒကိုထောက်ခံအားပေးသော ပန့်ခ် တေးဂီတအဖွဲ့ Pussy Riot ရုရှားနိုင်ငံတွင် ထိန်းသိမ်းခံရမှုနှင့်ပတ်သက်၍ ဥရောပတစ်ခွင်တွင် ဆန္ဒပြပွဲများ ပြုလုပ်နေသည့်အဖွဲ့ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပူတင်က မာကယ်နှင့်အတူ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် "ကျွန်တော်တော့ ဒီလိုလှုပ်ရှားမှုမျိုးနဲ့ ကြုံတွေ့ရတာကြိုက်သဗျာ။ မာကယ် ခင်ဗျားလည်း ခင်ဗျားရဲ့ကုန်စည်ပြပွဲကို ပိုပြီးလူသိများအောင် ထောက်ပံ့ကူညီခဲ့တဲ့ ဒီယူကရိန်းမလေးတွေကို ကျေးဇူးတင်သင့်တယ်ဗျ"ဟု ဟာသနှော၍ ပြောကြားသွားသည်။

မလှိုင်မြို့ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ထူးချွန်သူများအား ဆုချီးမြှင့်

မလှိုင်　မေ　၉

ကလေးသူငယ်များ အကျင့်စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်စေရေးအတွက် မလှိုင်မြို့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား မေ ၃ ရက်တွင် ဆုချီးမြှင့်ခဲ့သည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂၀ ရက်အထိ ကြာမြင့်ပြီး မလှိုင်မြို့နယ် အခြေခံပညာမူလတန်းကျောင်း ၁၈၅ ကျောင်းမှ စတုတ္ထတန်း၊ တတိယတန်းနှင့် ဒုတိယတန်း ကျောင်းသား ကျောင်းသူ ၇၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ကျောင်း ၁၀ ကျောင်းလျှင် တစ်အုပ်စုသတ်မှတ်၍ ယဉ်ကျေးမှုစာမေးပွဲကျင်းပဖြေဆိုစေခဲ့ရာ ထိုစာမေးပွဲများမှ ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ကျောင်းသား ကျောင်းသူ ၅၄ ဦးကို မြို့နယ်အဆင့် စာမေးပွဲအဖြစ် လေးမျက်နှာပရိယတ္တိစာသင်တိုက်တွင် ကျင်းပခဲ့သည်။

မြို့နယ်အဆင့်စာမေးပွဲတွင် ထူးချွန်စွာဖြေဆိုနိုင်သူများကို ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသောင်း၊ အဆင့်လေးမှ ၁၀ အထိ ၁၇ ဦးကို တစ်ဦးငွေကျပ်နှစ်သောင်း၊ ကျန် ၄၃ ဦးကို အထူးဆုကျပ်ငါးထောင်စီ ချီးမြှင့်ခဲ့သည်။ ယင်းအပြင် နားရက်မခံစားဘဲ စေတနာဖြင့်သင်ကြားပေးကြသော ပညာရေးဌာနမှ ဆရာ ဆရာမများကို ပထမဆုရသူ၏ ဆရာအား ငွေကျပ်ငါးသောင်း၊ ဒုတိယဆုရသူ၏ ဆရာအား ငွေကျပ်သုံးသောင်း၊ တတိယဆုရသူ၏ ဆရာအား ငွေကျပ်နှစ်သောင်း၊ အဆင့်လေးမှ ၁၀ အထိ ရသူများ၏ ဆရာများအား ငွေကျပ် ငါးထောင်စီ ချီးမြှင့်ခဲ့သည်။

ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများကို ၂၀၀၇ ခုနှစ်မှစ၍ နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုနှစ်သည် သတ္တမအကြိမ်ဖြစ်ကြောင်း အသင်းအမှုဆောင်ဥက္ကဋ္ဌ ဦးမောင်မောင်တင်က ပြောကြားသည်။ **(ကြေးမုံ)**

သဲမြေကျုံးရာမှ ကျည်မျိုးစုံနှင့် ခွင်းပုံးများတွေ့

ပခုက္ကူ မေ ၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၃)ရပ်ကွက် ရွှေမြင်တင်လမ်းအရှေ့ဘက်ရှိ ချောင်းဖျားအစပ်တွင် မေ ၇ ရက် ညနေ ၆ နာရီခန့်က သဲများကျုံးယူရာမှ ဂုန်နီအိတ်ဖြင့် ထည့်ထုပ်ထားသော ကျည်မျိုးစုံ ၆၁၆ တောင့်နှင့် ခွင်းပုံးငါးလုံးတွေ့ရှိ၍ သက်ဆိုင်ရာသို့ အပ်နှံလိုက်ကြောင်း သိရသည်။**(ယာပုံ)**

ဖြစ်စဉ်မှာ ပခုက္ကူမြို့ အမှတ်(၃) ရပ်ကွက်နေ မအေးအေးနွယ်(၃၀) နှစ်သည် မေ ၇ ရက် ညနေပိုင်းက ရွှေမြင်တင်လမ်းအရှေ့ဘက် ချောင်းဖျားအစပ်တွင် သဲများသွားရောက်ကျုံးယူစဉ် သဲမြေကြီးအတွင်းမှ ဂုန်နီအိတ်ဖြင့်ထည့်လျက် မသင်္ကာဖွယ်အထုပ်တစ်ထုပ်တွေ့ရှိ၍ မအေးအေးနွယ်က အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားခဲ့ပြီး အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

၎င်းသတင်းရလျှင်ရချင်း ခေတ္တစခန်းမှူးဒုရဲအုပ်ဌေးဝင်းနှင့် အဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သွားရောက်စစ်ဆေးရာ ဂုန်နီအိတ်အတွင်းမှ ၉ မမ ကျည် ၁၈၆ တောင့်၊ ဂျီ ၃ကျည် ၁၅၄ တောင့်၊ ကာဘိုင်ကျည် ၂၇၆ တောင့်၊ ၃၆ ခွင်းပုံး တစ်လုံး၊ ၉၁ မမ ခွင်းပုံးလေးလုံး (အသုံးပြုမရဘဲ သံချေးတက်လျက်)တို့အား တွေ့ရှိသဖြင့် အမှတ်(၉၀၉)စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းခွဲ(၃)မှ ဗိုလ်ကျော်စည်သူ(ကြည်း ၆၀၁၀၉)ထံသို့ ည ၇ နာရီ ၄၅ မိနစ်တွင် တာဝန်မှူး ဒုတိယရဲအုပ် ကျော်ဇင်ဦးက လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။ **(၅၇၁)**

ပြည်တွင်းအတိုအထွာ ဖတ်စရာ

ရခိုင်ပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော်　မေ　၉

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို မေ ၈ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများတင်သွင်းခြင်း၊ အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငွေငန်းမြို့မအဖွဲ့သားများ ဖျော်ဖြေမည်

မန္တလေး　မေ　၉

မြို့မတေးဂီတအဖွဲ့မှ ဖျော်ဖြေရေးယာဉ် (ငွေငန်းယာဉ်)နှင့် မြို့မအဖွဲ့သားများ ယခုနှစ်သင်္ကြန်တွင် သီဆိုဖျော်ဖြေရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

မြို့မအသင်းသူ အသင်းသားများသည် မေ ၁၂ ရက်တွင် မြို့မအသင်းနာယကကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့ နံနက် ၈ နာရီတွင် မဟာမုနိဘုရားကြီးအား ဦးခိုက်ပူဇော်ရန် အသင်းတိုက်မှ စတင်ထွက်ခွာပြီး လမ်းတစ်လျှောက်တွင် သီဆိုဖျော်ဖြေမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ညနေ ၄ နာရီတွင် မြို့တော်ဝန်မဏ္ဍပ်သို့ သွားရောက်ပြီး ဖွင့်ပွဲသို့ သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း၊ အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့များတွင် မြို့တော်ဝန်မဏ္ဍပ်မှ ရေပတ်ခံကားများအား ဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

အေးမြ(မန္တလေး)

နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း မြန်မာ့စီးပွားရေးဘဏ်က ဌာနဆိုင်ရာ ပေးသွင်းငွေများကို ဆောင်ရွက်ပေးမည်

နေပြည်တော်　မေ　၉

၂၀၁၃ ခုနှစ် မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်၊ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်နှင့် စက်သုံးဆီအရောင်းဆိုင်များ၏ ရောင်းရငွေများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့က ကောက်ခံရရှိသော လျှပ်စစ်မီတာခများ အဆင်ပြေလွယ်ကူစွာ ပေးသွင်းနိုင်ရေးအတွက် နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သော မေ ၁၄၊ ၁၇ နှင့် ၂၀ ရက်တို့တွင် အထူးအစီအစဉ်အဖြစ် ဘဏ်များဖွင့်၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(ကြေးမုံ)

နေပူရှိန်ပြင်း၍ ကြက်ခြံအချို့၌ ကြက်များသေ

နွားထိုးကြီး　မေ　၉

နွားထိုးကြီး၏ နွေအပူရှိန်မှာ ပြင်းထန်လွန်းနေ၍ ကြက်ခြံအချို့မှ မွေးမြူရေးကြက်အချို့ နေ့စဉ်အပူဒဏ်မခံနိုင်ဘဲ သေဆုံးမှုများဖြစ်နေသည်။ တစ်နေ့ နှစ်ကြိမ် ရေဖျန်းပေးသော်လည်း ကြက်အချို့မှာ သေဆုံးမှုရှိနေပြီး တစ်နေ့ နှစ်ကောင်သုံးကောင်အထိ သေဆုံးနေကြောင်း အမှတ်(၈)ရပ်ကွက်ရှိ ကြက်ခြံပိုင်ရှင် ဦးထွန်းဆန်းက ဆိုသည်။

နွားထိုးကြီးမြို့ပေါ်တွင် မြန်မာကြက်၊ ဥစားကြက်၊ အသားစားကြက်ဟူ၍ ခွဲခြားမွေးမြူသော်လည်း သင်္ကြန်ရိပ်ကြောင့် ကြက်တစ်ပိဿာ ငွေကျပ် ၅၀၀၀ မှ ယခုအခါ ငွေကျပ် ၆၀၀၀၊ ငွေကျပ် ၇၀၀၀ ဈေးသို့မြင့်တက်နေသည်။ နွားထိုးကြီးမြို့နယ်တွင် ထောင်ချီမွေးသော ကြက်ခြံခုနစ်ခြံ ရှိသည်။

(ဌေးမြင့်မောင်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်တော်ဝင်စစ်ရေယာဉ်များ သရုပ်ပြစမ်းသပ်မောင်းနှင်ပြသစဉ်။ (သတင်းစဉ်)

✱ တပ်မတော်မှ

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားကျင်းပသည့် အမှတ်(၃)ရေတပ်ဆိပ်ခံတံတားနေရာသို့ ရောက်ရှိလာရာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်တင်အောင်စန်းက ယနေ့သည် တပ်မတော်(ရေ)၏ မျိုးဆက်သစ်အင်အားများဖြစ်သော အမြန်သွားတိုက်ခိုက်ရေး စစ်ရေယာဉ်လေးစင်း၊ ယာဉ်တင်ကမ်းထိုး ရေယာဉ်နှစ်စင်း၊ ရေပေါ်လွှန်းကျင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးသူရသက်ဆွေက စစ်ရေယာဉ်ပုံစံငယ်များ ဂါရဝပြုပေးအပ်စဉ်။ (သတင်းစဉ်)

(ဆရာရှမ်း)တစ်စင်း စုစုပေါင်းစစ်ရေယာဉ် ခုနစ်စင်းတို့ကို တပ်တော်ဝင်ပြုလုပ်ပြီး တပ်မတော်(ရေ)၏ အဓိကတိုက်စွမ်းအားဖြစ်သော စစ်ရေယာဉ်စုများတွင် အင်အားဖြည့်တင်းသော အခမ်းအနားဖြစ်ကြောင်း၊ ယခုတပ်တော်ဝင်သည့် အမြန်သွား တိုက်ခိုက်ရေးရေယာဉ်လေးစင်းနှင့် ယာဉ်တင်ကမ်းထိုးရေယာဉ်တို့အား တပ်မတော်(ရေ)မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတပ်တော်ဝင်သည့် ရေပေါ်လွှန်းကျင်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ရေပေါ်လွှန်းကျင်းတစ်စင်းဖြစ်ကြောင်း၊ ရေပေါ်လွှန်းကျင်းအား ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက်က ရေနွေးငွေ့စက် တပ်ဆင်ထားသော ပထမဦးဆုံး တိုက်သင်္ဘောအား တည်ဆောက်ပေးနိုင်ခဲ့သည့် မြန်မာလက်သမားဆရာ ဆရာရှမ်းကို ဂုဏ်ပြုသောအားဖြင့် ရေပေါ်လွှန်းကျင်း(ဆရာရှမ်း)ဟု အမည်ပေးထားကြောင်း၊ စစ်ရေယာဉ်များကို တပ်တော်ဝင် ပြုလုပ်နိုင်ခဲ့သည့်အတွက် ပင်လယ်ပြင်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်မှုစွမ်းရည် ပိုမိုမြင့်မားလာစေသကဲ့သို့ စစ်ရေယာဉ်များကိုလည်း ပင်လယ်ပြင်တွင် လွှန်းတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်းဖြင့် စစ်ရေယာဉ်များ တပ်တော်ဝင်အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက တပ်တော်ဝင် စစ်ရေယာဉ်များနှင့် ပတ်သက်သော စာရွက်စာတမ်းများအား တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေက တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အဖြစ် စစ်ရေယာဉ်ပုံစံငယ်များကို ပေးအပ်သည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ်(ရေ)က စစ်ရေယာဉ်များအား တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာလိုက်သည်နှင့် စစ်တီးဝိုင်းတပ်ဖွဲ့မှ နိုင်ငံတော်သီချင်းအား တီးမှုတ်ပြီး တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံလွှင့်တင်ခြင်း၊ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် တာဝန်ကျတပ်ဖွဲ့များဖွဲ့စည်းခြင်း စသည့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို အစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တပ်တော်ဝင်စစ်ရေယာဉ်များအား သရုပ်ပြစမ်းသပ်မောင်းနှင်ပြသကြပြီး တပ်တော်ဝင်အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးကုန်စည်ဈေးနှုန်း

ရွှေဈေးနှုန်း

အခေါက်ရွှေ (အဆင့်-၁) ၇၄၉၀၀၀ ကျပ်၊ အခေါက်ရွှေ (အဆင့်-၂) ၇၄၈၀၀၀ ကျပ်၊ ရွှေဒင်္ဂါး (ရွှေရည်မီ) ၆၆၇၀၀၀ ကျပ်၊ ကမ္ဘာ့ရွှေဈေး (တစ်အောင်စ) ၁၆၀၁ ဒသမ ၆၀ ကန်ဒေါ်လာ။

ဆန်ဈေးနှုန်း

ပေါ်ဆန်းမွှေး(သစ်) ၂၂၀၀၀/၂၅၀၀၀ ကျပ်၊ ဘေးကျား ၂၆၀၀၀/၂၈၀၀၀ ကျပ်၊ ရွှေဘိုမနော်(သစ်) ၂၇၀၀၀/၂၉၀၀၀ ကျပ်၊ ရွှေဘိုမနော်(ဟောင်း) ၃၂၀၀၀/၃၄၀၀၀ ကျပ်၊ မဂျမ်းတော ၂၈၀၀၀/၃၀၀၀၀ ကျပ်၊ စောရှုပ်(အဟောင်း) ၂၅၀၀၀/၂၆၀၀၀ ကျပ်၊ စောရှုပ် (သစ်) ၁၉၀၀၀/၂၂၀၀၀ ကျပ်၊ ပေါ်ကွဲ(အဟောင်း) ၂၃၀၀၀ ကျပ်၊ ပေါ်ကွဲ (သစ်) ၁၈၀၀၀ ကျပ်၊ ဇီယာ(အဟောင်း) ၂၂၀၀၀/၂၄၀၀၀ ကျပ်၊ ဇီယာ (သစ်) ၁၈၀၀၀/၂၀၀၀၀ ကျပ်၊ ဧရာမင်း (သစ်) ၂၇၀၀၀/၂၉၀၀၀ ကျပ်၊ B.G (သစ်) ၁၅၅၀၀/၁၆၀၀၀ ကျပ်၊ ငစိန် (သစ်) ၁၆၀၀၀/၁၆၅၀၀ ကျပ်။

ဆီနှင့် ဆီထွက်သီးနှံဈေးနှုန်း

ပဲဆီ ၃၂၀၀/၃၇၀၀ ကျပ်၊ နှမ်းဆီ ၄၀၀၀/၄၁၀၀ ကျပ်၊ ပန်းနှမ်းဆီ ၂၈၀၀/၂၉၀၀ ကျပ်၊ နေကြာဆီ ၂၉၀၀/၃၀၀၀ ကျပ်၊ မုန်ညင်းဆီ ၂၅၀၀ ကျပ်၊ ပဲပုပ်ဆီ ၁၈၅၀ ကျပ်၊ ဝါစေ့ဆီ ၁၇၀၀ ကျပ်၊ စားအုန်းဆီ ၁၅၄၀/၁၅၅၀ ကျပ်၊ ကြက်ဆူဆီ ၃၃၅၀၀/၃၄၀၀၀ ကျပ်။

အထွေထွေစားသောက်ကုန်

ဆားချော (ပိဿာ ၅၀) ၁၀၀၀၀ ကျပ်၊ဆားကြမ်း (ပိဿာ ၅၀) ၇၀၀၀ ကျပ်၊ မိုးငရုတ်သီး (ပိဿာ ၁၀၀) ၂၀၀၀/၂၂၀၀၀၀ ကျပ်၊ ငရုတ်ပွ (ပိဿာ ၁၀၀) ၃၅၀၀/ ၄၀၀၀၀၀ ကျပ်၊ ကြက်သွန်နီ (ပိဿာ ၁၀၀)ရှယ် (မြစ်သား) ၇၅၀/၁၀၀၀၀၀ ကျပ်၊ လတ်ကြီး ၇၀၀/၉၀၀၀၀ ကျပ်၊ လတ်သေး ၆၅၀/၇၀၀၀၀ ကျပ်၊ မြစ်ဝ ၇၀၀၀၀ ကျပ်၊ RC ၄၀၀၀၀ ကျပ်၊ ကြက်သွန်ဖြူ (ပိဿာ ၁၀၀) ရှမ်းရှယ် ထူး (၄) ၁၂၀၀၀ ကျပ်၊ ထူး(၃) ၁၁၀၀၀ ကျပ်။

ပဲဈေးနှုန်း

ကုလားပဲဝါ (ထိပ်) သစ် ၄၉၅၀၀ ကျပ်၊ ကုလားပဲဝါ (လတ်) ၄၉၀၀၀ ကျပ်၊ ထိုင်ဝမ် ၅၃၅၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး ၅၄၀၀၀/၅၄၅၀၀ကျပ်၊ ပဲစင်းငုံ(နီ-သစ်) ၆၁၀/၆၂၀၀၀ ကျပ်၊ ပဲတီစိမ်း(ကြီး) ၅၈၅/၅၈၅၀၀ ကျပ်၊ ပဲကြီး(သစ်) ၈၀၀/၈၃၀၀၀ ကျပ်၊ ပဲသေး ၆၂၀၀၀/၆၅၀၀၀ကျပ်၊ နိုင်လွန်ပဲ ၆၈၀၀၀/ ၇၀၀၀၀ ကျပ်၊ မတ်ပဲ ၄၈၀၀၀/၅၀၀၀၀ကျပ်၊ မြေထောက်ပဲ ၈၄၀၀၀/၈၅၀၀၀ကျပ်၊ ပဲရာဇာ ၃၉၅၀၀ကျပ်၊ စွန်တာပြာ (သစ်) ၄၅၀၀၀ကျပ်၊ ပဲနီပြား(သစ်) ၄၄၀၀၀/၈၁၀၀၀ကျပ်၊ ထောပတ်ပဲ (ကြီး) ၅၂၀၀၀/၅၄၀၀၀ ကျပ်၊ ထောပတ်ပဲ(လတ်) ၅၁၀၀၀/၅၅၀၀၀ ကျပ်၊ ထောပတ်ပဲ(သေး-သစ်) ၄၄၀၀၀/၄၆၀၀၀ ကျပ်။

နှမ်းမျိုးစုံဈေးကွက်

နှမ်းဝါ ၁၀၀၀၀၀ ကျပ်၊ နှမ်းနီ ၁၀၅၀၀၀ ကျပ်၊ နှမ်းဖြူ(ဂျပန်) ၁၁၅၀၀၀/၁၂၀၀၀၀ ကျပ်၊ နှမ်းဖြူ ၁၁၂၀၀၀/၁၁၇၅၀၀ ကျပ်၊ နှမ်းကျား ၉၅၀၀၀/၁၀၂၀၀၀ ကျပ်၊ နှမ်းညို ၁၀၅၀၀၀/၁၀၆၀၀၀ ကျပ်၊ နှမ်းနက် ၁၃၇၀၀၀/၁၃၈၀၀၀ ကျပ်၊ ပန်းနှမ်း(ရှမ်း) ၅၀၀၀၀/၅၁၀၀၀ ကျပ်၊ ပန်းနှမ်း(မြစ်ရိုး) ၅၂၀၀၀/၅၃၀၀၀ ကျပ်၊ ပဲဖတ် ၈၃၅၀/၈၅၀၀ ကျပ်၊ နှမ်းဖတ် ၉၈၀၀/၁၀၅၀၀ ကျပ်၊ မုန်ညင်းဖတ် ၅၁၀၀/၅၂၀၀ ကျပ်၊ ပန်းနှမ်းဖတ် ၅၅၀၀ ကျပ်၊ နေကြာဖတ် ၆၀၀၀ ကျပ်၊ ပဲပုပ်ဖတ် ၈၀၀၀ ကျပ်။

မြေပဲဆန်အမျိုးမျိုး

ဂျပန်ပဲနီလုံးဆန်-မကွေး ၁၇၅၀/၁၇၂၅၀၀ ကျပ်၊ S1 အဖြူလုံးဆန် ၁၈၀၀/၁၈၂၅၀၀ ကျပ်၊ S1 တ-က ၁၈၃၀/၁၈၃၀၀၀ ကျပ်၊ S1 မြင်းမူ ၁၈၅၀/၁၈၆၀၀၀ ကျပ်၊ S1 ရှမ်း(၁) ၁၇၀၀/၁၇၈၀၀၀၊ S1 ဘဲတော ၁၈၃၀/၁၈၅၀၀၀၊ S1 နတ်တိုး ၁၉၆၀/၁၉၇၀၀၀ ကျပ်။ **(ဘဦး)**

နေ့စားလပေး ဆရာ၊ ဆရာမလျှောက်ထားမှုများပြား

ညောင်ဦး မေ ၉

ပညာရေးဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နေ့စားလပေး မူလတန်းပြဆရာ ဆရာမများနှင့် ခာတ်ခွဲကျွမ်းကျင်(၃) ရာထူးနေရာခန့်ထားရန်နှင့် အထွေထွေလုပ်သား၊ အငယ်တန်းစာရေး၊ ဝန်ထမ်းရုံးအကူ ဝန်ထမ်းခုနစ်မျိုး ခန့်ထားရန် မတ် ၁၉ ရက်တွင် နိုင်ငံပိုင်သတင်းစာများမှ ကြော်ငြာပါရှိပြီး လျှောက်လွှာခေါ်ယူမှုကို ညောင်ဦးမြို့နယ်နေ ပြည်သူများ စိတ်ဝင်စားလျက်ရှိကြသည်။ ထိုသို့ စိတ်ဝင်စားပြီး ကျေးလက် တောရွာဒေသများနှင့် မြို့ပေါ်နေရပ်ကွက်ပြည်သူများက တစ်ဆင့်စကားတစ်ဆင့် ပြောကြားသည့်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူများ ညောင်ဦး ပညာရေးမှူးရုံးသို့ နေ့စဉ် လာရောက်လျှောက်ထားမှု များပြားလျက်ရှိသည်။ ထိုသို့ လျှောက်ထားပြီး ညောင်ဦးမြို့နယ်အတွင်းမှ လျှောက်ထားသူအားလုံးတို့သည် မေ ၉ ရက် နံနက် ၉ နာရီတွင် ညောင်ဦးမြို့ အထက (၁)နေရှင်နယ်ကျောင်းတွင် မြို့နယ်ပညာရေးမှူး အစီအစဉ်ဖြင့် စာစစ်ဌာနတစ်ခုဖွင့်လှစ်၍ နေ့စားလပေးဝန်ထမ်း လျှောက်ထားသူအားလုံး လာရောက်ဖြေဆိုခဲ့ကြသည်ဟု သိရသည်။**(အောက်ပုံ)**

အဆိုပါ ဝန်ထမ်းလျှောက်ထားသူများတွင် နေ့စားလပေး ဆရာ ဆရာမလျှောက်ထားသူဦးရေ ၉၉၂ ဦး၊ ဓာတ်ခွဲကျွမ်းကျင်(၃)နေရာ ၄၃ ဦး၊ အထွေထွေလုပ်သားဦးရေ ၁၃၇ ဦး၊ အငယ်တန်းစာရေး လျှောက်ထားသူ ဦးရေ ၄၈၃၊ ရုံးအကူဝန်ထမ်းလျှောက်ထားသူ ၈၀ ရှိပြီး စုစုပေါင်း ၁၇၃၅ ဦးတို့သည် အင်္ဂလိပ်၊ သင်္ချာနှင့် အထွေထွေဗဟုသုတ တစ်နာရီမေးခွန်းကို လာရောက်ဖြေဆိုကြကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ
ကျော်ဌေး(ညောင်ဦး)

နိုင်ငံတော်၌ နိုင်ငံရေးစနစ်များ ပြ
နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိ

ရန်ကုန်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိ ချုပ်ရုံး မင်္ဂလာခန်းမ၌ ပြည်သူ့လွှတ်တော်ဘဏ်များ လွှတ်တော်ကဖွဲ့စည်းထားသော ရေးရာကော်မတီမျ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များ ဆိုင်ရာ တာဝန်ရှိသူများ၏ တွေ့ဆုံပွဲအခမ်းအနားသို့

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ရေးရာကော်မတီနှင့် ကော်မရှင်များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များအသင်းများမှ တာဝန်ရှိသူများ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မီဒီယာများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၌ နိုင်ငံရေးစနစ်များ ပြုပြင်ပြောင်းလဲပြီးနောက် လွှတ်တော်သည် ဥပဒေပြုရေးတာဝန်များကို ထမ်းဆောင်ခဲ့ပါကြောင်း၊ ဥပဒေပြုရာတွင် မိမိတို့ပြုသောဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသော၊ နိုင်ငံတော်နှင့် နိုင်ငံသား

များ၏ အကျိ
ရောက်နိုင်သေ
မည်ဖြစ်ကြော
လွှတ်တော်အ
နိုင်ငံတော်၏
မှန်းခြေငွေစာ
ဥပဒေကြမ်းမျ
လွှတ်တော်တွ
ကိုယ်စား ဘဏ္ဍာ
ဌာန ပြည်
တင်ပြခဲ့ပြီး ပြ
က ဆုံးဖြတ်ပေ
နိုင်ငံတော်၏
အကျိုးအတွက်
ရှိမည့် အခွ
ပြဋ္ဌာန်းပေးနိုင်
ပြောကြားသည်

ထို့နောက်
မြန်မာနိုင်ငံကု
လက်မှုလုပ်ငန်
ဥက္ကဋ္ဌ ဦးဝင်း
အသင်းများမှ
အကောက်ခွန်
အခွန်များ ဦး
တော် ဗဟိုဘ
နှင့် တက်ရော
အသေးစားနှင့်

မန္တလေးသင်္ကြန်၌ တော်ရိလျော်ရိသံချပ်အ

မန္တလေး မေ ၉

မန္တလေးမြို့မှ စာရေးဆရာ၊ ကဗျာဆရာများ စုပေ
သည့် တော်ရိလျော်ရိ သင်္ကြန်သံချပ်အဖွဲ့သည် ၂၀၁
သင်္ကြန်တွင် ဒုတိယမြောက်နှစ်အဖြစ် ပါဝင်ဆင်
စာရေးဆရာ၊ ကဗျာဆရာများဖြစ်သည့် မင်းတင်ဝ
(သမိုင်း)၊ ခင်အောင်ဝံ့၊ သာဇော်၊ မင်းနဒီခ၊ မောင်
တို့က ဦးဆောင်ပြီး အဖွဲ့ဝင် ၃၀ ပါဝင်မည်ဖြစ်သည်၊

“ဒီနှစ်မှာ သံချပ်နဲ့အတူ သရုပ်ပြအစီအစဉ်တွေ
အကတွေလည်း ပါမယ်၊ ပိုပြီးထူးခြားပြည့်စုံအောင်
ဆရာစန်းဝင်းရှိန် (သမိုင်း)က ပြောကြားသည်။

တော်ရိလျော်ရိသင်္ကြန်သံချပ်အဖွဲ့သည် ယမန်နှစ်
အပြုသဘောဆောင်ပြီး ပြည်သူများ၏ အသံကို အတို
သံချပ်တိုင်ခဲ့သောကြောင့် အားပေးမှုများရရှိခဲ့ကြသ
အတွင်း ညစဉ်ရပ်ကွက်များသို့ လှည့်လည်ကာ သံချ
ရရှိလာသောဆုကြေးငွေများအားလုံးကို ပရဟိတသာသ
တိုင်းရင်းသား မိဘမဲ့ကလေးများစောင့်ရှောက်ရေး
ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်၌ နိုင်ငံရေးစနစ်များ ပြုပြင်ပြောင်းလဲပြီးနောက် လွှတ်တော်သည်ဥပဒေပြုရေးတာဝန်များကို ထမ်းဆောင်ခဲ့
နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးအတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် အခွန်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပေးနိုင်ရန်လိုအပ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရေးရာကော်မတီများ၊ ကော်မရှင်များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ရေးရာကော်မတီများ၊ကော်မရှင်များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တွေ့ဆုံပွဲအခမ်းအနားသို့တတ်ရောက်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ရေးရာကော်မတီနှင့် ကော်မရှင်များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များအသင်းများမှ တာဝန်ရှိသူများ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မီဒီယာများ တတ်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၌ နိုင်ငံရေးစနစ်များ ပြုပြင်ပြောင်းလဲပြီးနောက် လွှတ်တော်သည် ဥပဒေပြုရေးတာဝန်များကို ထမ်းဆောင်ခဲ့ပါကြောင်း၊ ဥပဒေပြုရာတွင် မိမိတို့ပြုသောဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသော၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ကာကွယ်စောင့်ရှောက်နိုင်သော ဥပဒေများဖြစ်ရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် လွှတ်တော်အစည်းအဝေးများတွင် နိုင်ငံတော်၏ ဘတ်ဂျက်နှင့် ရသုံးမှန်းခြေငွေစာရင်းများ၊ အခွန်ဆိုင်ရာ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်တွင် အစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်ပြခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ပေးခဲ့ပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးအတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် အခွန်ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေမူကြမ်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆိုင်သည့်အခက်အခဲများ၊ ဝင်ငွေခွန်များ၊ ကုန်သွယ်လုပ်ငန်းခွန်များ၊ အမြတ်ခွန်၊ ငွေလဲနှုန်းများ၊ အာဆီယံနိုင်ငံများနှင့်ပူးပေါင်း၍ အကောက်ခွန်နှုန်းထား လျှော့ချရေး၊ အခွန်လေးမျိုးကောက်ခံခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်၊ အခွန်ပေးဆောင်မှုမှတ်တမ်း၊ မြန်မာနိုင်ငံတွင် အခွန်များပြုပြင်ပြောင်းလဲခွင့်ရရှိရေး၊ ဘဏ်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ဆွေးနွေးအကြံပြုတင်ပြကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆွေးနွေးရာတွင် ယနေ့တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် လွှတ်တော်နှင့် လွှတ်တော် ကော်မတီများအား အားကိုး ယုံကြည်စွာဖြင့် ပွင့်ပွင့်လင်းလင်းတင်ပြကြ၍ ဂုဏ်ယူကျေးဇူးတင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဥပဒေနှင့်အညီ အုပ်ချုပ်နေသည့် နိုင်ငံဖြစ်ပါကြောင်း၊ မည်သူမျှ ဥပဒေ၏ အထက်တွင်နေ၍မရသကဲ့သို့ ဥပဒေ၏ပြင်ပတွင်လည်း နေ၍မရပါကြောင်း၊ တရားမျှတသည့်ဥပဒေများ၊ နိုင်ငံသူနိုင်ငံသားများလိုက်နာနိုင်မည့်ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ရေး လွှတ်တော်က ဆောင်ရွက်လျက်ရှိပါကြောင်း။

ထုတ်ပြန် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကို နိုင်ငံသားတိုင်းက လိုက်နာသွားရမည်ဖြစ်ပါကြောင်း၊ ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ အရေးယူရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ အကျိုးစီးပွားအတွက် လွှတ်တော်အနေဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်ပေးသွားမည်ဟု လွှတ်တော်ကိုယ်စားလှယ်များကိုယ်စားကတိပြု ပြောကြားလိုပါကြောင်း။

လွှတ်တော်တွင် ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ မထားဘဲ ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည်လည်း ပြည်သူများဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းရှင်များသည်လည်း ပြည်သူများဖြစ်ကြောင်း၊ မိမိတို့၏ လွှတ်တော်ရေးရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍပေါင်းစုံ၊ အလွှာပေါင်းစုံရှိ ပြည်သူများ ပူးပေါင်းပါဝင်လာမှသာ ကောင်းမွန်သည့် ဥပဒေများပေါ်ထွက်လာပြီး တရားဥပဒေစိုးမိုးမှုလည်း ရှိလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သောင်းတို့က ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးချက်များသည် ဥပဒေပြုရာ၊ မူဝါဒပြုရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြုစုထားပြီးဖြစ်ရာ သက်ဆိုင်ရာပညာရှင်များ၊ အဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်း သုံးသပ် အကြံပြုပါဝင်သွားကြရန် လိုအပ်ပါကြောင်း၊ ပြဋ္ဌာန်းရန် ဆောင်ရွက်နေသည့် ဥပဒေများလည်းရှိပါကြောင်း။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးအရင်းအနှီး လိုအပ်ပါကြောင်း၊ ငွေကြေးကိစ္စရပ်များအတွက် ဘဏ်များနှင့် ငွေရေးကြေးရေးကော်မတီ၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ စီးပွားရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် ငွေကြေးကဏ္ဍနှင့် စီမံခန့်ခွဲမှုစနစ်ဆိုင်ရာများတွင် ပြုပြင်ပြောင်းလဲရန် များစွာရှိနေသေးသည်ဟုယူဆပါကြောင်း။

ယနေ့အခမ်းအနားတွင် ရှင်းလင်းလွယ်ကူသည့်ဥပဒေများပြဋ္ဌာန်းနိုင်ရေး၊ လက်တွေ့ကျင့်သုံးနိုင်သည့် ဥပဒေများဖြစ်ပေါ်စေရေးအတွက် အကျိုးရှိရှိ ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ အခွန်ဘယ်လိုပေးရမည်ကို ပြည်သူများ ရှင်းရှင်းလင်းလင်း နားမလည်သည်ကို တွေ့ရကြောင်း၊ အများပြည်သူလိုက်နာနိုင်သည့် အခွန်ဥပဒေများ ပေါ်ထွက်လာရေးမှာ အလွန်အရေးကြီးပါကြောင်း၊ အခွန်အခများ ပြည့်ပြည့်ဝဝမရရှိ၍လည်း နိုင်ငံတော်နှင့် ပြည်သူများ နစ်နာရပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



မန္တလေးသင်္ကြန်၌ တော်ရိလျော်ရိသံချပ်အဖွဲ့ ဆင်နွှဲမည်

မန္တလေး မေ ၉

မန္တလေးမြို့မှ စာရေးဆရာ၊ ကဗျာဆရာများ စုပေါင်းတည်ထောင်ထားသည့် တော်ရိလျော်ရိ သင်္ကြန်သံချပ်အဖွဲ့သည် ၂၀၁၃ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်တွင် ဒုတိယမြောက်နှစ်အဖြစ် ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ စာရေးဆရာ၊ ကဗျာဆရာများဖြစ်သည့် မင်းတင်ထွဏ်း၊ စန်းဝင်းရှိန် (သမိုင်း)၊ ခင်အောင်ဝံ့၊ သာဇော်၊ မင်းနဒီခ၊ မောင်နိုင်လင်း(ကောလင်း) တို့က ဦးဆောင်ပြီး အဖွဲ့ဝင် ၃၀ ပါဝင်မည်ဖြစ်သည်။

"ဒီနှစ်မှာ သံချပ်နဲ့အတူ သရုပ်ပြအစီအစဉ်တွေလည်းပါမယ်၊ အဆိုအကတွေလည်း ပါမယ်၊ ပိုပြီးထူးခြားပြည့်စုံအောင် စီစဉ်ထားပါတယ်"ဟု ဆရာစန်းဝင်းရှိန် (သမိုင်း)က ပြောကြားသည်။

တော်ရိလျော်ရိသင်္ကြန်သံချပ်အဖွဲ့သည် ယမန်နှစ်က တိုင်းပြည်အတွက် အပြုသဘောဆောင်ပြီး ပြည်သူများ၏ အသံကို အတိုင်အဖောက်ညီညီဖြင့် သံချပ်တိုင်ခဲ့သောကြောင့် အားပေးမှုများရရှိခဲ့ကြသည်။ သင်္ကြန်ရက်များအတွင်း ညစဉ်ရပ်ကွက်များသို့ လှည့်လည်ကာ သံချပ်ဖြင့်ဖျော်ဖြေကြရာမှ ရရှိလာသောဆုကြေးငွေများအားလုံးကို ပရဟိတသာသနာ့ဝန်ဆောင်ကျောင်းတိုင်းရင်းသား မိဘမဲ့ကလေးများစောင့်ရှောက်ရေးဂေဟာသို့ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(၀၀၂)

သတိပေးနှိုးဆော်ချက်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများလိုက်နာရန်-

(က) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်/ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(စ) ဖျက်သိမ်းထားသော ယာဉ်အိုး/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။

(ဆ) သံစုံဟွန်းများတပ်ဆင်ပြီး လုံး၀(လုံး၀) အသုံးမပြုရ။

၂။ သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ *(ALCOHOL TESTER)* ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားမည်။

၃။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅း၄၀ "ရတနာသုံးပါးတန်ခိုး"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)

၄း၂၅ Happy Time Happy Lesson

၄း၄၅ MRTV-4 မြန်မာ့ရိုးရာသင်္ကြန်

၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်"(အပိုင်း-၃၁)

၇း၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign Of Love" (အချစ်သင်္ကေတ)(Season -3) (အပိုင်း-၁၈)

၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၇၅)

၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း-၂၁)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

❖ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန် ဖြင့်မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

ငြိမ်းချမ်းသာယာကြပါစေ

* ကံ့ကော်ရင်ခတ်၊ ပင်လုံးထပ်မျှ
လမြတ်တန်ခူး၊ ပွင့်ပုံထူး၏။

* ပိတောက်နှင့်ငု၊ အပြိုင်လု၍
သူ့ထက်ငါလျှင်၊ ဝါရွှေဆင်၏။

* မိဿရာသီ၊ နွေပန်းချီကြောင့်
ဟိုသည်ရှုမြော်၊ လွမ်းစိတ်ပေါ်၏။

* စိတြကြယ်စင်၊ စန်းပြည့်ယှဉ်၍
ကြယ်စင်နေမင်း၊ ပူလောင်ပြင်း၏။

* အိမ်တွင်းလည်းပူ၊ အိမ်ပြင်ပူ၍
လူတွေနေရ၊ ခက်ခဲလှ၏။

* ကာလသည်ခါ၊ ပြည်မြန်မာဝယ်
ရာသီဆင်နွှဲ၊ သင်္ကြန်ပွဲကြောင့်
ရင်ထဲအေးမြ၊ မြင်ကွင်းလှ၏။

* အေးမြပါစေ၊ မေတ္တာရေဖြင့်
စေတနာပေါင်း၊ သွန်းကာလောင်းသော်
မိတ်ပေါင်းသဟာ၊ မျိုးမြန်မာတို့
ကျန်းမာရွှင်လန်း၊ မိုးဆမ်းပန်းသို့
ငြိမ်းချမ်းသာယာကြစေသတည်း။ ။

တက္ကသိုလ်ညီညီသန့်

ကွင်းဆက်

အောင်ကျော်ညို (ဆင်ချဆိပ်)

"သံကွင်းလေးများနှင့် ချိတ်ဆက်ထားသော သံကြိုး တစ်ချောင်း၏ ကြံ့ခိုင်မှုသည် အညံ့ဆုံးကွင်းလေးတစ်ကွင်း ပေါ်တွင် တည်မှီနေသည်။ မှတ်သားစရာ အဆိုအမိန့် တစ်ရပ်၊ တစ်ခုနှင့်တစ်ခု ချိတ်ဆက်လုပ်ကိုင်ရသော ဖြစ်စဉ်တန်းတစ်ရပ်တွင် ကွင်းဆက်လေးတစ်ခုပြတ်သွား သည်နှင့်. . . .

တစ်နေ့က သာကေတ ထူပါရုံ(၁) ရပ်ကွက်(၁၃)လမ်း အနောက်တွင် မထင်မရှားဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။ ည ၈ နာရီဝန်းကျင် (၅) နှစ်အရွယ် လူမမယ်လေးတစ်ဦး တငိုငို တရီရီနှင့် ဘယ်သွား၍ဘယ်လာရမှန်းမသိ၊ မျက်စိလည် လမ်းမှားလမ်းစပျောက်နေသည်။ လမ်းထိပ်နေ ရှေ့နေလေး တစ်ဦးက မနေသာဘဲ ခေါ်ယူမေးမြန်းနွေးထွေးမှုပေးကာ တာဝန်သိစွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်သွား ရှင်းပြအပ်နှံပေးသည်။ အလုပ်များနေသော အုပ်ချုပ် ရေးမှူးက ခဏထိန်းပေးထားပါ မေတ္တာရပ်ခံ၍ ပြန်ခေါ် လာရသည်။ နယ်မြေရဲကင်းသို့ဖြစ်စဉ်ကို အချိန်နှင့် တစ်ပြေးညီ အသိပေး လှမ်းအကြောင်းကြားသည်။ နီးစပ်ရာမြို့နယ် ရဲစခန်းသို့လည်း လှမ်းအကြောင်းကြား နှင့် ဤသို့ဖြင့် တစ်ညတာကုန်လွန်ခဲ့ရသည်။

ကလေးအမည် မောင်အောင်သူ ဦးပိစိ- ဒေါ်ဖြိုးလေး တို့၏သား ညီမလေးတစ်ယောက်ရှိသေးသည်။ အဖေနှင့် အမေကွဲနေ၍ အဘိုးအဘွားနှင့်အတူ နေကြရသည်။ အဘိုး အဘွားတို့ကို စီကာပတ်ကုံး ပြောပြတတ်သည်။ နေသည့်အရပ်ကိုပြောတော့ ဆားကွင်းလား၊ ဆားတလင်း လား မသဲကွဲ။ (၁)လမ်းမှာ နေသည်။ (၅)လမ်းဟုလည်း ပြောပြန်သည်။ မတိကျ။ လာသည့်ဘက်ကို ပြပါဆိုလျှင် ထူပါရုံလမ်းတစ်လျှောက် တောင်ဘက်အရပ်သို့ ညွှန်ပြ သည်။ မှန်သည်။ သူနေသည့်နေရာ ငမိုးရိပ်ချောင်း ကမ်းနံဘေးမှ သဘော်ကျင်း ငါးလမ်းအတိုင်း လျှောက် လာ၍ ရှုခင်းသာလမ်းမကြီးကို ဖြတ်ကျော်ပြီးသည်နှင့် မာန်ပြေလမ်းအတိုင်း ဝင်လိုက်၊ ထူပါရုံလမ်းကြောင်းနှင့် အိမ်ဦးကြမ်းပြင် တိုးလျှိုပေါက်ဖြစ်သွားသည်။ ဤကလေး ဤလမ်းအတိုင်း တောက်လျှောက်လျှောက်လာခဲ့ခြင်းပင်။ လက်ခံထားသူက ဤသို့မတွေးမိ။ တွေးထင်စရာလည်း မရှိ၊ ကလေးတစ်ယောက်အတွက် ဤခရီးဝေးလွန်း သည်။

(၁)လမ်း၊ (၅)လမ်းရှိရာ ထူပါရုံ၊ အနော်မာ၊ နီးစပ် ရာ ရပ်ကွက်များသို့သာ ကလေးနှင့်အတူလိုက်ရှာသည်။ မတွေ့။ ငမိုးရိပ်ချောင်းဘေးရှိ နီးစပ်ရာ ဆားကွင်းများသို့ ခေါ်သွားပြသည်။ ဤကလေးကို မသိကြ။ မိသားစုနှင့် တွေ့က ဆက်သွယ်နိုင်ရန်ရောက်သည့်အရပ်မှာ ကလေး ဓာတ်ပုံနှင့် လိပ်စာကို ပေးထားခဲ့သည်။ ဆားကွင်းမဟုတ် လျှင် ဆားတလင်းများ ဖြစ်နေမလား။ စဉ်းစားနေဆဲ မသမာမှုက ဝင်လိုက်သေးသည်။ အသက်(၁၂)နှစ် အရွယ် လူငယ်တစ်ဦးနှင့် ဆိုက်ကားသမားတစ်ဦး ပေါက်ချလာသည်။ ဤကလေး ဆားတလင်းမှဖြစ် ကြောင်း သူနှင့်အတူ စပါးတွဲလာရောင်းတာပါဆိုပြီး ကလေးကို လာခေါ်သည်။ ကလေးက သူတို့ကိုမသိ။ မသင်္ကာ၍ ဆားတလင်းအပိုင်ရဲကင်းသို့ ဆက်သွယ် မေးမြန်းကြည့်ရာ ကလေးအမည်၊ မိဘအမည်နှင့် ဆားတလင်းမှာ မရှိကြောင်း၊ သူတို့ဆီမှာ ဤအမည်နှင့် လူပျောက်တိုင်ထားခြင်းလည်း မရှိကြောင်း အကြောင်း ပြန်သည်။

ဤသို့ဖြင့် လေးရက်တိုင်လာခဲ့သည်။ ဒုတိယရဲအုပ် မှာ မနေသာ၊ အကြံပေးစကားပြောလာရသည်။ လူမှုဝန်ထမ်း ဦးစီးဌာနသို့ လွှဲအပ်ပေးလိုက်လျှင် ကောင်းမည်လား။ ရှေ့နေလေးကလက်မခံ။ စိတ်မလျှော့။ ဆက်ရှာမည်။ မိဘတွေနှင့် မတွေ့လည်း ဤကလေးကို သူတို့ မွေး လိုက်တော့မည်။ ဆုံးဖြတ်ပြီးသား။ ဤသို့ဖြင့် နှစ်ဦး သား ဆိုင်ကယ်တစ်စီးနှင့် ကလေးကိုတင်ကာ ငမိုးရိပ် ချောင်းဘေးတစ်လျှောက် ဆားကွင်းများအနှံ့ လိုက်ပတ် ရှာသည်။ တွေ့ပါပြီ။ ည ၁၀ နာရီဝန်းကျင် နောက်ဆုံး ဝင်လိုက်သည့် ဆားကွင်းအရောက်မှာ ကံကောင်း ထောက်မစွာ မိသားစုနှင့် ပြန်ဆုံသည်။ ဝမ်းသာလွန်း၍ ဝမ်းနည်းပက်လက် ပွေ့ဖက်ငိုကြွေးကြသည့်မြင်ကွင်း။ မျက်ရည်ဝဲမျှ ပီတိဖြစ်ကြရသည်။ သဘော်ကျင်း ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး ရှေ့မှောက် အဘိုး အဘွားများလက်ဝယ်အရောက် ကလေးကို အပြီးတိုင် အပ်နှံပေးနိုင်ခဲ့ပါသည်။

လေးရက်တိုင်တိုင် အချိန်ကုန်ခဲ့ရသည့် ကလေး ပျောက်ကိစ္စတွင် တာဝန်သိပြည်သူတစ်ဦးဖြစ်သူ အထက်တန်းရှေ့နေ ဦးအောင်နိုင်စိုးနှင့် သာကေတ အမှတ်(၁) ရဲစခန်းမှ တာဝန်ရှိသူ ဒု-ရဲအုပ်မျိုးသက်ထွန်း တို့နှစ်ဦး ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ငြား လည်း သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦး၏ ပေါ့လျော့မှုကြောင့် ကွင်းဆက်ပြတ်ကာ ကြန့်ကြာခဲ့ရ သည်။ စိတ်ပန်းလူပန်း ပင်ပန်းခဲ့ကြရသည်။

သက်ရှိလောကတွင် လူသည် အသိဉာဏ်အရှိဆုံး။ အသိဉာဏ်အရှိဆုံးလူသားတွင် စေတနာနှင့်ကိုယ်ချင်းစာ တရားအနိမ့်အမြင့်ပေါ်မူတည်၍ တာဝန်သိသူ၊ တာဝန် ရှိသူနှင့် တာဝန်မဲ့သူဟူ၍ လူသုံးမျိုးသုံးစား ကွဲပြားသွား ရသည်။

အရာရာတွင် ကိုယ်ချင်းစာတရား လက်ကိုင်ထား လျက် စေတနာအပြည့်နှင့် တာဝန်ကျေနွေးထွေးမှုပေးနိုင် ကြပါစေရန် မျှော်လင့်လျက်. . . . . . .။ ။

အောင်တိုင်းကြံ့ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ဒုတိယအကြိမ် နွားလှည်းဒုံးပြိုင်ပွဲကျင်းပ

အုတ်တွင်း မေ ၉

ပဲခူးတိုင်းဒေသကြီး အုတ်တွင်း မြို့နယ် ညောင်ခြေထောက်မြို့ ပစ္ဆိမာရုံစာသင်တိုက် အတုလ ရောင်ခြည် အောင်တိုင်းကြံ့စေတီ တော် ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၂၉ ရက် ညနေပိုင်းမှ မေ ၂ ရက်အထိ ကျင်းပရာ ဒုတိယအကြိမ်မြောက် နွားလှည်းဒုံးပြိုင်ပွဲ ထည့်သွင်းယှဉ်ပြိုင် ခဲ့သည်။

ပြိုင်ပွဲသို့ဒေသတွင်းမှ နွားလှည်း ၁၇ စီးနှင့် ထန်းတပင်မြို့နယ်အတွင်းမှ နွားလှည်းတစ်စီး စုစုပေါင်း ၁၈ စီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။**(ယာပုံ)**

နွားလှည်း ဒုံးမောင်းပြိုင်ပွဲအား ကိုက် ၅၀၀ ခန့် အကွာအဝေးရှိ ပြိုင်ကွင်းအတွင်း၌ တစ်ကြိမ်လျှင် နွားလှည်း နှစ်စီး၊ ရှုံးထွက်စနစ်ဖြင့် ယှဉ်ပြိုင်ပြီး အနိုင်ရသည့် နွားလှည်း များအား တစ်ဆင့်ပြီးတစ်ဆင့် ရှုံးထွက် စနစ်ဖြင့် ဆက်လက်ယှဉ်ပြိုင်စေပြီး ပြိုင်ပွဲဝင်နွားလှည်းများအား အပေါ့ ပါးဆုံးဖြစ်စေရန် လှည်းအိမ်များ ဖြုတ်၍ လူထိုင်စရာပင်လျှင် ကြိုးကို သာ အိမ်ဖွဲ့၍ ယှဉ်ပြိုင်ရခြင်းဖြစ် သည်။

နွားလှည်းဒုံးပြိုင်ပွဲ ဗိုလ်လုပွဲအား မေ ၂ ရက် ညနေပိုင်းတွင် ကျင်းပပြီး ပထမဆုမှ စတုတ္ထဆုအထိ ဆုများ အား ပြိုင်ပွဲကျင်းပရေးဦးစီးနာယက ပစ္ဆိမာရုံစာသင်တိုက် ဆရာတော် ဦးဩဘာသက ဆုများချီးမြှင့်ပေး ခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများသည် တစ်သင်းလျှင် ပြိုင်ပွဲဝင်ကြေး သုံးသောင်းခွဲ ပေးသွင်းယှဉ်ပြိုင်ရခြင်း ဖြစ်ကာ ဆုငွေများအား ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယ ဆု နှစ်သိန်း၊ စတုတ္ထဆု တစ်သိန်းဖြင့် ထိုက်တန်စွာ ချီးမြှင့်ပေးခဲ့သည်။

နွားလှည်းသည် ကျေးလက်ဒေသ နေ တောင်သူလယ်သမားများ၏ အသုံးအဆောင် ပစ္စည်းဖြစ်ရာ လာရောက် ကြည့်ရှုအားပေးသူ ပြည်သူများဖြင့် အထူးစည်ကားခဲ့ သည်။ အလားတူ နွားလှည်းပြိုင်ပွဲ များအား အုတ်တွင်းမြို့နယ် ကျားမြီး တောင် တောရကျောင်း ဗုဒ္ဓပူဇနိယ ပွဲတော်တွင်လည်း နှစ်စဉ်ထည့်သွင်း ယှဉ်ပြိုင်လေ့ရှိကြောင်း သိရသည်။

(၅၇၈)

မြန်မာနှစ်သစ်ကူး သင်္ကြန်ကာလအတွင်း တရားဝင်အမြန်ချောစာပို့ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်နားမည်

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ၏ တရားဝင်ပုဂ္ဂလိက အမြန်ချော စာပို့လုပ်ငန်းများကို မြို့ကြီး ၁၀ မြို့သို့ ယနေ့ပို့ မနက်ဖြန်ရောက်စနစ်ဖြင့် ဝန်ဆောင် မှုပေးလျက်ရှိရာ ယခုနှစ် မြန်မာ နှစ်သစ်ကူး အတာသင်္ကြန်ရက်များ အတွင်း မေ ၁၂ ရက်မှ ၁၇ ရက်အထိ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်နား မည်ဖြစ်ပြီး မြန်မာနှစ် ဆန်း ၂ ရက် မေ ၁၈ ရက်တွင် ပုံမှန်ဝန်ဆောင်မှု များ ဆောင်ရွက်ပေးသွားမည်ဖြစ် သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပုဂ္ဂလိကအမြန်ချောစာပို့ လုပ်ငန်း အား နိုင်ငံတော်အစိုးရ၏ ခွင့်ပြု ချက်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ၏ မှတ်ပုံတင်ခွင့်ပြုချက်များ ရယူပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လမှ စတင်ကာ မြို့ကြီး ၁၀ မြို့သို့ ဝန်ဆောင်မှုများ ပေးခဲ့ခြင်းဖြစ်သည်။ ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အမြန်ချောစာပို့ လုပ်ငန်းများအတွက် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ တင်ဒါ ခေါ်ဆိုထားရာ UCS အပါအဝင် အပြည်ပြည်ဆိုင်ရာ အမြန်ချော စာပို့လုပ်ငန်းများကို ဝန်ဆောင်မှု ပေးရန်အတွက် ပြင်ဆင်လျက်ရှိ သည်ဟု ၎င်းက ဆက်လက်ပြောကြား သည်။

(ကြေးမုံ)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်





သီတဂူ(လှဆန်းယဉ်) စက္ခုဒါနဆေးရုံတော်ကြီးဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၉

သီတဂူဆရာတော်၏ ညွှန်ကြားမှုဖြင့် တည်ဆောက်ခဲ့သော သီတဂူ (လှဆန်းယဉ်) စက္ခုဒါနဆေးရုံတော်ကြီး ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ပစ္စိမာရုံပရိယတ္တိစာသင်တိုက်၌ကျင်းပရာ အခမ်းအနားတွင် သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ငါးပါးသီလ ချီးမြှင့်တော်မူပြီး ဘဒ္ဒန္တခေမာသီရိ လင်္ကာရ(မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ရွှေပြည်ဟိန်းဆရာတော်က စက္ခုဒါနဖြစ်ပေါ်လာပုံကို ရှင်းလင်းကာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပစ္စိမာရုံကျောင်းတိုက်နှင့် သီတဂူ(လှဆန်းယဉ်) စက္ခုဒါနဆေးရုံတို့၌ အသုံးပြုရန် စူပါကာစတန် ကားတစ်စီးကို သီတဂူ ဦးမြင့်စိန်-ဒေါ်လှလှ အေးမိသားစုတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပစ္စိမာရုံစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစိန္တိတာလင်္ကာရထံ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း၊ သီတဂူဆရာတော်က ဝမ်းမြောက်စကားမြွက်ကြားခြင်း၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် အလှူရှင်များက ဆေးရုံအတွက် ထာဝရဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်တို့က လက်ခံကြပြီး သီတဂူဆရာတော်ထံမှ အနုမောဒနာတရားနာယူကြသည်။

ဆက်လက်၍ သီတဂူ(လှဆန်းယဉ်) ဆေးရုံတော်ကြီး၏ ဆိုင်းဘုတ်ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် အလှူရှင်များက ဖဲကြိုးဖြတ် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ မျက်စိဝေဒနာရှင် လူနာများအား အားပေးစကား ပြောကြားခဲ့သည်။

အဆိုပါ ဆေးရုံသည် (၂၄)ခုမြောက်ဖြစ်ပြီး မျက်စိဝေဒနာရှင် စုစုပေါင်း ၁၀၉၀ တက်ရောက်ကုသ၍ ယခုအခါ ၂၉၇ ဦး သက်သာပျောက်ကင်းကာ မျက်စိအလင်း ပြန်ရနေပြီဖြစ်ကြောင်း၊ ယနေ့လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၇၄သိန်းဖြစ်ပြီး ဆေးရုံတည်ဆောက်မှုစရိတ်မှာ ငွေကျပ်သိန်း ၃၀၀၀ နှင့် ဆေးဝါးတန်ဖိုးမှာ ငွေကျပ်သိန်း ၂၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

‘ပုသိမ်သူ’ မြုပ်အပြီး ရေလမ်းမှသွားရန်ဝန်လေး

ပုသိမ် မေ ၉

ရန်ကုန် စဉ့်အိုးတန်း ဆိပ်ကမ်းမှ ထွက်ခွာလာသော ကျိုက်လတ်-ရန်ကုန် ပုသိမ်သူ(၅) ရှပ်ပြေးအမြန်ရေယာဉ်သည် ဆူးကလပ်ရေကျော်အရောက် ရန်ကုန်သို့အတက် သုဇာတာသင်္ဘောနှင့် မတ် ၃၁ ရက် ညနေ ၃ နာရီက တိုက်မိ၍နစ်မြုပ်ခဲ့ပြီးနောက်ပိုင်း ကျိုက်လတ်မြို့မှ သင်္ဘောစီးခရီးသည်များထိတ်လန့်မှုများဖြစ်ကာ ကုန်းလမ်းခရီးဖြင့်သာ သွားလာနေကြသည်။

ယခင်က ကျိုက်လတ်မှ ရန်ကုန်သို့ ပုသိမ်သူနှင့် ရွှေပြည်တန် အမြန်ယာဉ်နှစ်စင်း တစ်ရက်စီပြေးဆွဲလျက်ရှိရာမှ ယခုအခါ ပုသိမ်သူ မပြေးဆွဲနိုင်တော့သည့်အတွက် ရွှေပြည်တန်တစ်စီးတည်းသာ ရက်ခြားပြေးဆွဲနေရသည်။ တစ်စီးတည်းကျန်တော့သည့်အတွက် ခရီးသည် ပိုလိုက်ရမည့်အစား ထက်ဝက်ခန့်လျော့သွားခဲ့သည်။ ကျိုက်လတ်သွားနေကျ ခရီးသည်တစ်ဦးမှလည်း “အခုဆို ကားနဲ့ပဲသွားတော့တယ်၊ အရင်က ကားနဲ့သွားရင် ပင်ပန်းလို့ သင်္ဘောဆိုတော့ အေးအေးလူလူနဲ့ အချိန်လည်း စောရောက်တယ်၊ ပုသိမ်သူကိစ္စဖြစ်သွားတော့ တော်တော်များများက သင်္ဘောနဲ့ မလိုက်တော့ဘူး” ဟု ၎င်း၏ စိုးရိမ်မှုများကို ဖွင့်ဟခဲ့သည်။

(အောက်ပုံ) (အသောက)

သံတောင်ကြီးမြို့နယ်ခွဲ၌ မြေထိန်းနံရံတည်ဆောက်

လိပ်သို မေ ၉

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ခွဲ လိပ်သိုမြို့နှင့် တောင်ငူကို ဖောက်လုပ်ထားသော တောင်ပေါ်ကားလမ်းပိုင်းကို မိုးရာသီတွင် တောင်နံရံများ ပြိုကျပြီး လမ်းပိတ်ဆို့မှုများ မရှိစေရန်အတွက် မြေထိန်းနံရံများ တည်ဆောက်လျက်ရှိသည်။

အဆိုပါ တောင်ပေါ်လမ်းပိုင်းသည် အတက်၊ အဆင်း အကွေ့အကောက်များပြီး တောင်နံရံများမြင့်မားလျက်ရှိသဖြင့် မိုးရာသီတွင် လမ်းပိတ်ဆို့ခြင်းနှင့် ခရီးလမ်းပန်းသွားလာမှုအဆင်ပြေစေရန် ယခုကဲ့သို့ ဆောက်လုပ်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ ရာသီအလိုက် ဒေသတွင်းထွက်ကုန်များအား တောင်ငူမြို့ ဈေးကွက်နှင့် အခြားသောဒေသများသို့ တင်ပို့ရောင်းချနိုင်သည့် အတွက် လမ်းပိုင်းထိန်းသိမ်းပြုပြင်မှုများသည် ဒေသတွင်း ခရီးသွားလာသူများအတွက် များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်သည်။ **(ကိုလွင်-ဆွာ)**

အင် တာ နက် ကျန်း မာ ရေး — မောင်ဇော်

အာလူးစားသုံးခြင်းသည် ခန္ဓာကိုယ်အလေးချိန်လျော့စေပြီး သွေးတိုးခြင်းကိုကာကွယ်နိုင်

တစ်နေ့လျှင် သေးငယ်သော ခရမ်းရောင် အာလူးငယ် နှစ်လုံးစားသုံးခြင်းသည် ခန္ဓာကိုယ်အလေးချိန် လေးရာခိုင်နှုန်းလျော့ကျစေခြင်းဖြင့် သွေးပေါင်လျော့ကျစေနိုင်ကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်ဟု မကြာသေးမီက အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အပြင်ပန်းအားဖြင့် သေးငယ်သည်ဟုထင်ရသော်လည်း သွေးပေါင်ကျခြင်းသည် နှလုံးရောဂါပုံစံ တော်တော်များများဖြစ်နိုင်ခြေကို လျော့နည်းစေနိုင်သည့် ဖြစ်နိုင်ခြေပင်ဖြစ်ကြောင်း သုတေသီများက ထုတ်ဖော်ပြောကြားလိုက်သည်။ အာလူးစားခြင်းဖြင့် လူတို့တွင်သွေးပေါင်အတက်အကျကို ထိန်းထားနိုင်ကြောင်း အကျိုးသက်ရောက်မှုကို ပထမဆုံးလေ့လာစစ်ဆေးခြင်းပင် ဖြစ်သည်ဟုဆိုသည်။

အာလူးစားသုံးသူများနှင့် အာလူးမစားသည့်သူများကို ရက်သတ္တလေးပတ်ကြာထားပြီးနောက် အာလူးစားသုံးမှုနည်းစနစ်၊ မစားသည့်နည်းစနစ်တို့ကိုပြောင်း၍ လေးပတ်ထပ်မံစောင့်ကြည့်သည်။ မီးအပူပေးထားသည့် ခရမ်းရောင်သန်းနေသော သေးငယ်သည့် အာလူးအချပ် ခြောက်ချပ်မှ ရှစ်ချပ်ကို တစ်နေ့လျှင် နှစ်ကြိမ်နှုန်းဖြင့် ခန္ဓာကိုယ်အလေးချိန်များနေသော သွေးပေါင်တက်နေသည့်လူ ၁၈ ဦးတို့ကို စားသုံးစေခြင်းဖြင့် အကျိုးသက်ရောက်မှုကို စမ်းသပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း လေ့လာမှုအဖွဲ့ခေါင်းဆောင် ဂျိုးဗင်ဆန်နှင့်အဖွဲ့က ဆုံးဖြတ်သည်။ ယင်းအချိန်တွင် သုတေသီတို့က ၎င်းတို့၏ (Systolic pressure) သွေးလွှတ်ကြောအတွင်းရှိ သွေးဖိအားနှင့် (diastolic pressure) နှလုံးရပ်နားချိန်၌ရှိသော သွေးဖိအားတို့ကို (၁၂၀/၈၀ သွေးဖိအားအမြင့်နှင့် အနိမ့်တို့ကို) စောင့်ကြည့်ခြင်း၊ ခန္ဓာကိုယ်အလေးချိန်နှင့် အခြားသောကျန်းမာရေး အညွှန်းများကို စောင့်ကြည့်ခဲ့ကြသည်။ ပျမ်းမျှအားဖြင့် နှလုံးရပ်နားချိန်၌ရှိသော သွေးဖိအားသည် ၄ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး သွေးလွှတ်ကြောအတွင်းရှိ သွေးဖိအားသည် ၃ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းကြောင်းတွေ့ရသည်။ အများစုမှာ သွေးပေါင်ကျဆေးသုံးစွဲထားသကဲ့သို့ သွေးပေါင်ကျနေသည်ကိုတွေ့ရသည်။ လေ့လာမှုတွင် ပါဝင်သူများသည် ခန္ဓာကိုယ်အလေးချိန်လျော့ကျနေပေသည်။

အာလူးတွင်ပါဝင်သော ဒြပ်ပေါင်းများသည် ခန္ဓာကိုယ်အတွင်း ACE inhibitor အက်ဆီတိုင်ကိုလင်းကိုဖျက်သော ဇီဝဓာတ်ကူပစ္စည်းအား တားဆီးသောဆေး၊ ဆန့်ကျင်ဆေး၊ သွေးတိုးခြင်းကို ကုသသောဆေး၊ အဓိကကူညီသောဆေးကဲ့သို့ ခန္ဓာကိုယ်အလေးချိန်အား အကျိုးသက်ရောက်မှုရှိသည်ကို အခြားသော လေ့လာမှုများကလည်း အသိအမှတ်ပြုကြောင်း ဗင်ဆန်က ပြောသည်။ သို့သော် အာလူးတွင် ပါဝင်သော အခြားဒြပ်ပေါင်းများကိုလည်း သတိထားရမည်ဖြစ်ကြောင်း၊ အဖြူရောင်ရှိသော သာမန်အာလူးများသည်လည်း ခရမ်းရောင်သန်းသည့်အာလူးများကဲ့သို့ အလားတူအကျိုးသက်ရောက်မှုရှိသည်ကို သိပ္ပံပညာရှင်များက ယခုတိုင် မသိသေးကြောင်း ဗင်ဆန်ကပြောသည်။

သုခကာမီ သီလရှင်စာသင်တိုက်

တတိယအကြိမ်သင်္ကြန် အထူး(၅)ရက် အဓိဋ္ဌာန် တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊
သုခကာမီသီလရှင်စာသင်တိုက်နှင့် ပညာရေးကျောင်းတွင်
သင်္ကြန်တွင်း(၅)ရက် တရားစခန်းကို
(၁၃-၄-၂၀၁၃ ရက်မှ ၁၇-၄-၂၀၁၃ ရက်)
အထိကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားဝင်ရောက်ရှုမှတ်လိုသူများ ၁၀-၄-၂၀၁၃ ရက်မှစ၍
စာရင်းပေးသွင်းနိုင်ပါသည်။
မှတ်ချက် ။ ။ ၁၂-၄-၂၀၁၃ ရက် ညနေ ၆ နာရီ အရောက်လာရမည်။
မိမိအိပ်ရာလိပ်နှင့် အသုံးအဆောင်ပစ္စည်းယူလာရမည်။
ဆက်သွယ်စုံစမ်းရန်ဖုန်း-၀၉၅၀၃၅၁၄၄၊ ၀၉ ၇၃၀၃၃၇၄၁၊ ၀၉ ၄၄၈၅၄၄၅၃၆

သရဖူမြတ်နိုးသူ Travel & Tours Co.,Ltd

မန်း၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ — Apr:12.14, 140000 / 110000
ရန်ကုန်-မန္တလေး(အသွား၊ အပြန်) ကားခသီးသန့် — Apr:12,14 40000
ခရီးစဉ်အားလုံး၌ Hotel,Restaurant,New Model Air Coach,Special Services.တစ်ဆင့်ကားခ/ အလုံးစုံပါဝင်ပြီးဖြစ်သည်။
ဖုန်း-၀၁-၅၅၁၄၅၃၊ ၀၉-၅၁၅၆၂၉၇၊ ၀၉-၅၀၁၄၅၁၇၊ ၀၉-၅၀၄၄၄၈၉၊ ၀၉-၄၅၀၀၅၃၇၅၈၊ ၀၉-၇၃၁၆၂၄၁၈



အခြားသော ဒရာမာဇာတ်ကားများထက် ပရိသတ်အားပေးမှု ပိုမိုရရှိခဲ့သည့် ဆောင်းဟေကျို၏ ဒရာမာ ဇာတ်ကားသစ်

ဖေဖော်ဝါရီ ၁၃ ရက်မှ ဧပြီ ၃ ရက်အထိ တောင်ကိုရီးယားနိုင်ငံ အက်စ်ဘီအက်စ်ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုရီးယားကြယ်ပွင့် ဆောင်းဟေကျိုနှင့် ဇိုအင်ဆောင်တို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသော That Winter the Wind Blows ဒရာမာဇာတ်ကားသည် အခြားသော ဒရာမာဇာတ်ကားများထက် ကြည့်ရှုသူပရိသတ် ပိုမိုများပြားကြောင်း တောင်ကိုရီးယားနိုင်ငံ၏ Nielsen မီဒီယာကုမ္ပဏီက ထုတ်ပြန်ကြေညာထားသည်။

အဆိုပါဇာတ်ကားသည် ၂၀၀၈ ခုနှစ်က ကေဘီအက်စ်ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသခဲ့သည့် Worlds Within ဇာတ်ကားအပြီး ငါးနှစ်အတွင်း သရုပ်ဆောင် ဆောင်းဟေကျို၏ ပထမဆုံးပွဲထွက်လာသော ဒရာမာဇာတ်ကားတစ်ကားဖြစ်သည်။

ယင်းဇာတ်ကားတွင် ဆောင်းဟေကျိုက ကုမ္ပဏီကြီးတစ်ခုအား အမွေဆက်ခံရယူခဲ့သည့် မျက်မမြင်မိန်းကလေးတစ်ဦးအဖြစ် သရုပ်ဆောင်ထားပြီး "အဲဒါက အလွန်ကိုခက်ခဲပါတယ်၊ အခြားသရုပ်ဆောင်တွေက သူတို့ အချင်းချင်းရော၊ နေရာအနှံ့ကြည့်လို့ရတယ်၊ ဒါပေမယ့်ကျွန်မရဲ့ ဇာတ်ရုပ်ကတော့ မျက်လုံးကိုငြိမ်နေအောင် ကြိုးစားရတယ်၊ အောင်မြင်တဲ့ ဘယ်ဒရာမာဇာတ်ကားမဆို အငြင်းပွားစရာအဖြစ်လေးတွေ ကြုံတွေ့တတ်ပါတယ်။ ဒီဇာတ်ကားမှာလည်း မျက်မမြင်တွေက ဒေါက်ဖိနပ်စီးသလား၊ မိတ်ကပ်နဲ့ အိုင်းလိုင်နာတွေဆိုးသလားဆိုပြီး ကျွန်မကိုမေးခွန်းတွေ မေးလာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မဒီဇာတ်ကားမရိုက်မီ မျက်မမြင်တွေရဲ့ဘဝကိုအနီးကပ်လေ့လာခဲ့ပါတယ်။ သူတို့က မိတ်ကပ်နှင့် အဝတ်အစားလှလှပပတွေကို ဝတ်ပါတယ်လို့ သူတို့က ကျွန်မကို ပြောပြတယ်"ဟု ဆောင်းဟေကျိုက ယင်းဇာတ်ကားနှင့် ပတ်သက်ပြီး ရှင်းပြခဲ့သည်။

ထို့နောက် ဆောင်းဟေကျိုက အနာဂတ်တွင်လည်း ယခုကဲ့သို့ သူမ၏ဘဝတွင် တစ်ခါမှ အတွေ့အကြုံမရှိဖူးသော အများနှင့်မတူ တစ်မူထူးခြားသည့် ဇာတ်ရုပ်များ ပါဝင်မည့် ဇာတ်ကားများရိုက်ကူးသွားရန် စီစဉ်ထားကြောင်း သူမ၏ အနာဂတ်အစီအစဉ်နှင့် ပတ်သက်ပြီး ပြောကြားခဲ့သည်။

ဖြိုးစန္ဒာမြင့် – စုစည်းသည်

အချိန်နှင့် ကုန်ကျစရိတ်သက်သာသော ဇာတ်ဝင်ခန်းများရိုက်ကူးရန် ရုပ်မြင်အထူးပြုလုပ်ချက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

ရုပ်ရှင်ဇာတ်ကားများ၏ ကြီးမားသော ဇာတ်ဝင်ခန်းများကို ရိုက်ကူးရာ၌ ပြင်ပတွင် ဆက်တင်တည်ဆောက်ပါက အချိန်နှင့် ကုန်ကျစရိတ်များမည် ဖြစ်သဖြင့် ကွန်ပျူတာဖြင့် ပုံရိပ်များပြုလုပ်၍ ဖန်တီးရိုက်ကူးလာနိုင်စေရန် ရုပ်မြင်အထူးပြုလုပ်ချက် (VFX Workshop) အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၇ ရက်တွင် ရန်ကုန်မြို့ ဝက်ဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပခဲ့သည်။**(အောက်ယာပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရုပ်ရှင်နှင့်ဆက်စပ်သည့် အဖွဲ့အစည်းများမှ အနုပညာရှင်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌက မြန်မာရုပ်ရှင်သည် ၁၉၆၀ ခုနှစ်မတိုင်ခင်က ဒေသတွင်း၌ ထိပ်တန်းက ရပ်တည်နိုင်ခဲ့ပါကြောင်း၊ အနုပညာအရည်အသွေးမနိမ့်ခဲ့သော်လည်း နည်းပညာပိုင်းအရ ခေတ်နောက်ကျကျန်နေပါကြောင်း၊ အခုလို အတတ်ပညာများက ရုပ်ရှင်တစ်ကား ဖန်တီးသည့်အခါ အထောက်အကူ ပြုနိုင်ပါကြောင်း ပြောကြားခဲ့သည်။

"ကမ္ဘာ့မှာနာမည်ကြီး ရုပ်ရှင်ဇာတ်ကားအများစုသည် ရုပ်မြင်အထူးပြုလုပ်ချက်များဖြင့် ဖန်တီးထားပြီး ပရိသတ်ကို ဆွဲဆောင်နိုင်ကြပါတယ်။ မြန်မာ့ရုပ်ရှင် နိုင်ငံတကာအဆင့်မီဖို့အတွက်လည်း ယခုနည်းပညာများသည် အရေးပါတဲ့ကဏ္ဍက ပါဝင်နေပါတယ်"ဟုလည်း ဒုတိယဥက္ကဋ္ဌ သရုပ်ဆောင်လူမင်းက ပြောကြားခဲ့သည်။ ပြင်ပတွင် လက်တွေ့ရိုက်ကူးရန်ခက်ခဲသော၊ အန္တရာယ်ရှိနိုင်သော၊ ငွေကုန်ကြေးကျ များနိုင်သော တိုက်အိမ်အဆောက်အအုံ ပျက်စီးပြိုကျခြင်းများ၊ မီးတောင်ပေါက်ကွဲမှုများ၊ မြို့လယ်ကောင်ပေါက်ကွဲမှုများ၊ မီးလောင်မှုများ၊ မိုးအတု ဖန်တီးခြင်းများ အစရှိသည်တို့ကို ဖန်တီးရိုက်ကူးနိုင်ကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်ရာတွင် ရုပ်ရှင်အခြေခံပညာရပ်များကို မြင့်မားအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ယခုကဲ့သို့ ခေတ်မီနည်းပညာများ၏ အကူအညီယူမှသာ လျှင်ကမ္ဘာ့အဆင့်မီသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများပေါ်ပေါက် လာမည်ဟုလည်း Motoin Computer and Animation ခေါင်းစဉ်ဖြင့် ကိုဇော်ဘိုဘိုဟိန်းက ဆွေးနွေးခဲ့သည်။

(နန္ဒာဝင်း)

ကန်းထရီးတေးဂီတဆုပေးပွဲအခမ်းအနား၌ မာရင်ဒါလမ်းဘတ် လေးနှစ်ဆက်တိုက် အကောင်းဆုံးအမျိုးသမီးတေးသံရှင်ဆု ရရှိ

(၄၈)ကြိမ်မြောက် ကန်းထရီးတေးဂီတဆုပေးပွဲအခမ်းအနားကို တနင်္ဂနွေနေ့က အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်စ်မြို့၌ ကျင်းပခဲ့ရာ တေးသံရှင် မာရင်ဒါလမ်းဘတ်က အကောင်းဆုံးအမျိုးသမီးတေးသံရှင်ဆုကို လေးနှစ်ဆက်တိုက် ဆွတ်ခူးခဲ့သူအဖြစ် ယခုနှစ်တွင်လည်း တစ်နှစ်တာလုံးအတွက် အကောင်းဆုံးအမျိုးသမီးတေးသံရှင်ဆုအပြင် သူမ၏ Over You သီချင်းဖြင့် တစ်နှစ်တာတစ်ကိုယ်တော်မှတ်တမ်းဆုနှင့် တစ်နှစ်တာအကောင်းဆုံးသီချင်းဆုတို့ကိုပါ ရရှိဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် အဆိုတော် Eric Church က ၎င်း၏ Chief အမည်ရှိ တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံးတေးအယ်လ်ဘမ်ဆုကိုလည်းကောင်း၊ တေးသံရှင် Luke Bryan က တစ်နှစ်တာအကောင်းဆုံးအနုပညာရှင်ဆုကိုလည်းကောင်း၊ တေးသံရှင် Aldean won က တစ်နှစ်တာအကောင်းဆုံးအမျိုးသားတေးသံရှင်ဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ဆက်လက်ပြီး ယခုနှစ်အတွက် အကောင်းဆုံးမျက်နှာသစ်တေးသံရှင်ဆုကို Florida Georgia Line သီချင်းကလည်းကောင်း၊ အကောင်းဆုံးအဖွဲ့လိုက်သီဆိုမှုဆုကို Little Big Town တေးသီချင်းကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားမျက်နှာသစ်တေးသံရှင်ဆုကို Brantley Gilbert က လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးမျက်နှာသစ်တေးသံရှင်ဆုကို Jana Kramer ကလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။







မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက် မဟာသင်္ကြန်ရက်အတွင်း ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက် ကျေးဇူးတော်ရှင် ကမ္မဋ္ဌာနာစရိယဆရာတော်ကြီး "ဘဒ္ဒန္တဉာဏစက္က" (ရခိုင်ကျောင်းဆရာတော်)အား ဦးထိပ်ပန်ဆင်လျက်-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုဝါဝါဝင်းအိမ်ရာနေ အလှူ့ဒါယကာ၊ ဒါယိကာမများဖြစ်သော ဦးရွှေဖော်သူ(ခ)ဦးအောင်သူ-ဇနီးဒေါ်လီဆွေလန့်မိသားစုတို့က မိမိရင်၌ဖြစ်သော သားမောင်စိုးမိုးအောင်အား ရဟန်းခံ၍ တူသားတပည့်များနှင့် ရှင်ရဟန်း(၁၀၈)ပါးကို သာသနာ့ဒါယကာအဖြစ်ခံယူလို၍ (၁၃၇၄ခုနှစ်၊ တန်ခူးလဆန်း၂ရက်)၊ ၁၂-၄-၂၀၁၃ရက်(သောကြာနေ့)တွင် မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ ရဟန်းခံရှင်ပြုအလှူတော် မင်္ဂလာပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဓမ္မမိတ်ဆွေများအား သာဓုခေါ်ဆိုနိုင်ရန်နှင့် ကျွေးမွေး သောဘောဇဉ်အာဟာရများကိုလည်း သုံးဆောင်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

ဧပြီလ ၁၂၊ ၁၃၊ ၁၄ သင်္ကြန်ရက်များတွင် ကျောင်းတိုက်သံဃာများနှင့် ရောက်ရှိလာသော ဧည့်ပရိသတ်များကို ဆွမ်းဘောဇဉ်များကျွေးမွေးလှူဒါန်းပါမည်။ အလှူမင်္ဂလာအချိန် ဧပြီလ ၁၂ရက် နံနက် ၇ နာရီမှစတင်ပြီး ၁၀ နာရီထိ ရဟန်း၊ သာမဏေ(၁၀၈)ပါးအား သိမ်ဆင်းလောင်းလှူပါမည်။

အလှူ့ဒါယကာ၊ ဒါယိကာမ
ဦးရွှေဖော်သူ(ခ)ဦးအောင်သူ-ဒေါ်လီဆွေလန့်
မိသားစု

ဖခင်အမည်မှန်

မတင်တင်ဝင်း[၇/ရတန(နိုင်)၁၀၁၉၄၂]ကိုင်ဆောင်သူ၏ ဖခင်အမည်မှန်မှာ ဦးအေး(ခ)ဦးပြား ဖြစ်ကြောင်း။

လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားပြန်လည်ရယူနိုင်ကြောင်း မန်စီးတီးအသင်းနည်းပြ ရောဘတ်တိုမန်စီနီ ထုတ်ဖော်ပြောကြား

မန်စီးတီးအသင်းသည် အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သော မန်ချက်စတာဒါဘီပွဲတွင် မြို့ခံပြိုင်ဘက် မန်ယူအသင်းကို မီနာနှင့် အဂူရိုတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ပြီးနောက် လာမည့်နှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားကို ပြန်လည်ရယူနိုင်ကြောင်း မန်စီးတီးအသင်းနည်းပြရောဘတ်တိုမန်စီနီက ထုတ်ဖော်ပြောကြားခဲ့သည်။

အိုးထရက်ဖို့ဒ်၌ မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နေသည့် မန်ယူအသင်းနှင့် ၁၂ မှတ်ကွာဟကာ အမှတ်ပေးဇယား၏ ဒုတိယနေရာမှ လိုက်နေရသော်လည်း ရာသီကုန်ခါနီးသွားပြီဖြစ်၍ ယခုနှစ်အတွက် ပရီမီယာလိဂ်ဖလားကို မမျှော်လင့်နိုင်သော်လည်း လာမည့်နှစ် ဘောလုံးရာသီတွင် မန်စီးတီးအသင်းအနေဖြင့် ပရီမီယာလိဂ်ဖလားကို ပြန်လည်ရယူနိုင်သည့် စွမ်းဆောင်ရည်မျိုးရှိကြောင်း မန်စီနီက အတိအလင်းကြေညာခဲ့သည်။

"မန်ယူအသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲ၏ ပွဲစဉ်အများအပြားကို အနိုင်ရရှိထားတဲ့အသင်းပါ။ ဒါပေမယ့် မန်ချက်စတာဒါဘီပွဲမှာ မန်စီးတီးကစားသမားတွေရဲ့ စွမ်းဆောင်ရည်ဟာ အလွန်ပဲကောင်းမွန်ခဲ့လို့ ကျွန်တော် ဝမ်းသာပါတယ်။ ဒါကြောင့် ဒီခြေစွမ်းအတိုင်း ဆက်လက်ကောင်းမွန်နေမယ်လို့ ယုံကြည်ထားလို့ လာမည့်နှစ်ဘောလုံးရာသီအတွက် ပရီမီယာလိဂ်ဖလားကို မျှော်လင့်ထားတာပါ"ဟု မန်စီးတီးအသင်းနည်းပြ ရောဘတ်တိုမန်စီနီက ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် အတိတ်ကာလ၌ မန်ယူအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် အခြားပွဲစဉ်များတွင်လည်း အကောင်းဆုံး လွှမ်းမိုးထားနိုင်ခဲ့ကြောင်း၊ သို့ရာတွင် ယခုနှစ်ဘောလုံးရာသီတွင် ကစားသမားအချို့ ဒဏ်ရာပြဿနာများနှင့် ကြုံခဲ့ရသည့်အတွက် ယခုကဲ့သို့ မန်ယူအသင်းနှင့် အမှတ်ကွာဟမှုများရှိခဲ့ခြင်းဖြစ်ကြောင်း မန်စီနီက ဆိုသည်။

မန်စီးတီးကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗား တံကောက်ကြောဒဏ်ရာကြောင့် အာဂျင်တီးနားပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိ

မန်စီးတီးကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားသည် တံကောက်ကြောဒဏ်ရာ ရရှိထားခြင်းကြောင့် ဝင်ဘလေကွင်း၌ ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်မဟုတ်ဘဲ လွဲချော်ရဖွယ်ရှိနေကြောင်း သိရသည်။

အသက်(၂၇)နှစ်အရွယ်ရှိ မန်စီးတီးကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားသည် ဧပြီ ၈ ရက် နံနက်ပိုင်းက အိုးထရက်ဖို့ဒ်၌ မန်ယူအသင်းအား မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် မန်ချက်စတာဒါဘီပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဒေးဗစ်ဆေးလ်ဗား၏ တံကောက်ကြောဒဏ်ရာသည် ပြင်းထန်ဖွယ်မရှိသော်လည်း ချယ်လ်ဆီးအသင်းနှင့် ကစားရမည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပါဝင်လာရေးမှာ မသေချာသေးကြောင်းနှင့် ယင်းဆီမီးဖိုင်နယ်ပွဲစဉ်သည် လက်ရှိချန်ပီယံအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ ခက်ခဲသောပွဲစဉ်တစ်ခုဖြစ်သည်ဟု ထင်ထားကြောင်း မန်စီးတီးအသင်းနည်းပြ ရောဘတ်တိုမန်စီနီက ဆိုသည်။

မန်စီးတီးအသင်းသည် ၂၀၁၁ ခုနှစ်က အက်ဖ်အေဖလား ချန်ပီယံဖြစ်ခဲ့ပြီး ၃၅ နှစ်တာ ကာလအတွင်း ပထမဆုံးရရှိခဲ့ခြင်းဖြစ်သော်လည်း ယခုယှဉ်ပြိုင်ရမည့် ချယ်လ်ဆီးအသင်းနှင့် အက်ဖ်အေဖလားပွဲစဉ်တွင် အသင်းအတွက် အားထားရသည့် ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗား ပါဝင်လာရန်လည်း မျှော်လင့်ထားကြောင်း မန်စီနီက ဆိုသည်။

နိုင်လင်းကြည်

အမြတ်ငွေ ပေါင် ၁၅ ဒသမ ၉ သန်းရရှိခဲ့ကြောင်း ဆွမ်ဆီးကြေညာ

ပရီမီယာလိဂ်ကလပ်ဆွမ်ဆီးအသင်းသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလကုန်ထိ ခြောက်လတာကာလအတွက် အမြတ်ငွေ ပေါင် ၁၅ ဒသမ ၉ သန်း စံချိန်တင်ရရှိခဲ့ကြောင်း ကြေညာလိုက်သည်။

ဆွမ်ဆီးအသင်းသည် ဂျိုးအယ်လ်လန်နီကို လီဗာပူးအသင်းသို့ ရောင်းချခဲ့ခြင်းနှင့် ဆင်ကလဲယားကို မန်စီးတီးအသင်းသို့ ရောင်းချခဲ့ခြင်းတို့သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလအထိ ခြောက်လတာအတွက် ပေါင် ၁၀ သန်း အမြတ်ငွေ တိုးလာခဲ့ကြောင်း သိရသည်။

ကစားသမားများရောင်းချခြင်း၏ နိဂုံးချုပ်အနေဖြင့် လွန်ခဲ့သည့် ခြောက်လတာကာလအတွက် ပေါင် ၂၅ ဒသမ ၅ သန်းမှ ၂၈ ဒသမ ၅ သန်းအထိအမြတ်ငွေမြင့်တက်ခဲ့ပြီး ၂၀၁၀၊ ၂၀၁၁ ဘောလုံးရာသီတွင် ဆုံးရှုံးမှုတန်ဖိုး ပေါင် ၈ ဒသမ ၃ သန်းရှိခဲ့ကြောင်း၊ သို့ရာတွင် ပရီမီယာလိဂ်သို့ဝင်ရောက်လာချိန်မှစ၍ အမြတ်အစွန်းများရရှိခဲ့သဖြင့် အနာဂတ်တွင်လည်း အသင်းအတွက် အကောင်းဆုံးဖြစ်လာရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အသင်းမန်နေဂျာ မိုက်ကယ်လောဒရပ်လက်ထက်တွင် ဆွမ်ဆီးအသင်း တောင့်တင်းခိုင်မာမှုရှိစေရန်ရည်ရွယ်၍ ကစားသမားသစ်ခြောက်ဦးကို လာမည့်ဘောလုံးရာသီအမီခေါ်ယူရန်နှင့် အသင်း၏အိမ်ကွင်း လိုက်ဘာတီကိုလည်း ပရိသတ် ၂၀၅၀၀ ဝင်ဆံ့နေရာမှ ၃၂၀၀၀ ဝင်ဆံ့နိုင်ရန် စီစဉ်လျက်ရှိကြောင်းလည်း ဆိုသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

မြန်မာဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် ဂေါက်သီးရိုက်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးပြီး "YCDC CUP SUMMER GOLF CHAMPIONSHIP 2013" Presented by Dagon Beverages ကို မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့် ၅၄ ကျင်းပြိုင်ပွဲနှင့်အမျိုးသားအပျော်တမ်း (Handicap 0-10) အဆင့် ၅၄ ကျင်းပြိုင်ပွဲများကို သတ်မှတ်ထားသည်။

အဆိုပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဧပြီ ၂၃ ရက်နောက်ဆုံးထား၍ မြို့တော်ဂေါက်ကွင်းသို့ကြိုဆောင်သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း ၀၉-၇၃၂၀၉၆၀၀ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

NEW MOTION Travels & Tours
ငွေချေးသစ်ယူနှင့် အဆင်ပြေသောခရီးစဉ်
ငပလီကမ်းခြေ - April - 13, 15
ချောင်းသာကမ်းခြေ - April - 13, 15
527 922, 538 811, 09-731 48922, 09-731 48848

ရွှေနဂါး
ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်

ချမ်းသာ CAR RENTAL
09 8632043

အာရှနဂါး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

GOLDEN RICH

120000 Apr-13
120000
Ph: 09-73211079, 09-49250637, 09-420073607

AKM TRAVELS
ချောင်းသာ
09-49001557, 09422514874
09-422455025

COHABO
ချောင်းသာ/ငွေဆောင်
80000
Ph-283519
09-516 1773, 09 731 61773

TOP STAR
ချောင်းသာ

BLT
ကျိုက်ထီးရိုး 10000
ချောင်းသာ 12000

ကျေးဇူးဆပ်ပါမည်

အဖ ဦးဇော်ဝင်း၏ သား မောင်ရဲအောင်ဇော်၏ နိုင်ငံကူးလက်မှတ်အမှတ်-M-၈၀၈၉၀၂ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။ မောင်ရဲအောင်ဇော် ဖုန်း-၀၉-၇၃၀၀၀၅၅၅၊ ၀၉-၅၀၀၂၄၄၀

ကျေးဇူးအထူးတင်ရှိခြင်း

၂-၄-၂၀၁၃(အင်္ဂါနေ့)နံနက် ၈း၃၀နာရီတွင် ကုက္ကိုင်းရေကူးသင်တန်း (2013 Swimming Course 1) မှ ရေကူးသင်တန်းချိန်အတွင်း ရေနစ်ခဲ့သော သမီးလေး မြင့်မြတ်စိုးလှိုင် (Sr 72)ကို အချိန်မီ အသက်လုကယ်တင်ပေးသော ရန်ကုန်ဆေးရုံကြီးပါမောက္ခ၊ ဌာနမှူးမေ့ဆေးပညာဌာနနှင့် အထူးကြပ်မတ်ကုသဌာနမှ Prof DR- ဒေါ်ကြည်ကြည်စန်း၊ အတိုင်ပင်ခံ ဆရာဝန်ကြီး Dr. ဦးမောင်မောင်ဆွေ၊ Dr. ဒေါ်ဝင်းဝင်းမာနှင့် ICU မှ တာဝန်ကျဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလည်းကောင်း၊ ကုက္ကိုင်းရေကူးကန်မှ SSC ဆေးရုံသို့ လူသားချင်းစာနာစွာဖြင့် လိုက်ပါပို့ဆောင်ပေးသော ရေလာကူးသည့်ဦးသည့် ကိုဇော်ဟိန်း အားလည်းကောင်း၊ SSC ဆေးရုံကြီးမှ ရန်ကုန်ဆေးရုံကြီးအရေးပေါ်သို့ ညွှန်ကြားလိုက်ပါပေးသော ဆရာဝန်ကြီးနှင့် သူနာပြုများအားလည်းကောင်း၊ သမီးလေး အသက်အား အစွမ်းကုန်လုပေးသည့် အချိန်၌ မေတ္တာပို့သပေးကြပါသော ဆရာတော်နှင့် သံဃာတော်များအားလည်းကောင်း၊ လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ မေတ္တာဖြင့် ဆုတောင်းပေးကြသော မိတ်ဆွေများ၊ သမီးလေးသူငယ်ချင်းများ၊ မိဘများ ကျေးဇူးတင်ထိုက်သူများအားလုံးကို သမီးလေးနှင့်မိသားစု လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။

သမီးလေးနှင့်မိသားစု ဖုန်း-၀၉၇၃၀၇၄၂၂

ကျေးဇူးဆပ်ပါမည်

ကွန်တော်ကျော်မင်းထွန်း၏ (Passport No.၉၉၂၂ ၂၅၃)သည် ခရီးသွားရင်းနဲ့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ ဤဖုန်းနံပါတ်- ၀၉-၄၅၀၀၃၂၆၀ကို ဆက်သွယ်ပေးပါရန်။

တောင်ကုန်းအတက် ကားနောက်ပြန်လိမ့်ကျရာမှ တစ်ဦးသေဆုံး

ရွှေကျင် ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဒိုးပင်ကုန်းကျေးရွာအနီး မေးတင်ကုန်းကျေးရွာ၌ ဧပြီ ၄ ရက် ညနေ ၂ နာရီခွဲခန့်တွင် ရွှေကျင်မှ မဲကထီးသို့ ယာဉ်မောင်း မြတ်ကိုထွေး (၂၄)နှစ် ပျဉ်းမနားရပ်ကွက် ရွှေကျင်မြို့နေသူ မောင်းနှင်သော ယာဉ်အမှတ် ၉၄/----လီဖန်းဖော (အပြာရောင်) ယာဉ်သည် မေးတင်ကုန်းတောင်ကုန်း အတက်တွင် နောက်ပြန်လိမ့်ကျပြီး တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ယာဉ်ပေါ်လိုက်ပါသူ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။ ယာဉ်ပေါ်ပါသူ နောင်နောင် (၂၅)နှစ် ရွှေကျင်မြို့နေသူမှာ ယာဉ်ပိမိပြီး နေရာတွင် သေဆုံးခဲ့ကြောင်းနှင့် ယာဉ်ပေါ်ပါသူ အခြားလေးဦးမှာ ဒဏ်ရာများရရှိသဖြင့် ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ရွှေကျင်ရဲစခန်းမှ ယာဉ်(ပ) ၄/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇/၃၃၈/ ၃၀၄(က)အရ အမှုဖွင့်အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်သွားသူ ယာဉ်မောင်း မြတ်ကိုထွေးအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိသည်။ **(၅၇၈)**

ရော်ဘာကိုင်းခြောက်များ စုပုံမီးရှို့ရာမှ နေအိမ် အလုံး ၄၀ မီးကူးစက်လောင်ကျွမ်း

ပဲခူး ဧပြီ ၉

ပဲခူးမြို့နယ် အလိုင်နီကျေးရွာအုပ်စု ဝါးခမ္မကျေးရွာတွင် ဧပြီ ၆ ရက် နံနက် ၂ နာရီခန့်က ရော်ဘာခြံအတွင်း ဝါးရွက်ခြောက်၊ ရော်ဘာကိုင်းခြောက်များ စုပုံမီးရှို့ရာမှ အနီးရှိ ဝါးခင်း၊ ခနိမိုး(အကာမပါ)၊ ဝါးတဲအိမ် အလုံး ၄၀ ခန့်အား မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ရော်ဘာခြံအတွင်း၌ နေထိုင်သူများဖြစ်သော နေမျိုးထက်(၃၈)နှစ်၊ မြင့်ဦး (၄၁)နှစ်နှင့် ခင်မောင်ဦး(၃၈)နှစ်တို့သည် ဝါးရွက်ခြောက်နှင့် ရော်ဘာပင်ကိုင်းခြောက်များအား စုပုံမီးရှို့ရာမှ အနီးရှိတဲများသို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ ပဲခူးမြို့နယ် မီးသတ်ဦးစီးမှူး ဦးအေးမြင့် ဦးစီးတပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးနှင့်အတူ ရောက်ရှိရာ ရွာသူရွာသား စုစုပေါင်းအင်အား ၁၀၀ ခန့်နှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၇ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပဲခူးမြို့ အမှတ်(၃)ရဲစခန်းက မီးပေါ့ဆသူ နေမျိုးထက်၊ မြင့်ဦးနှင့် ခင်မောင်ဦးတို့အား (ပ)၁၂၃/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

စားသောက်ဆိုင်ကြီးများနှင့် လမ်းဘေးဈေးသည်များ စည်းကမ်းလိုက်နာမှုအားနည်း

ရန်ကုန် ဧပြီ ၉

မြို့နယ်များအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်ကြီးများ၊ လမ်းဘေးဈေးသည်များအား သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များက စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရောင်းချရန် ခွင့်ပြုထားသော်လည်း အချို့သော စားသောက်ဆိုင်ကြီးများမှာမူ လိုက်နာမှုအားနည်းနေကြောင်း တွေ့ရသည်။

ကမာရွတ်မြို့ အမှတ် (၁)ရပ်ကွက် အင်းစိန်လမ်းမကြီးပေါ်ရှိ စားသောက်ဆိုင်ကြီးတစ်ဆိုင်သည် စားကြွင်းစားကျန်များအား လမ်းရေနုတ်မြောင်းအတွင်းစွန့်ပစ်ခြင်း၊ ဆိုင်ဘေးရှိ ရပ်ကွက်လမ်းပေါ်တွင် ညအခါ ခုံများခင်း၍ ရောင်းချခြင်းကြောင့် လမ်းပိတ်ဆို့ခြင်း၊ မူးယစ်သောက်စားသူအချို့၏ မကြားဝံ့မနာသာ ပြောဆိုခြင်းများကြောင့် လမ်းတွင်သွားလာနေသော အမျိုးသမီးများအတွက် စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ အသားစိမ်းကင်ရာမှထွက်သော အနံ့ဆိုးများကြောင့် လမ်းသွားလမ်းလာများနှင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် သက်ဆိုင်ရာအနေဖြင့် စားသောက်ဆိုင်ကြီးများ ဖွင့်လှစ်ရောင်းချခြင်းကို ခွင့်ပြုရာတွင် ကျယ်ဝန်းသော ကားပါကင်များထားရှိစေခြင်း၊ အများသူငါအတွက် အနှောင့်အယှက်ဖြစ်စေသော နေရာများတွင် ဖွင့်လှစ်ရောင်းချခွင့်ပြုပေးရန် မသင့်ကြောင်း ထင်သာမြင်သာ ပြုပြင်စရာအဖြစ် တင်ပြလိုက်ရပါသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

အရှိန်မထိန်းနိုင်သည့် ဖိုးဝိုးကားတိမ်းမှောက်၊ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ကာလိ ဧပြီ ၉

လွိုင်လင်ခရိုင် ကာလိမြို့နယ်ခွဲ၌ ဧပြီ ၇ ရက် ညနေ ၃ နာရီခွဲက ကျိုင်းတုံ - ကွန်ဟိန်း - တောင်ကြီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၆၂/၈) တွင် ဖိုးဝိုးတစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသူ လေးဦးအနက် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကာလိမြို့နယ်ခွဲမှ ကွန်ဟိန်းမြို့သို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း ယာဉ်မောင်း အောင်ဆန်းလင်း(ခ) စိုင်းနှောင့်သည် ၄ဂ/---- ဖိုးဝိုးတိုယိုတာနှစ်ခန်းတွဲ နီညိုရောင် ယာဉ်အားမောင်းနှင်လာစဉ် ကာလိသချိုင်းအကျော် မိုင်တိုင်အမှတ် (၂၆၂/၈)အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ အခြားတစ်ဖက်ယာဉ်ကြောလမ်းဘေးသို့ တိမ်းမှောက်ခဲ့သည်။ ယင်းသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါလာသည့် ယာဉ်မောင်းအပါအဝင် ခရီးသည်သုံးဦးအနက် နန်းလှ (၂၂)နှစ် ရပ်ကွက်(၃) ကာလိမြို့နယ်ခွဲသည် ဦးခေါင်း၊ နောက်စေ့ ဖူးရောင်ဒဏ်ရာ တစ်ချက်၊ ဦးခေါင်းယာချိုစောင်း ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ နား၊ နှာခေါင်းအတွင်း သွေးယိုထွက်ဒဏ်ရာများရရှိပြီး ကွန်ဟိန်းဆေးရုံသို့ ညနေ ၄ နာရီတွင် တင်ပို့ခဲ့ရာ ၄ နာရီ မိနစ် ၄၀ ခန့်တွင် သေဆုံးခဲ့သည်။ အောင်ဆန်းလင်း (ခ) စိုင်းနှောင့် (ယာဉ်မောင်း) (၂၆)နှစ် ဝမ်တုံကျေးရွာ၊ နန်းခမ်းအုံ (၁၉)နှစ် ရပ်ကွက် (၂) ကာလိ၊ စိုင်းကော် ယွန့်(၁၃)နှစ်တို့ သုံးဦးသည် ဒဏ်ရာအသီးသီးရရှိခဲ့၍ လွိုင်လင်ဆေးရုံသို့ပို့ဆောင်ပြီး ဆေးကုသမှုခံယူလျက်ရှိသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ် မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်း အောင်ဆန်းလင်း(ခ) စိုင်းနှောင့်အား ကာလိရဲစခန်းမှ ယာဉ် (ပ) ၁/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က)/၃၃၇/၃၃၈ ဖြင့် အမှုဖွင့်ထားပြီး ဒုရဲအုပ်သက်နိုင်ဦးက တရားလိုပြု၍ အမှုစစ်ဆေးနေကြောင်း သိရသည်။

(လွိုင်လင်ပြန်/ဆက်)

ဆယ်ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက် ဆိုင်ကယ်စီးလာသူသေဆုံး

အင်းတော် ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် ဧပြီ ၅ ရက် ညနေ ၄ နာရီခန့်က ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၄၀/၂) နှင့် (၁၄၀/၃)အကြား အောင်မေတ္တာရပ်ကွက်တွင် မိုးညှင်းမှ မန္တလေးသို့အသွား နစ်ဆန်း ဆယ်ဘီးယာဉ်နှင့် မျက်နှာချင်းဆိုင်မှ စီးနင်းလာသည့် ဂျာလင်းဆိုင်ကယ်တို့ တိုက်မိရာ ဆိုင်ကယ်စီးနင်းလာသူမှာ ဘယ်ဘက်လက်ကောက်ဝတ်နှင့် ဦးခေါင်း၊ နောက်စေ့တွင် ဖူးရောင်ဒဏ်ရာများရရှိ၍ ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ယာဉ်မောင်းနှစ်ဦးအား ရဲတပ်ကြပ်ကြီး စိုင်းယုအောင်က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အင်းတော်ရဲစခန်းက မော်တော် ယာဉ်(ပ)၄/၁၃ ပုဒ်မ ၂၇၉/၃၃၈ ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။ ဆိုင်ကယ်စီးနင်းလာသူမှာ ရရှိဒဏ်ရာများဖြင့် ဆေးရုံသို့ရောက်ပြီး သေဆုံးသွားသဖြင့် ပုဒ်မ ၃၀၄ (က)ဖြင့် အရေးယူထားကြောင်း သိရသည်။

"ဆိုင်ကယ်စီးနင်းသူတွေ အခုလိုမျိုး အသက်အန္တရာယ်တွေ ကြုံတွေ့ကြမှာမို့လို့ ကျွန်တော်တို့အနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကြဖို့ ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလကနေ ဧပြီ ၄ ရက် နေ့ထိ မော်တော်ယာဉ် ၁၅၄ စီး၊ ဆိုင်ကယ် ၅၂၀ စီး၊ ထော်လာဂျီ ၃၀ စီးနှင့် သုံးဘီး ၂၃ စီးတို့ကို စည်းကမ်းပျက်ယာဉ်များအဖြစ် ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပါတယ်။ ဆိုင်ကယ်စီးရင် ဦးထုပ်မဆောင်းတဲ့သူတွေက များတယ်၊ ဒီလောက်ပညာပေးအရေးယူဆောင်ရွက်နေတာတောင် တချို့ပြည်သူတွေက နားမလည်ကြဘူး၊ ကျွန်တော်တို့က သူတို့စီးနင်းတဲ့သူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းအောင်လို့ ပြောပြပေးတာပါ"ဟု အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

(ကျော်သီဟ)

ရွှေပြည်သာ၌ ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၉

ရွှေပြည်သာမြို့နယ် အမှတ်(၄)ရပ်ကွက် ပုညသဂ်ဟ လောကမာန်အောင်ကျောင်း ပရိယတ္တိစာသင်တိုက်ရှေ့ အမှတ် (၄)လမ်းမကြီးပေါ်တွင် ဧပြီ ၇ ရက် မွန်းတည့် ၁၂ နာရီခန့်က HONDA 150 ကို တောင်ဒဂုံဂျစ် မော်တော်ယာဉ် အမျိုးအစား ၈ဃ/---- က ကျော်တက်ရာမှ ယာဉ်တိုက်မှုဖြစ်ပွားပြီး ဆိုင်ကယ်မှာ တိမ်းမှောက်၍ အင်းစိန်(ရွာမ)အရှေ့နေ ညဏ်မင်းဦး ဝဲဘက်ခြေထောက်တွင် ပြင်းထန်စွာဒဏ်ရာရရှိပြီး အင်းစိန်ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည်ဟု သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ဓမ္မပူဇာတေး)
၆း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသ သတင်း
၁၁း၄၀	ခါသင်္ကြန်အဆိုအကများ
၁၂း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၂း၂၅	ဖျော်ဖြေရေးရုပ်ရှင် "မောင်တို့ချယ်ရီမြေ"(ပထမပိုင်း) (ဝင်းဦး၊ ခင်သန်းနု) (ဒါရိုက်တာ-ဦးတင်ယု)
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သချာအထူးပြု) (သချာ)
၄း၅၀	သီချင်းကြီးပဒေသာ
၅း၀၀	ပြည်တွင်းသတင်း
၁၀း၁၅	ပြည်သူ့နီတိ "ခက်" (ဇော်ထက်၊ စိုးထွန်းဝင်း၊ ဝေယံပိုင်၊ မေသရဖီမြင့်၊ စုစုမွန်၊ ခင်မို့မို့အောင်၊ ယမုံဦး၊ SB အဖွဲ့) (ဒါရိုက်တာ-ဇော်ဝေမောင် (MRTV-4))











ပျောက်ဆုံး

ကျွန်တော် ဦးအောင်ကျော်သူရ၏ New Golden Gate (1991)Co.,Ltdအမည်ဖြင့် သွင်းကုန်လိုင်စင်အမှတ် IL၄/၁၂-၁၃/၄၀၂၇(၃၁-၁-၂၀၁၃)နှင့် IL၄/၁၂-၁၃/၄၃၄၀ (၂၅-၂-၂၀၁၃)၊ သွင်းကုန်ကြေညာလွှာအမှတ် ၁၈၉၆၈၈ (၂၉-၃-၂၀၁၃)မူရင်းများ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၆၂၉၆၉၊ ၀၉-၇၃၀၃၆၅၀၃၊ ၀၉-၄၂၀၀၁၅၅၄၅

နွေရာသီထွက် ငရုတ်စိုက်ပျိုးသူများ အောင်မြင်ဖြစ်ထွန်း

နေပြည်တော် ဧပြီ ၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ညောင်ပင်သာ ကျေးရွာအုပ်စု သဲကျွန်း၊ အလယ်ရွာ၊ သစ်ဆိမ့်ပင်ကျေးရွာများရှိ ငရုတ်စိုက် တောင်သူများအနေဖြင့် အောင်မြင်ဖြစ်ထွန်း၍ **(အပေါ်ပုံ)** ဈေးကောင်းရရှိရန် မျှော်လင့်ထားကြကြောင်း သစ်ဆိမ့်ပင်ကျေးရွာမှ ငရုတ်စိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

ယခု နွေရာသီတွင် စိုက်ပျိုးသည့် ငရုတ်ပင်များသည် မိုးရာသီထွက် ငရုတ်များထက် ဈေးနှုန်းပိုရရှိကြောင်း၊ ပြီးခဲ့သည့် မိုးရာသီထွက် ငရုတ်ဈေးကွက်မှာ တစ်ပိဿာ ၁၆၀၀ ကျပ်နှုန်းနှင့် လက်ကားဈေးရောင်းရပြီး လာမည့် ကဆုန်၊ နယုန်လများတွင် ထွက်ရှိမည့် ငရုတ်ဈေးကွက်မှာ မိုးရာသီထွက်ဈေးနှင့် မတူညီဘဲ ငရုတ်တစ်ပိဿာလျှင် ၂၀၀၀ ကျပ်အထက် ဈေးကွက်တွင်ကျယ်မည်ဖြစ်ကြောင်း ငရုတ်စိုက်တောင်သူအများစုက သုံးသပ်လျက်ရှိသည်။

"ပြီးခဲ့သည့် မိုးရာသီထွက် ငရုတ်စိုက်ဧက သုည ဒသမ ၅၀ ကို ငရုတ်မျိုးစေ့ လေးဘူး စိုက်ပျိုးရပါတယ်။ တောင်သူ လုပ်သားခ အရင်းအနှီး နှစ်သိန်းငါးသောင်း ကုန်ကျမှုအပေါ်မှာ ငရုတ်ထွက်ရှိမှု ပြန်ရောင်းချလိုက်တော့ ၁၂ သိန်း ရရှိပါတယ်။ အပင်၏ သက်တမ်းကတော့ မျိုးစေ့စတင်စိုက်ပျိုးရက်မှ ရက်ပေါင်း ၉၀ မှာ စတင်ဆွတ်ခူး၍ ရပါတယ်။ ၁၀ ရက်တစ်ကြိမ် ဆွတ်ခူးရပြီး သုံးလအထိ ဆွတ်ခူးရောင်းချ၍ ရပါတယ်။ ယခု နွေရာသီမျိုးစေ့ စိုက်ပျိုးချိန်မှာတော့ မိုးရေမရရှိ၍ ရေစုပ်စက်နှင့် ဖျန်းပက် ရေသွင်းစိုက်ပျိုးရတာကြောင့် အရင်းအနှီး ကုန်ကျမှုပိုမိုသလို ငရုတ်သီး ဈေးနှုန်းကလည်း ပြန်ရောင်းဈေး အဆမတန်မြင့်၍ တောင်သူတွေအနေနှင့် အမြတ်အစွန်း ပိုမိုရရှိပါတယ်" ဟု သစ်ဆိမ့်ပင်ကျေးရွာမှ ငရုတ်စိုက်ပျိုးသူတစ်ဦးက ရှင်းပြသည်။

သူဇာလှိုင်(မန်းတက္ကသိုလ်)

မန္တလေး ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း သုံးတန်အောက် ကုန်တင်ယာဉ်များနှင့် အလုပ်သမားများအဆင်ပြေ

ရန်ကုန် ဧပြီ ၉

မန္တလေးမြို့ရှိ ချမ်းမြေ့ပြည် (ကွဲဆည်ကန်) ကားဝင်းမှ ကားဂိတ်များအား လေးမိုင်ဝန်းကျင်ကွာဝေးသော စွယ်တော်ရပ်ရှိ ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်းသို့ ၂၀၁၃ ခုနှစ် မတ်လဆန်းမှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ပြီးနောက် သုံးတန်အောက် ကုန်တင်ယာဉ်များနှင့် အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာပြီး ဝင်ငွေကောင်းလာကြသည်ဟု မန္တလေးမြို့မှ ကုန်တင်ဆောင်လာသော ကုန်တင်ယာဉ် ပိုင်ရှင်များက ဆိုသည်။

၁၉၉၀ ခုနှစ် ဝန်းကျင်တွင် ဖွင့်လှစ်ခဲ့သော ကွဲဆည်ကန် ကုန်ကားဂိတ်ဝန်းကျင်တွင် ဘိလပ်မြေ၊ ဆန်၊ ဓာတ်မြေဩဇာ၊ ပဲမျိုးစုံ၊ ဆောက်လုပ်ရေးပစ္စည်းမျိုးစုံ စသည့် ကုန်ပစ္စည်းများ အများအပြားသိုလှောင်ရာ ဂိုဒေါင်ကြီးများ ဆောက်လုပ်ခဲ့ပြီး ကားဂိတ်များမှ အလွယ်တကူ သယ်ယူပို့ဆောင်ခဲ့ကြောင်း၊ မတ် ၁၃ ရက်တွင် ပြည်ကြီးမင်္ဂလာသို့ ပြောင်းရွှေ့ကားဂိတ် ဖွင့်လှစ်ခြင်း၊ မြို့တွင်း သုံးတန်နှင့် သုံးတန်အထက် ကုန်တင်ယာဉ်မဝင်ရ နယ်မြေများ သတ်မှတ်ခြင်းကြောင့် ခေါက်တိုသယ်လုပ်ငန်း ပေါ်ပေါက်လာရကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ သုံးတန်အောက် ကုန်တင်ယာဉ်များကို မြန်မာပြည်အနှံ့ ရှာဖွေဝယ်ယူပြီး လုပ်ကိုင်နေကြောင်း၊ သုံးတန်အောက် ခေါက်တိုယာဉ် တစ်စီးလျှင် ခေါက်တိုကားခ ကျပ် နှစ်သောင်းဝန်းကျင်၊ ကားတင်အလုပ်သမားခ တစ်အိတ်လျှင် ကျပ် နှစ်ဆယ်နှုန်းဖြင့်ဆိုလျှင် ခေါက်တိုတစ်စီးလျှင် ကျပ် သုံးသောင်းဝန်းကျင်ကျသင့်ကြောင်း၊ ၁၂ ဘီး တစ်စီးလျှင် ခေါက်တိုယာဉ်နှစ်စီးစာ၊ နောက်တွဲပါ ၂၂ ဘီးယာဉ် တစ်စီးလျှင် ခေါက်တိုယာဉ် သုံးစီးစာ သယ်ယူရကြောင်း၊ လုပ်ငန်းကောင်းသည့် ကာလများတွင် နေ့စဉ် ကုန်တင်ယာဉ်စီးရေ မန္တလေးမြို့မှ ရန်ကုန်-မူဆယ်မြို့များသို့ ရာချီထွက်ရတတ်ရာ ခေါက်တိုလုပ်ငန်း လုပ်ကိုင်သူနှင့် ကားတင်အလုပ်သမားများ ဝင်ငွေကောင်းသည့် အလုပ်အကိုင် အခွင့်အလမ်းသစ် ဖြစ်လာသည်ဟု မန္တလေးသို့ ကုန်ပို့နေသော ရန်ကုန် ဘုရင့်နောင်ပွဲရုံဝင်းရှိ မန္တလေးကားဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

သုံးတန်နှင့် သုံးတန်အထက် ကုန်တင်ယာဉ်မဝင်ရနယ်မြေသို့ ကုန်တင်ယာဉ်ကြီးများ ဝင်ရောက်မှုကို သက်ဆိုင်ရာမှ အရေးယူနေရာ ဒဏ်ငွေအနေဖြင့် ကျပ် နှစ်သောင်းဝန်းကျင် ပေးဆောင်ရကြောင်း၊ ဒဏ်ငွေကျပ် နှစ်သောင်းဝန်းကျင် ပေးဆောင်ရသော်လည်း ခေါက်တိုနှင့် အလုပ်သမားခ ကျပ်တစ်သိန်းဝန်းကျင် သက်သာ၍ အရေးယူမှု ရှိသော်လည်း ဝင်ရောက်တင်ဆောင်နေဆဲဖြစ်ကြောင်း၊ အလားတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်း ကုန်တင်ယာဉ်ကြီးများ ဝင်ရောက်ကုန်ချနေရာ အရေးယူမှုအားနည်းသဖြင့် မြို့တွင်းယာဉ်ကြောရှုပ်ထွေးမှုများရှိလာသည်ဟု မြန်မာပြည်အနှံ့ ကုန်စည်ပို့ဆောင်ရေး လုပ်ကိုင်နေသူ ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်တွင်မူ ကုန်တင်ယာဉ်သွားလာခွင့်မပြုသော လမ်းများတွင် ယာယီသွားလာခွင့်ကတ် (ခွင့်မပြုထားသော လမ်း လေးလမ်းမှအပ သုံးတန်နှင့် သုံးတန်အထက် ကုန်တင်ယာဉ်မဝင်ရလမ်းများတွင် သွားလာခွင့်)ကို မြို့တော်စည်ပင်လမ်း၊ တံတားဌာနတွင် ပြုလုပ်ပြီး သွားလာနိုင်ခဲ့ကြောင်း မြို့တွင်းပြေးဆွဲနေသော ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

သုံးတန်အောက် ဒိုင်နာယာဉ်အဟောင်းများမှာ ကျပ်သိန်းကိုးဆယ်ဝန်းကျင်သာရှိပြီး ပုံပြောင်းဒိုင်နာယာဉ်အဟောင်းများမှာ ကျပ်သိန်းနှစ်ရာဝန်းကျင်သာရှိကြောင်း၊ ဆန်အိတ်ရေ ၂၂၀ ဝန်းကျင် တင်ဆောင်ကြောင်း သိရသည်။

မောင်စေအောင်

ပိုးပန်းချီ(ရောင်စုံ)ချည်ထိုးလုပ်ငန်းများ တွင်ကျယ် အမျိုးသမီးလေးများ လုပ်ငန်းရပြီးအဆင်ပြေ

စစ်ကိုင်း ဧပြီ ၉

စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရပ် အနောက်ပိုင်းနယ်မြေ (၆)မြောက်ရပ်ကွက်တွင် ပိုးပန်းချီ(ရောင်စုံ)ချည်ထိုးလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်လျက်ရှိရာ**(အောက်ယာပုံ)** အဆိုပါရပ်ကွက်တွင် နေထိုင်သော မစိုးစိုးအေးက "ဒီလုပ်ငန်းက အမရပူရမြို့ကနေယူပြီးလုပ်နေတာပါ၊ အစပထမတော့ ကျွန်မတစ်ယောက်တည်းပဲ လုပ်ပါတယ်၊ နောက်တော့ စိတ်ဝင်စားတဲ့ အမျိုးသမီးလေးတွေကို သင်ပေးပါတယ်၊ အထည်တိုက်ပိုင်ရှင်တွေကလည်း သင်ပေးဖို့ပြောပါတယ်။ အခုတော့ ကျွန်မဆီကနေခွဲပြီး ချည်ထိုးလုပ်ငန်း လုပ်ကိုင်နေကြတာ ရပ်ကွက်ထဲမှာ များနေပါပြီ၊ အားလုံးအဆင်ပြေကြပါတယ်၊ ပိုင်ရှင်တွေက သူတို့ကြိုက်တဲ့ဒီဇိုင်းတွေကို ဆွဲပေးပြီး ရောင်စုံချည်တွေလည်း ထည့်ပေးလိုက်တာလေ၊ ကျွန်မတို့က လုပ်အားပဲ စိုက်ရတာ၊ အရင်းအနှီး မလိုဘူးလေ၊ အခု အမျိုးသမီးဝတ်(ဝမ်းဆက်)ပေါ့၊ တစ်ထည်ပြီးရင် ငွေကျပ် ၄၅၀၀ ရပါတယ်၊ နှစ်ရက်ကို တစ်ကွင်းလောက်ပြီးတယ်။ အိမ်လုပ်ငန်းမပြတ် လုပ်ကိုင်ရတော့ အားလုံးအဆင်ပြေကြပါတယ်" ဟု ပြောပြခဲ့သည်။

ဇော်မြင့်နိုင်
(စစ်ကိုင်းခရိုင် ပြန်/ဆက်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

အထက(၁)ကျိုက်ထို ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ အထက(၁)ကျိုက်ထို ကျောင်းသား/ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဧပြီလ(၂၀)ရက် ညနေ (၄)နာရီအချိန်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါကျောင်းတွင် တစ်နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀-၄-၂၀၁၃ ရက်တွင် အသက်(၅၅)နှစ်ပြည့်ပြီးသော ဆရာ/ဆရာမများ ၁၉၁၅ ခုနှစ်မှ စတင်၍ ပညာရည်နို့သောက်စို့ခဲ့ကြသော ရပ်ဝေးရပ်နီးမှ ကျောင်းသား/ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ပေးကြပါရန်နှင့် အသက်(၇၀)နှစ်နှင့်အထက် ဆရာ/ဆရာမကြီးများအား (၃)လ တစ်ကြိမ် ထောက်ပံ့ငွေများ ပူဇော်ကန်တော့လျက်ရှိရာ အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဦးဝီတင် ၀၉-၄၂၅၂၆၈၁၀၀	ဦးစိုးသီဟ(ရာဘာလုပ်ငန်း) ၀၉-၈၇၂၃၆၂၉
ဦးကျော်သက်ထင် ၀၉-၈၇၂၃၆၅၆	ဦးသိန်းဇော် ၀၉-၄၉၂၃၈၇၆၇
ဦးရဲထွဋ်ဝင်း ၀၉-၄၂၅၂၆၀၆၅၂	ဦးဇေယျာမင်းမင်း(ပညာရေးမှူးရုံး)၀၉-၄၂၅၃၃၂၈၁၉

မြတ်ဆရာပူဇော်ပွဲ ၂၀၁၃ ခုနှစ် ဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မြန်မာနိုင်ငံ ရပ်ရှင်အစည်းအရုံးမှ ရရှိသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၁၅+၁၆)မြေကွက်ရရှိသူ အမည်ပေါက်ဒေါ်မြင့်မြင့်ခိုင် ၁၂/တမန(နိုင်)၀၅၄၂၂၇မှ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	၁၁/မမ/ဝန်ကြီးရုံး	e-government System ပစ္စည်း(9)Items (Computer,Copier,UPS,Server, Firewall Router, Network Cable & Portal-Software)

တင်ဒါပိတ်မည့်နေ့/အချိန် -၂၃-၄-၂၀၁၃(အင်္ဂါနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၈-၄-၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ(ကုန်ပို့ဌာန)၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ... ဖုန်း -294352, 291994.

အင်းလေးဒေသခံစိုက်ပျိုးထုတ်လုပ်သူများနှင့် အော်ဂဲနစ်စိုက်ပျိုးရေးအကြောင်း အလုပ်ရုံဆွေးနွေး

ညောင်ရွှေ ဧပြီ ၉

အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေး စိုက်ပျိုးရေးစနစ်များတွင် ဓာတုဗေဒပစ္စည်းများ ဆက်လက်မသုံးစွဲခြင်းဖြင့် အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် အော်ဂဲနစ်နည်းပညာသုံးလယ်ယာစိုက်ပျိုးရေးစနစ်ကို အကောင်အထည် ဖော်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် Ecodev အဖွဲ့က ကမ္ဘောဇလူငယ်စာကြည့်တိုက် စာဖတ်အသင်းနှင့်တွဲဖက်ကာ ဒေသခံစိုက်ပျိုးထုတ်လုပ်သူများနှင့်အတူ အော်ဂဲနစ်ထုတ်ကုန်ပစ္စည်းများ ထောက်ခံချက်လက်မှတ်ရရှိနိုင်ခြင်းအကြောင်း အလုပ်ရုံဆွေးနွေးပွဲကို အင်းလေးဒေသခံစိုက်ပျိုးရေးထုတ်လုပ်သူများနှင့် ဧပြီ ၆ ရက်က ညောင်ရွှေမြို့ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒေါက်တာသန်းသန်းစိန်က အော်ဂဲနစ်ထောက်ခံချက်လက်မှတ်အရေးပါပုံနှင့် အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နည်းလမ်းညွှန်၊ အော်ဂဲနစ်မြေဩဇာပြုလုပ်သုံးစွဲခြင်းများနှင့် အော်ဂဲနစ်မှိုသတ်ဆေး၊ ပိုးသတ်ဆေးများပြုလုပ်သုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်းအကြောင်း၊ ဒေါက်တာခင်နှင်းယုက အင်းလေးကန်နှင့် အော်ဂဲနစ်စိုက်ပျိုးရေးအကြောင်း၊ ဒေါက်တာကျော်ငြိမ်းအေးက အော်ဂဲနစ် အစားအစာအကြောင်း သိကောင်းစရာနှင့် စိုက်ပျိုးရေးအတွက် အသုံးချဇီဝနည်းပညာအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ကြောင့် စားသုံးသူများအတွက် အာဟာရဓာတ်တန်ဖိုးမြင့်မားပြီး ဘေးအန္တရာယ်ကင်းသော အစားအစာများရရှိစေခြင်း၊ ဒေသတွင်းရှိ မြေပေါ်မြေအောက် သက်ရှိဇီဝမျိုးစုံကြွယ်ဝလာစေခြင်း၊ မြေဆီလွှာအတွင်းရှိ အဏုဇီဝများ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း၊ မြေဆီဩဇာကောင်းမွန်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်ခြင်း၊ သဘာဝအရင်းအမြစ်သွင်းအားစုများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် စရိတ်အနည်းငယ်အသုံးပြုကာ အကျိုးအမြတ်အများဆုံးရရှိအောင် ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းစေသောကိစ္စများကို လျှော့နည်းသက်သာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။ ထို့ပြင် ဓာတုပစ္စည်းများ မသုံးသဖြင့် မြေပေါ်မြေအောက် ရေအရင်းအမြစ်ကို ညစ်ညမ်းစေမှုမရှိခြင်း၊ မြေဆီလွှာတိုက်စားခြင်းနှင့် သဲကန္တာရဖြစ်ထွန်းခြင်းအန္တရာယ်များကို လျှော့နည်း သက်သာစေခြင်း၊ နိုက်ထရိုဂျင်ဓာတ်မြေဩဇာများ မသုံးသဖြင့် နိုက်ထရိုဂျင်ဓာတ် ယိုစိမ့်ပျော်ဝင်မှုနည်းစေခြင်း၊ လယ်ယာမြေများမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့နည်းသက်သာစေခြင်းဖြင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို သက်သာစေခြင်းကြောင့် ပတ်ဝန်းကျင်ကိုလည်းအကျိုးပြုကြောင်းသိရသည်။

နေမျိုးသူရိန်(ညောင်ရွှေ)

စက်လှေလမ်းကြောင်း ဖော်ပေးပါ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်ရှိ ဖယ်ခုံအင်းရေပြင်သည် ညောင်ရွှေမြို့နယ် အင်းလေးဒေသနှင့် တစ်ဆက်တစ်စပ်တည်းရှိသည်။ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး ပြည်သူများသွားလာရေးအဆင်ပြေစေရန် ရေလမ်းခရီး ညောင်ရွှေ-ဖယ်ခုံ စက်လှေယာဉ်လိုင်းမှ လူတစ်ဦးလျှင် စက်လှေယာဉ်စီးခနှုန်းထား ငွေကျပ် ၃၅၀၀ ဖြင့် နေ့စဉ်အချိန်မှန်ပြေးဆွဲပေးလျက်ရှိသည်။

မကြာသောကာလတွင် အင်းလေးဒေသ ဟိုတယ်ဇုန်ကြီးလည်းပေါ်ထွန်းလာတော့မည်ဖြစ်ရာ ညောင်ရွှေ-ဖယ်ခုံသို့ နိုင်ငံခြားသားဧည့်သည်များလာရောက်လည်ပတ်စရာဒေသတစ်ခုဖြစ်လာမည်ဖြစ်၍ ဖယ်ခုံမြို့မှ ညောင်ရွှေမြို့သို့ ရေလမ်းခရီးစက်လှေဖြင့် သွားလာရာတွင် စကားအင်း(ကုန်းပြင်ရွာ)အနီးတွင် အင်းရေတိမ်ကောနေသည်ကို ဧပြီ ၃ ရက်က မြင်တွေ့ခဲ့ရာ သက်ဆိုင်ရာမှ စက်အင်အားဖြင့် စက်လှေလမ်းကြောင်းပေါ်အောင် ဖော်ပေးနိုင်ပါရန် တင်ပြလိုက်ရပါသည်။

(ခရီးသွားပြည်သူတစ်ဦး)

ဒီပဲယင်းမြို့နယ်အတွင်း ရေဆိုးမြောင်းများ ပြုပြင်ဆောင်ရွက်

ဒီပဲယင်း ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်သည် နှစ်စဉ်မိုးစပါး စိုက်ဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးနိုင်သောမြို့နယ်ဖြစ်သည်။ နှစ်စဉ် မိုးရာသီတွင် မိုးရွာသွန်းမှုများသည့်အခါ ရေဆိုးမြောင်း၊ ချောင်းများကျဉ်း၍ ရေကြီးပြီး ရေလျှံကာ စိုက်ပျိုးထားသောလယ်ကွင်းများ ရေနစ်မြုပ်ခြင်းကြောင့် စပါးအထွက်များ လျော့နည်းခဲ့ရသည်။

ဒေသခံတောင်သူများ၏ နှစ်စဉ်ကြုံတွေ့ခံစားနေရသော ရေကြီးနစ်မြုပ်မှုဒဏ်ကို နိုင်ငံတော်အစိုးရအနေဖြင့် ဇန်နဝါရီလမှစတင်ကာ ခေတ်မီစက်ကြီးများဖြင့် ကျဉ်းမြောင်းနေသော ချောင်းများကို ချောင်းမျက်နှာပြင်အကျယ် ပေ ၄၀၊ ချောင်းပေါင်အမြင့် ၁၀ ပေ၊ အကျယ် ၁၄ ပေခဲ့ကာ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းအား ဒေသခံတောင်သူများအနေဖြင့် နှစ်စဉ်ကြုံတွေ့ခံစားနေရသည့် လယ်ကွင်းများ ရေနစ်မြုပ်ခြင်းမှ ကင်းဝေးမည့်အပြင် ကုန်ထုတ်လမ်းပါတစ်ပါတည်းဖောက်လုပ်ပြီးဖြစ်၍ သွားလာမှု အဆင်ပြေချောမွေ့လွယ်ကူနိုင်သည့်အပြင် သယ်ယူမှုကုန်ကျစရိတ်သက်သာကာ စပါးအထွက်တိုးပြီး အချိန်မီ စပါးများ ရိတ်သိမ်းခြွေလှေ့နိုင်မည်ဖြစ်ကြောင်း ချောင်းဘေးစပါးစိုက်ပျိုးတောင်သူ လက်တီးကျေးရွာနေ ဦးဌေးစီက ပြောပြသည်။

အောင်လင်း(ဒီပဲယင်း)

ကလေးမြို့သင်္ကြန်ပွဲ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အညီဖြစ်ရေးဆောင်ရွက်မည်

ကလေး ဧပြီ ၉

ကလေးမြို့ နှစ်သစ်ကူးသင်္ကြန်ပွဲ၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီဖြစ်ရေး ယာဉ်အန္တရာယ်များ ကင်းရှင်းရေး၊ ဆိုင်ကယ်အိတ်ဇောများဖြုတ်၍စီးခြင်း၊ အရက်ပုန်းဆိုင်ဖွင့်ခြင်းများကို စစ်ဆေးသွားမည်ဖြစ်ကြောင်း မြို့နယ်သင်္ကြန်ဖြစ်မြောက်ရေးကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

သင်္ကြန်တွင် မူးယစ်ရမ်းကားသူများ၊ မြန်မာ့သင်္ကြန်တွင် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသူများ၊ ဆိုင်ကယ်အိတ်ဇောဖြုတ်၍ စီးသူများကို ဗဟိုမဏ္ဍပ်တွင် တစ်ပါတည်းအရေးယူဆောင်ရွက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်းကို ယခင်နှစ်အတွေ့အကြုံအရ သိရသည်။

သျှင်နေမင်း(ဂန့်ဂေါ)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ❖ သရုပ်ပျက် ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

G L အဆောင့်မြင့်ခရီးသွားလုပ်ငန်း

◆ မန္တလေး၊လားရှိုး၊မူဆယ်၊ရွှေလီ	Apr 12	(290000)
◆ ထားဝယ်(ရှင်ကိုးရှင်)၊မောင်းမကန်	Apr 12	(220000)
◆ ပုပ္ပါး၊မန္တလေး၊ပြင်ဦးလွင်	Apr 12	(190000)
◆ တောင်ကြီး၊အင်းလေး၊ပင်းတယ	Apr 12	(170000)
◆ ရွှေစက်တော်၊ပုပ္ပါး၊[illegible]	Apr 12	(160000)
◆ မြဝတီ၊မဲဆောက်၊[illegible]	Apr 13	(220000)
◆ ရှမ်းပြည်နယ်(နတ်မတောင်)၊[illegible]	Apr 13	(200000)
◆ ကသော၊မုံရွာ၊မန္တလေး၊ပြင်ဦးလွင်	Apr 13	(190000)
◆ ကျိုက်ထီးရိုး၊မော်လမြိုင်၊ကျိုက်ထို	Apr 13	(130000)

0973040050, 0973040051, 0973040052, 095136466
098636466, 09731136466 [illegible]

[illegible]
(၁၀-၄-၂၀၁၃) [illegible]

ကိုးဘွဲ့ရဆရာတော်
အရှင်အာစာရာလင်္ကာရ-အရှင်သူမြတ်
သင်္ကြန်(၇)ရက်တရားစခန်းပွဲ ဖွင့်လှစ်မည်

ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ သာသနာပြု နယ်လှည့်ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ် ကိုယ်တိုင်ဦးဆောင်၍ သင်္ကြန်တွင်း (၇)ရက်ဝိပဿနာတရားစခန်းကို ၁၂-၄-၂၀၁၃ရက်မှ ၁၈-၄-၂၀၁၃ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လိုသူများ ကြိုတင်စာရင်းသွင်းနိုင်ပါပြီ။

(ယောဂီတစ်ထောင်တိတိသာ လက်ခံပါမည်)

ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်၊ ၄၂ရပ်ကွက်၊
ဗိုလ်မှူးဗထူးလမ်းမ၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၂၁၁၀၃၀၅၊ ၀၉-၅၀၀၀၄၇၄၊ ၀၉-၇၃၂၁၄၁၅၀၊
၀၉-၄၂၅၃၁၁၉၉၉၊ ၀၁-၇၀၈၄၀၃

ဗဟိုရ်စည်ရေကူးကန်

နွေရာသီအခြေခံရေကူးသင်တန်း (၁)လ၊ ဒုတိယအကြိမ် ဧပြီလ ၂၃ ရက်ဖွင့်မည်။

သင်တန်းချိန် နံနက် ၇ နာရီမှ ၉ နာရီ

ရေကူးဝါသနာရှင်များ ပူပြင်းသောနွေရာသီတွင် နေပူဒဏ်ကြောင့် အသားအရေ မပျက်စီးစေရန် အမိုးအကာအပြည့်ရှိသော ဗဟိုရ်စည်ရေကူးကန်တွင် အေးချမ်းပျော်ရွှင်စွာ လာရောက်ရေကူးနိုင်ကြပါသည်။

မိသားစု ရေကူးချိန် - နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီ
အမျိုးသမီးသီးသန့် - မွန်းလွဲ ၁၂း၃၀နာရီမှ ၂း၃၀ နာရီ
အမျိုးသား/သမီး - ညနေ ၃း၃၀နာရီမှ ၅း၃၀ နာရီ

သီးသန့်ရေကူးသင်လိုသူများအတွက် သင်တန်းများရှိပါသည်။ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဗဟိုရ်စည်အိမ်ရာဝင်း
အမှတ်(၁၀)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၁၄၆၂၉၊ ၀၉-၄၉၂၁၇၀၇၅

“အောင် အကယ်ဒမီ”

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ဘော်ဒါတွင်
တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများအလိုရှိသည်။
(ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ)

အဆောင်မှူး၊ လက်ထောက်အဆောင်မှူး၊ လုံခြုံရေးဝန်ထမ်းများ အလိုရှိသည်။

အဆောင်မှူးပညာအရည်အချင်း - Ph.D.,M.Sc,M.A,M.Ed,
လက်ထောက်အဆောင်မှူး ပညာအရည်အချင်း - B.Ed,B.Sc,B.A
လုံခြုံရေးဝန်ထမ်း - အသက် ၄၅ မှ ၆၀ထိ

လျှောက်ထားလိုသူများသည်

၁။ ကိုယ်ရေးအကျဉ်း၊ လိုင်စင်ဓာတ်ပုံ(၁)ပုံ
၂။ ဘွဲ့လက်မှတ်မိတ္တူ
၃။ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက် (ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်)
၄။ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် အတူ လျှောက်ထားနိုင်သည်။ (နေ/စားစရိတ်-ငြိမ်း)

ဆက်သွယ်ရန်လိပ်စာ
ခြံအမှတ်(၉၉)၊ အောင်ဇေယျလမ်း၊
ဘောက်ထော် သံလမ်းအနီး၊ ရန်ကင်းမြို့နယ်၊
ဖုန်း-၀၁-၂၄၀၉၄၆၊ ၀၁-၅၇၈၅၅၆၊
၀၁-၅၇၀၆၄၉၊ ၀၉-၇၃၂၄၃၃၃၈

ဗုဒ္ဓအဆုံးအမများသည် လောကီအတွက်လည်း ဘဝနေနည်းကောင်းများ ဖြစ်သည်။

ပါမောက္ခ ဦးသိန်းလှိုင်
ချမ်းမြေ့ပျော်ရွှင် အောင်မြင်နိုင်ဖို့
မိသားစုစာပေ

ဖုန်း-၀၁-၂၁၅၉၁၉၊ ၀၁-၂၃၀၁၁၁၁၊ ၀၉-၅၀၀၇၅၂၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ နီလာ(၅)လမ်း၊ အမှတ်(၄၆၈)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၄၆၈ ၁/၂)၊ ဧရိယာ ပေ(၂၀×၆၀)၊ (၁၂၀၀)စတုရန်းပေရှိ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအပါအဝင် အကျိုးခံစားခွင့်အားလုံး၏ လက်ရှိပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာဝင်း[၁၂/ဥကမ(နိုင်)၀၂၁၃၆၆]က အပိုင်လွှဲပြောင်းဝယ်ယူရန် အိမ်မြေကို စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ အထောက်အထားမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဆက်သွယ်နိုင်ပါသည်။ ကန့်ကွက်မှုမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မျိုးဝဏ္ဏစမ်း(LL.B) **ဦးနေဝင်း LL.B,WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၁၇) **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၉၈)**
ဒေါ်အေးကလျာဦး LL.B,D.B.L,DL101,WIPO(GENEVA)
အထက်တန်းရှေ့နေ(စဉ်-၂၃၈၀၉)
အမှတ်(၁၈၅)၊ ၃၉လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သီဟိုဠ်ခြံရောင်းမည်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကွင်းကောက်မြို့အနီး၊ ပုသိမ် -မုံရွာကားလမ်းအနီး၊ ၁၂နှစ်သားရှိ လက်ရှိသီးနေသော သီဟိုဠ်ပင်ပါ ဧက(၅၀)ရောင်းမည်။

ဖုန်း-၀၉-၇၃၁၅၅၁၃၈၊ ၀၁-၅၅၁၉၆၈၊ ၀၁-၅၅၅၇၀၈

SKY RAY Travels & Tours

Apr -13	တောင်ကြီး – အင်းလေး	140,000/-
Apr -13	[illegible]	160,000/-
Apr -13	[illegible]	290,000/-

Tel : 09-421000523, 09-421000524, 09-448008610

နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

မွန်မွန်ကတော့ ဆရာဟာ သူ့ကို စွန့်ထားပစ်ခဲ့တယ်လို့ ယုံနေတယ်။

သူပြောခဲ့တဲ့ စကားကိုမှတ်မိသရွေ့ ကျွန်မပြောပြမယ်။

ဆရာဟာ မွန်မွန့်ကို သံယောဇဉ် ရှိခဲ့ဖူးပါတယ်တဲ့။ အဲဒါကို မွန်မွန်က သိပါတယ်တဲ့။ ဒါပေမယ့် ကုခန်းမှာ ပြောကြရင်း မွန်မွန်တို့ရဲ့ အိမ်အတွင်းရေးကို ဆရာသိသွားသတဲ့။ အထူးသဖြင့် မွန်မွန်က မွန်မွန့်မာမီအကြောင်း ဆရာသိသွားတဲ့အခါမှာ မွန်မွန့်ကိုလည်း အထင်သေးသွားမှာပါတဲ့။ ဒီပုတ်ထဲက ဒီပဲ၊ အဲဒီလို ဆရာ တွက်သွားမှာပါတဲ့။ မွန်မွန်ပြောတဲ့ စကားပါ။ ဘာဆိုလိုတာလည်းတော့ ကျွန်မ မသိဘူး။ မွန်မွန်က ဒါလောက်ပဲ ပြောတယ်။ ဆက်မေးလို့လဲ မရဘူး။

မွန်မွန့်ရင်ထဲ ဘာဖြစ်နေမယ်ဆိုတာ ကျွန်မသိပါတယ်။ မလွှဲသာလို့ ခွဲသာ လာခဲ့ရတယ်။ တစ်နေ့မှ ကျွန်မစိတ်မချဘူး။ ခွဲလာခဲ့မိတာတောင် မှားပြီလို့ ကျွန်မ နောင်တရနေတယ်။

ဒီအချက်ကို ဆရာ သိမယ်မဟုတ်ဘူး။ သိရင်တော့ ဆရာ့ကို ကျွန်မယုံပါတယ်။ မွန်မွန့်အတွက် ဆရာ တစ်ခုခု ဆောင်ရွက်ပေးနိုင်မှာပါပဲ။ မွန်မွန် ထင်သလို ဆရာဘယ်နည်းနဲ့မှ မဟုတ်ဘူးဆိုတာ ကျွန်မ တစ်ထစ်ချ ယုံပါတယ်။

မွန်မွန့်အတွက် တစ်ခုခုဆောင်ရွက်ပေးပါ ဆရာ။ ဆရာ့မေတ္တာကြောင့် လန်းလာရတဲ့ ပန်းပင်လေးတစ်ပင်ပါ။ ဒီပန်းပင်လေး ထပ်နွမ်းမှာကို ကျွန်မပူသလိုပဲ ဆရာလည်း ပူမယ်ဆိုတာ ကျွန်မယုံပါတယ်။

ခင်မင်လေးစားစွာဖြင့်

နော်မြသွေး

နော်မြသွေး၏ စာအဆုံးတွင် ဦးမြင့်နွယ်မှာ တုန်လှုပ်ချောက်ချားသွားသည်။

မွန်မွန့်စာက သူ့ကို သံသယသာ ဝင်စေသည်။

နော်မြသွေး၏ စာက အန္တရာယ်ကို ထင်းထင်းကြီး ညွှန်ပြနေသည်။

အန္တရာယ်၊ မွန်မွန့်အတွက် အန္တရာယ်။

မိမိကြိုးပမ်းခဲ့သမျှ သဲထဲရေသွန် ဖြစ်တော့မည်။

ဦးမြင့်နွယ်က စိတ်ကို တုံးတုံးချလိုက်သည်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံး ကြိုးပမ်းမှုတစ်ရပ်ကိုတော့ မိမိ ပြုရတော့မည်။

နော်မြသွေး ရေးသကဲ့သို့ မိမိလန်းစေခဲ့ရသော ပန်းပင်လေးကို အနွမ်းမခံနိုင်ပါ။

အချိန်သာ မီပါစေ။ ဘုရားသိကြားမ၍ အချိန်သာ မီပါစေ။

ခွင့်စာတစ်စောင်ကို ကောက်ရေးပြီး ဦးမြင့်နွယ်သည် ပါမောက္ခ၏ရုံးခန်းဆီ ခြေလှမ်းကျဲနှင့် လျှောက်လာခဲ့သတည်း။

ဝင်ဒါမီယာနှင့် စပ်နေသော တက္ကသိုလ်နယ်မြေရှိ မိမိ၏အိမ်တွင် ဦးမြင့်နွယ်သည် အထုပ်အပိုးပြင်နေ၏။

ပြည်လမ်းမကြီးပေါ်၌ တဝေါဝေါ ပြေးနေကြသော ကားသံတို့က ဆူနေ၏။ မိမိရင်တွင်း၌လည်း စိုးရိမ်စိတ်ကြောင့် ဗလောင်ဆူနေသည်။

ညရထားနှင့် လိုက်ရမည်။ ညရထားက ညကိုးနာရီကျော်မှ ထွက်မည်။ ယခုမှ ညနေ ခြောက်နာရီကျော်ကျော် ရှိသေးသည်။ အမှန်က အချိန်တွေအများကြီးရှိသေးသည်။ ဒါကိုသိလျက်နှင့် စိတ်ကမူ လောနေ၏။

သားရေသေတ္တာတွင်းသို့ အဝတ်အစားများကိုခေါက်ထည့်နေခိုက် အိမ်ရှေ့တွင် ကားတစ်စီးရပ်သံ ကြားရသည်။

ဟွန်းသံလည်း ပေါ်လာ၏။

စိတ်မတို့တတိုဖြင့် ဦးမြင့်နွယ်သည် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ သွားခါနီးလာခါနီးမှ ဘယ်က ဧည့်သည်လာ၍ နှောင့်ယှက်ပါသနည်း။

ခြေသံပြင်းပြင်းနှင့် ဆင်းလာခဲ့သော ဦးမြင့်နွယ်မှာ ခေါက်တံခါးတပ် အပေါက်ဝ၌ ရပ်နေသူကို မြင်လိုက်ရသောအခါ အံ့ဩလွန်း၍ ကြက်သေသေလုဖြင့် ငေးကြည့်နေမိသည်။

ရပ်နေသူကတော့ သည်နေရာသည်အချိန်မှာ ဘယ်ပုံမျှ မိမိမမျှော်လင့်သူ။

စင်သီယာ သို့မဟုတ် ဒေါ်ဖြူဖြူသန့်။

အံ့ဩရာမှ ဦးမြင့်နွယ်သည် သတိဝင်လာသည်။ သူ့စိတ်က တစ်စုံတစ်ရာကို ကြိုတင်သိသကဲ့သို့လည်း ဖြစ်နေသည်။

ဦးမြင့်နွယ်သည် ခေါက်တံခါးကို ဖွင့်ပေးလိုက်ပြီး စင်သီယာအား ဧည့်ခန်းသို့ ခေါ်လာခဲ့သည်။

စင်သီယာ့ သဏ္ဌာန်တစ်ခုလုံးမှာ ကပိုကရိုနိုင်နေ၏။ မျက်နှာသွင်ပြင်ကလည်း ပူပန်ခြင်းကို ဖော်ပြနေ၏။

ရှိသည်။

သူက လူရောစိတ်ကိုပါ တည်ငြိမ်စေလိုက်ပြီး မေး၏။

"ဖြည်းဖြည်းချင်းပဲ ပြောပါစင်သီယာ၊ မွန်မွန် အခု အိမ်မှာ မရှိတော့ဘူး၊ မွန်မွန်ဟာ အိမ်က ပျောက်သွားခဲ့တယ်၊ ဟုတ်တယ် မဟုတ်လား"

စင်သီယာက ခေါင်းညိတ်ပြ၏။

"ဒါပေမယ့် အခု ပြန်တော့တွေ့ပြီ မဟုတ်လား"

"ဟုတ် . . . ဟုတ်တယ်"

"ဘယ်မှာ ပြန်တွေ့သလဲ စင်သီယာ"

"ဟဲဟိုးလေဆိပ်မှာတဲ့"

"ဟဲဟိုးလေဆိပ်မှာ"

"မွန်မွန် ပျောက်သွားတော့ စင်သီယာတို့ တစ်အိမ်လုံး ခေါင်းမီးတောက်တာပေါ့ ကိုမြင့်နွယ်၊ သူ့အဖေဆိုရင် တစ်ခါတည်း အရူးကြီးလိုပဲ၊ ကိုအောင်ဟာ သူ့သမီးကို သိပ်ချစ်တယ် ကိုမြင့်နွယ်၊ သူ့သမီး ဒုက္ခိတဘဝက လွတ်လာလို့

> "ကိုယ်အစက မပြောတော့ဘူးလို့ပဲ စင်သီယာ၊ အခုတော့ ပြောရတော့မယ်၊ စင်သီယာက သမီးကိုချစ်တယ်၊ ဦးနေအောင်ကလည်း ချစ်တယ်၊ မိဘတိုင်းဟာ သားသမီးကို ချစ်တယ်၊ ဒါပေမယ့် "ချစ်တတ်ကြရဲ့လား" လို့ ကိုယ်မေးချင်တယ်၊ အထူးသဖြင့် အမျိုးသားယဉ်ကျေးမှု စည်းကမ်းတွေကိုဖောက်ပြီး ခေတ်ဆန်ကြတယ်ဆိုတဲ့ မိဘတွေကို ကိုယ်မေးချင်တယ်"

"ကိုယ် ပဏာမတွေ ပျိုးမနေတော့ဘူး၊ တိုက်ရိုက်ပဲ မေးတော့မယ်၊ ဘယ်လိုလဲ စင်သီယာ၊ ပြဿနာပေါ်ခဲ့ပြီ မဟုတ်လား"

စင်သီယာက ခေါင်းညိတ်ပြ၏။ မျက်လုံးများမှ မျက်ရည်များလည်း စီးကျလာ၏။

"ပြောပါ စင်သီယာ၊ မွန်မွန်မဟုတ်လား၊ မွန်မွန်ဘာဖြစ်သလဲ" ထိန်းလျက်က သူ့အသံကလည်း စိုးရိမ်မှုကဲနေ၏။

"မွန်မွန်ရယ် မွန်မွန် အိမ်မှာ မရှိတော့ဘူး"

"ဘယ်လို မွန်မွန် အိမ်မှာမရှိတော့ဘူး ဟုတ်လား"

"ဟုတ်တယ် ဒါပေမယ့်"

စင်သီယာက စကားကို မဆက်ဘဲထားသဖြင့် သူက စင်သီယာကို တစ်ချက်စိုက်ကြည့်သည်။ စင်သီယာမှာ စကားကို အဆက်အစပ်မှန်အောင် ပြောရခက်နေဟန်ဝမ်းသာလို့မှ မဆုံးခင် ပျောက်သွားတာကိုး၊ စင်သီယာဆိုရင်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး၊ ငယ်ထိပ်မြွေကိုက်တယ်ဆိုတဲ့စကားကို အဲဒီတော့မှ စင်သီယာနားလည်တယ်"

ဦးမြင့်နွယ်က ခေါင်းညိတ်ပြသည်။ သြော် . . . ဘာပဲဖြစ်ဖြစ် မိဘမေတ္တာဟူသည် ကြီးဘိခြင်း။

"ရဲဌာနတိုင်၊ သွားမယ်ထင်တဲ့ နေရာတွေ ဖုန်းဆက်၊ သံကြိုးရိုက်နဲ့ အလုပ်ရှုပ်နေတုန်း တောင်ကြီးက ဖုန်းလာတယ်၊ နော်မြသွေးတို့ဆီက"

"သြော် . . . သြော်"

"ဟဲဟိုးလေဆိပ်မှာ မွန်မွန့်ကို ယောင်လည်လည်နဲ့ တွေ့ကြသတဲ့၊ မသက်ာတာနဲ့ သက်ဆိုင်ရာတွေက စစ်မေးစုံစမ်းတော့ မွန်မွန်ဟာ ဘာမှ မဖြေနိုင်ဘူးတဲ့၊ ဘယ်ကလာသလဲ၊ ဘယ်သွားမလဲ၊ ဘာမှမဖြေနိုင်ဘူး၊ အဲဒါတွေထားတော့၊ သူ့နာမည် ဘယ်သူဆိုတာတောင် မပြောနိုင်တော့ဘူး"

"ဟဲဟိုးဆင်းတဲ့ ခရီးသည်စာရင်းမှာ နာမည်မပါဘူးလား"

"ချယ်ရီဆိုတဲ့ နာမည်တော့ပါတယ်၊ ချယ်ရီလားဆိုတော့လဲ မဖြေနိုင်ပြန်ဘူးတဲ့၊ ပြီးတော့ မွန်မွန့်မှာ မှတ်ပုံတင်လက်မှတ်လည်း မပါဘူးတဲ့၊ ငွေတစ်ရာထည့်ထားတဲ့ လက်ပွေ့အိတ်လေးကလွဲပြီး ဘာပစ္စည်းမှလည်းမပါဘူးတဲ့"

"နော်မြသွေးတို့ဆီ ဘယ်လိုရောက်သွားသလဲ"

"ကံအားလျော်စွာ လေဆိပ်မှာက စဝ်စံထွန်း ဆေးရုံအုပ်ကြီးက ရောက်နေတယ်၊ ဆရာဝန်ကြီးက ဖယူးဂ်ကေ့စ်ထင်တာနဲ့ စဝ်စံထွန်းဆေးရုံကြီးကို ခေါ်လာခဲ့သတဲ့၊ အဲဒီညက မွန်မွန် ပျောက်သွားလို့ စင်သီယာတို့က နော်မြသွေးတို့ဆီတယ်လီဖုန်းဆက်တယ်၊ ဆေးရုံကြီးမှာ မိန်းကလေးတစ်ယောက် ရောက်နေတယ်လည်းကြားလို့ သွားကြည့်တော့ မွန်မွန်ဖြစ်နေတယ်၊ ဒါနဲ့ သူတို့က စင်သီယာတို့ဆီ နောက်တစ်နေ့မှာ ဖုန်းဆက်လိုက်ကြတာ"

"အခု မွန်မွန် သူ့ဘဝကို သူပြန်သတိရပြီ မဟုတ်လား"

"ရတော့ ရသွားပါပြီ ဒါပေမယ့်"

စင်သီယာက အံကြိတ်လိုက်၏။ မျက်ရည်ပေါက်များက ကျလာပြန်၏။

"ဒါပေမယ့် ဘာဖြစ်သလဲ စင်သီယာ"

မျက်ရည်ပြည့်သော မျက်လုံးများဖြင့် စင်သီယာက သူ့ကို မော့ကြည့်သည်။ ဝမ်းနည်းဆို့နင့်စွာဖြင့် ဖြေ၏။

"မွန်မွန်ဟာ သူ့အရင်ဘဝမျိုးကို ပြန်ရောက်သွားပြီ"

"ဘယ်လိုဘယ်လို၊ လက်ပြန်သေသွားသလား၊ ဟုတ်လား"

စင်သီယာက ခေါင်းခါပြ၏။

"လက်တော့မဟုတ်ဘူး၊ ခြေထောက်၊ ညာဘက်ခြေထောက်"

သူက နေရာမှထလိုက်၏။ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်မိ၏။ ယူကျုံးမရစိတ်ဖြင့်စင်သီယာရှေ့တွင် ရပ်လိုက်ပြီး ပြောမိ၏။

"ကိုယ်အစက မပြောတော့ဘူးလို့ပဲ စင်သီယာ၊ အခုတော့ ပြောရတော့မယ်၊ စင်သီယာက သမီးကိုချစ်တယ်၊ ဦးနေအောင်ကလည်း ချစ်တယ်၊ မိဘတိုင်းဟာ သားသမီးကို ချစ်တယ်၊ ဒါပေမယ့် 'ချစ်တတ်ကြရဲ့လား'လို့ ကိုယ်မေးချင်တယ်၊ အထူးသဖြင့် အမျိုးသားယဉ်ကျေးမှု စည်းကမ်းတွေကိုဖောက်ပြီး ခေတ်ဆန်ကြတယ်ဆိုတဲ့ မိဘတွေကို ကိုယ်မေးချင်တယ်"

သူ့အသံက အနည်းငယ်တုန်နေ၏။ ဒေါသငွေ့မပါအောင်တော့ သူသတိထားသည်။

"ကောင်းကောင်းကျွေး၊ လှလှဆင်၊ လိုတာပေး၊ အဲဒါနဲ့ ဝတ္တရားဟာ ကျေကြပြီလား၊ မာတာပိတုဂုဏော အနန္တောလို့မြတ်စွာဘုရားက မိဘတွေကို ကိုယ်တော်မြတ်နဲ့တစ်ဂိုဏ်းထဲ ပြုပေးထားတဲ့နေရာမှာ မကောင်းမြစ်တာ ကောင်းရာညွှန်လတ်ဆိုတဲ့ တာဝန်တွေပါ ပေးခဲ့တယ်၊ ကောင်းရာညွှန်တဲ့နေရာမှာ ပါးစပ်နဲ့ချည်း မလုံလောက်ဘူး၊ မိဘတွေကိုယ်တိုင်က အတုယူဖွယ် နေနည်းထိုင်နည်း၊ အပြစ်ကင်းသန့်စင်တဲ့ နေနည်းထိုင်နည်း၊ စံပြဖြစ်တဲ့ နေနည်းထိုင်နည်း၊ အဲဒါတွေက ပါးစပ်နဲ့ပြောတာထက် ပိုအရေးကြီးတယ်၊ ဒါတွေကို အခုခေတ်မိဘတွေ သတိပြုမိကြရဲ့လား"

စင်သီယာက အံကြိတ်ပြီး ခေါင်းငုံ့ထား၏။ မျက်ရည်ကျနေသည်ကို မြင်ရသောအခါ သူ့ရင်မှာ ကရုဏာဝင်ရပြန်၏။

(ဆက်လက်ဖော်ပြပါမည်)

ဆီဆိုင်ပိုင်ရှင်များအတွက် အထူးသတင်းကောင်း
နိုင်ငံတကာတွင် အသုံးပြုနေသော ဆီပန့်နှင့် ဆီဆိုင်အား ကွန်ပျူတာဖြင့် ရာနှုန်းပြည့် ထိန်းချုပ်ဆောင်ရွက်နိုင်သည့် စနစ်အား မြန်မာနိုင်ငံရှိ ဆီဆိုင်များတွင် ယနေ့မှစ၍ တပ်ဆင်နိုင်ပြီ........
ပန့်ကိုင် ပြဿနာ
ငွေကိုင် ပြဿနာ
မန်နေဂျာ ပြဿနာ
အလေအလွင့် ပြဿနာ

"We know different between 99% and 100%"
New Product 2013
အင်ဂျင်နီယာမြန်မာမှ ထုတ်လုပ်ထည်။
ပန့်အမျိုးအစား (၇၀) ကျော်တွင် တပ်ဆင်နိုင်သည်။(Tatsuno, Gilbarco, Hong Yang/Star, Sanki,.....)
Hot Line: 095052644, 0973203624
No.58,Room(15-16),54th Street,Middle Block,Pazundaung Township,Yangon,Myanmar. Tel: 01-298676,01-9010413

တိုက်ခန်းငှားမည်
အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊(၃)လွှာ၊ထောင့်ခန်း၊၂၂ပေ×၄၅ပေ၊HALL အေးရိပ်မွန်အိမ်ရာ၊ဘုရင့်နောင်လမ်းမ၊ လှိုင်မြို့နယ်၊မြေညီ၊ထောင့်ခန်း၊ ၁၅ပေ×ပေ၆၀၊ HALL **ဖုန်း-၅၁၉၄၇၂၊ ၀၉၄၃၅၅၀၅၅၀၊ ၀၉၅၀၅၆၀၈၀**

ရောင်းမည်
ပုဇွန်တောင်မြို့နယ်၊ (၅၇)လမ်း၊ အကျယ် ၁၅ပေ×ပေ၃၀
ဆက်သွယ်ရန်
ဖုန်း-၀၉၈၆၃၆၆၈၇

မွေးသက္ကရာဇ်မှန်
ရန်ကုန်မြို့နေ ဦးသိန်းဝင်း-ဒေါ်ခင်လှမော်တို့၏သား မောင်စောမြင့်မောင် [၁၂/ဒဂတ(နိုင်) ၀၅၉၉၂၉] ၏ မွေးသက္ကရာဇ်မှာ ၃၀-၇-၁၉၉၃ဖြစ်ပါသည်။
မောင်စောမြင့်မောင်

E.F.R Seconda Casa Beach Resort & Restaurant

ငွေဆောင်ကမ်းခြေ ရဲ့အလှအပကိုခံစားရင်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့အတူ သင့်အားစောင့်ကြိုနေမယ့် **E.F.R**

Hot Line: (Yangon) 01-381010, 381066, 09-420286301
(Ngwe Saung) 042-40282, 40398, 09-49322843

EMERALD MYANMAR Travels & Tours
April 12

ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-ရွှေစက်တော်-မကွေး

AC-Express Saloon Hi-Ace

Ph: 01-8500585, 09-49589762, 09-49589764, 09-421013999

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊ မြေကွက်အမှတ်(၁၆၃၇)၊ မြေကွက်တည်နေရာအမှတ်(၁၀)၊ သာလွှာဝတီ(၄)လမ်း၊ (၁၀/တောင်)၊ (၁၄)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ကြည်သိန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်သိန်း(မိခင်)၊ ဦးတင်ညို (ဖခင်)၊ ဒေါ်ခင်အေးမူ(သမီး)၊ ဦးစန်းမြိုင်(သမက်)တို့ အသီးသီးကွယ်လွန်သဖြင့် ၁။ဦးဌေးဝင်း[၁၂/သကတ(နိုင်)၀၇၈၈၉၀]၊ ၂။ဒေါ်ခင်အေးကြူ[၁၂/ဒဂန(နိုင်)၀၀၉၂၇၅]၊ ၃။ဦးဝင်းနိုင် [၁၂/သကတ(နိုင်)၀၅၆၉၉၂]၊ ၄။ဒေါ်လဲ့လဲ့ဝင်း[၁၂/သကတ(နိုင်)၀၈၉၇၁၉]၊ ၅။ဒေါ်ဖြူဖြူဝင်း[၁၂/သကတ (နိုင်)၁၃၆၆၂၃]၊ ၆။ဦးမျိုးမင်းဇော်[၁၂/သကတ(နိုင်)၁၅၄၂၈၇]၊ ၇။ဒေါ်ခိုင်ဇာဝင်း [၁၂/သကတ(နိုင်)၁၆၈၈၉၆]၊ ၈။ဒေါ်ဝေမွန်အောင်[၁၂/သကတ(နိုင်)၁၈၃၈၇၀]၊ ၉။ ဒေါ်တင်ဇာဇာဝင်း[၁၂/သကတ(နိုင်)၁၈၄၂၄၁]တို့မှ မိခင်၊ ဖခင်နှင့် အဘိုးအဘွားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တိုင်းကျန်းမာရေးဦးစီးဌာန၏ထောက်ခံချက်တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်အိတ်ဖွင့်တင်ဒါ ကြော်ငြာပယ်ဖျက်ခြင်း

၃၀-၃-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာထားသော ICT Complex တည်ဆောက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်လိုက်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်

ကိုယ်ခံစွမ်းအား မြင့်မားဖို့ မှုံငွေကောင်း ရဲယို သောက်ကြစို့။
မှုံငွေကောင်း ရဲယို များရည်
-0213Y010309

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၅၃)၊ မြေကွက်တည်နေရာအမှတ်(၂၅၃)၊ ရတနာသီရိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးစံ)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစံ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်နီ[၁၂/ဒပန(နိုင်)၀၁၂၅၉၄]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်၊ ရဲစခန်းထောက်ခံချက်သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ်(ခ/၆၃)၊ မြေကွက်တည်နေရာ(၁၆၃)၊ မြတ်လေးနွယ်(၂)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးသိန်းလွင်၊ ဒေါ်အေးမြင့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းလွင် ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းငွေ[၉/မထလ(နိုင်)၁၃၄၅၇၂]မှ ၎င်းခင်ပွန်းဦးသိန်းလွင်၏ ပိုင်ဆိုင်ခွင့်အစုကို ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြလျက် ပူးတွဲအမည်ပေါက် ဒေါ်အေးမြင့်ကိုယ်စား SP (၂၅၉/၂၀၁၃)ရသူ ဦးအလီဟူဆိန်နှင့် ပူးတွဲလျက်ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈ဘီ)၊ မြေကွက်အမှတ်(၈၆)၊ မြေကွက်တည်နေရာအမှတ်(၄၃)၊ ရန်ကြီးအောင်လမ်း၊ စမ်းချောင်းမြို့နယ် (ဦးထွန်းရှိန်)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးထွန်းရှိန်(လူပျိုကြီး)ကွယ်လွန်သဖြင့် ဦးတင်ထွန်း[၁၂/လမန(နိုင်)၀၂၁၈၉၂]က တစ်ဦးတည်းသောညီတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် မေတ္တာဖြင့်အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ မြေကွက်အမှတ်(၆၃၂)၊ မြေကွက်တည်နေရာအမှတ်(၅၁)၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ် (ဦးကြွေ)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်(စီမံချက်ဂရန်)မြေအား အမည်ပေါက် ဦးကြွေ[၁၂/ကမရ(နိုင်)၀၀၉၁၂၂] ဇနီးဖြစ်သူ ဒေါ်အုန်းကွယ်လွန်သဖြင့် ဦးမြင့်အောင်[၁၂/ကမရ(နိုင်)၀၀၉၁၇၃]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၂)၊ မြေကွက်အမှတ် (၇၄)၊ မြေကွက်တည်နေရာအမှတ်(၇၄)၊ ရတနာပုံလမ်း၊ (၇၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (ဒေါ်စိန်နက်)(ISN-၂၇၇၆၇၃)အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဒေါ်စိန်နက်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးတင်လှ[၁၂/သဃက (နိုင်)၁၂၉၇၄၀]မှ မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးဒေါင့်ကန်၊ မြေကွက်အမှတ်(၁၆၁)၊ မြေကွက်တည်နေရာအမှတ်(၆၉)၊ လေးဒေါင့်ကန်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်(ဦးသာဒွန်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသာဒွန်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးခင်ဆန်း[၁၂/သဃက(ဧည့်)၀၀၀၀၄၃]က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံကတိပုံစံများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ISO 9001:2008

သွပ်ပြားဆိုတာ သံချေးတက်မှ ပျက်စီးတာပါ......သွပ်ရည်စိမ်ထားတဲ့ အရည်အသွေးကောင်းမှ ရေရှည်ခံနိုင်မှာပါ။
သာမန်သွပ်ပြားထက် (၄)ဆခန့် ပိုကြာရှည်ခံသော GALVALUME (အလူမီနီယံ) နဲ့ ထုတ်လုပ်ထားသော

Since 1989

Galvalume steel sheets



ဂျပန်နိုင်ငံစက်ရုံမှတိုက်ရိုက်မှာယူတင်သွင်းထုတ်လုပ်သော
ကြယ်လေးပွင့် (အနက်ရောင်) တံဆိပ်သွပ်ပြား

FOUR STARS

ရုံးချုပ် / စက်ရုံ

Stasia Capital Myanmar Co.,Ltd
Real Estate Services

ဗဟန်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဒဂုံမြို့နယ်၊ လှိုင်မြို့နယ်နှင့်
မရမ်းကုန်းမြို့နယ်များရှိ
လူကြီးမင်းတို့ပိုင်ဆိုင်သော အသင့်နေ လုံးချင်း၊ တိုက်ခန်း၊ ကွန်ဒိုများအား
နိုင်ငံခြားသားများအား ငှားရမ်းလိုပါက ပိုင်ရှင်များ တိုက်ရိုက်ဆက်သွယ်
အပ်နှံနိုင်ပါသည်။ ဆက်သွယ်ရန်-
အခန်း(၄၁၂)၊ ၄လွှာ၊ ယုဇနဟိုတယ်၊ အမှတ်(၁၃၀)၊ ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၈၆၀၃၄၈၈၊ ၀၉-၅၁၃၃၇၅၄

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။ (ပွဲစားမလို)

[illegible] 3200sqft 2RC 5BR [illegible]

Ph: 09-43107459, 09-5054219

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာများနှင့် ဌာနမှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်ခဲ့သော တိုက်ခန်းအား မူလနေထိုင်သူ ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်နှင့် နေထိုင်ခွင့်မိတ္တူမှန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ကန်ထရိုက်တာဦးမြင့်သိန်း [၁၂/ပဘတ(နိုင်)၀၂၁၉၈၉](မှ) ဦးမြင့်ဦး [၁၂/ပဇတ(နိုင်)၀၂၁၀၁၃](မှ) ဦးခင်မောင်ထွေး [၁၂/ကတတ(နိုင်)၀၀၂၁၄၆](မှ)	ဦးမြိုး [၁၂/ကတတ(နိုင်)၀၁၂၉၆၀] ဒေါ်ဝင်းကြည် [၁၂/ကတတ(နိုင်)၀၂၂၅၇၅]	အမှတ်(၁၂၁)၊ ၅လွှာ(ယာ) လမ်း(၄၀)၊ ကျောက်တံတား
၂။	ကန်ထရိုက်တာဦးဘခင် [၁၂/မဂတ(နိုင်)၀၇၉၉၅၄](မှ) ဦးဇင်မင်း [၁၂/မဂတ(နိုင်)၀၉၃၈၄၀](မှ) ဒေါ်ခင်ခင်စိန် [၁၂/ပဘတ(နိုင်)၀၀၉၃၀၄](မှ)	ဒေါ်တင်တင်ချို TME-၀၃၆၂၆၈	အမှတ်(၁၆၁)၊ ၄လွှာ(ဝဲ) လမ်း(၃၀)၊ ပန်းဘဲတန်း
၃။	ဦးထိန်လင်း BSN/W ၂၃၅၁၉၈(မှ) ဒေါ်တင်တင်အေး DKU-၀၈၆၄၂၇ ဒေါ်အေးသန္တာဝင်း [၁၂/အစန(နိုင်)၁၃၉၈၄၁](မှ) ဦးစံမြင့် [၁၂/လမန(နိုင်)၁၀၇၂၇၀](မှ)	ဒေါ်ခင်မာချို [၁၂/လမန(နိုင်)၁၄၂၃၁၁] ဒေါ်ဝင့်ဝင့်မျိုး [၁၂/ဒဂမ(ပြု)၀၀၀၁၀၄]	အမှတ်(၅)၊အခန်းအမှတ်(၆၅)၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်
၄။	ဦးကြည်ဝင်း [၁၂/ဗတထ(နိုင်)၀၂၁၀၀၁](မှ)	ဦးကျော်ဟိန်း [၁၂/ပဘတ(နိုင်)၀၁၄၅၃၁]	အမှတ်(၁၄၉/၁၅၃)၊ အခန်း (၇)၊ (ပ)ထပ်၊ ၂၉လမ်း၊ ပန်းဘဲတန်း
၅။	ဒေါ်သန်းသန်းအေး [၁၂/ပဘတ(နိုင်)၀၁၈၉၂၃](မှ)	ဦးကျော်ဟိန်း [၁၂/ပဘတ(နိုင်)၀၁၄၅၃၁]	အမှတ်(၁၄၉/၁၅၃)၊ အခန်း (၆)၊ (ပ)ထပ်၊ ၂၉လမ်း၊ ပန်းဘဲတန်း
၆။	ဦးတင်မောင်ဝင်း C-L-၀၃ [၁၂/လမတ(နိုင်)၀၁၅၉၅၄](မှ) ဒေါ်ခိုင်နွယ်နွယ်အောင် [၁၂/သကတ(နိုင်)၁၁၄၆၁၂](မှ)	SHAGUFTA AHMED (ရှာဝတ်ဖတ်တာအာမက်) [၁၂/ပဇတ(ပြု)၀၀၀၂၄၃]	အမှတ်(၂၆၀/၂၆၂)၊ အခန်း(၉)၊ ၅လွှာ(ဝဲ)၊ လမ်း(၄၀)၊ ကျောက်တံတား
၇။	ဦးညွန့်လှိုင် TGO ၁၂၂၁၈၅ ဒေါ်တင်တင်ချို TGO ၁၃၄၂၁၆(မှ) ဦးဝင်းမြင့်အောင် [၁၂/မရက(နိုင်)၁၁၈၅၄၆] ဒေါ်ဗျာသာမီး [၉/မကန(နိုင်)၀၀၉၂၇၄](မှ)	ဒေါ်ခင်ဝင်း [၁၂/မဂဒ(နိုင်)၀၁၈၂၀၃]	အမှတ်(၁၅၈/၁၆၀)၊ အခန်း(၁)၊ မြေညီထပ် (၄၇)လမ်း၊ ဗိုလ်တထောင်
၈။	ကန်ထရိုက်တာဦးအောင်ဇော်ဝင်း (ရှိုင်းဆောက်လုပ်ရေး)(မှ) ဦးကော်ဘိန်းအာမက်(ကွယ်လွန်) AK-၀၈၈၁၆၈(ကစ) ဒေါ်ခါလေဒါခါတူး TKA-၀၀၂၁၉၈ ဦးမြင့်ဇော်ဦး DBN-၀၁၈၈၇၉(မှ)	ဦးဇော်ငြေး [၁၂/ပဘတ(နိုင်)၀၃၁၄၄၆]	အမှတ်(၁၄၁)၊ ၄လွှာ(ယာ) ၂၆လမ်း၊ ပန်းဘဲတန်း
၉။	ဒေါ်မေမေယဉ် [၁၂/ကတတ(နိုင်)၀၁၃၁၉၃](မှ)	ဦးကျော်ဆန်းလှိုင် [၁၂/လသန(နိုင်)၀၁၉၇၃၃] ဒေါ်ကြူရွှေပတ် CHEW SWEE PEIK [၁၂/လသန(ပြု)၀၀၀၃၈၉]	အမှတ်(၂၄)၊ အခန်း(၁)၊ မြေညီ(ဝဲ)၊ ၄၁လမ်း၊ ဗိုလ်တထောင်
၁၀။	ဒေါ်စန်းစန်းအေး [၁၂/လမတ(နိုင်)၀၁၁၆၉၇]	မိတ္တူမှန်လျှောက်ထားခြင်း	အမှတ်(၁၄၆/၁၄၈)၊ အခန်း(၁၅)၊ ၂၆လမ်း၊ ပန်းဘဲတန်း
၁၁။	ဦးစိန်ဝင်း ISN ၅၄၆၈၇၈(မှ)	ဒေါ်ခင်စန်းအေး [၁၂/ပဘတ(နိုင်)၀၀၈၅၁၄]	အမှတ်(၁၄၅/၁၅၁)၊ အခန်း(၁၂)၊ ၂၆လမ်း၊ ပန်းဘဲတန်း
၁၂။	ဒေါ်ခင်မြတ်မွန် DKU ၁၁၁၁၄၁(မှ)	ဒေါ်ခင်စန်းအေး [၁၂/ပဘတ(နိုင်)၀၀၈၅၁၄]	အမှတ်(၁၄၅/၁၅၁)၊ အခန်း(၉)၊ ၂၆လမ်း၊ ပန်းဘဲတန်း
၁၃။	ဦးအေးဖေ(ကွယ်လွန်) AB ၀၄၂၉၇၄(ကစ) ဒေါ်စန်းစန်းရီ(ဇနီး) [၁၂/မကရ(နိုင်)၀၃၄၇၆၉](မှ)	ဒေါ်ချယ်ရီထွေး(ခ)ဖာတမာဘီ [၈/စလန(နိုင်)၀၀၀၆၉၈]	အမှတ်(၄၇၄/၄၇၆)၊ အခန်း(၁)၊ မြေညီ အခန်း(၇)၊ ပထမထပ် မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်း

ဌာနမှူး၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဆောင်း နွေ မိုး .. [illegible]

[illegible] 09 448004288 , 09 448004289

မွေးနေ့ရက်မြတ် မင်္ဂလာဆုတောင်း

မီးမီးတို့ သားအမိအပေါ် အရိပ်တစ်ခုသဖွယ် အမြဲတမ်းချစ်ခင်စောင့်ရှောက်ဖေးမပေးခဲ့တဲ့ ချစ်ရသောကိုကြီး **ကိုကျော်ဇေယျ** (လ/ထ ညွှန်မှူး (မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)ရဲ့ ၁၀-၄-၂၀၁၃ရက်မှာ ကျရောက်တဲ့ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုကြီးချစ်တဲ့ မိသားစုနှင့်အတူ သာယာအောင်မြင်သော ဘဝကိုပိုင်ဆိုင်နိုင်ပါစေ။

ချစ်ဇနီး-ခိုင်ယဉ်မြင့်(ခ)မီးမီး

သားသား-တည်ကြည်ရေ Grade IIအမက(၁)ဗဟန်း

ပြည်တွင်း၌သာခန့်ထားရန်

ဈေးကွက်တွင် အောင်မြင်လျက်ရှိသော ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ သွားတိုက်ဆေးအစရှိသည့် လူသုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရန်အတွက် အောက်ပါကျွမ်းကျင်ဝန်ထမ်းများ အလိုရှိသည်။

(၁) Sales Representative (အရောင်းဝန်ထမ်း) (၆)ဦး

- အသက် (၂၀)နှစ်နှင့် (၃၀)နှစ်ကြား အမျိုးသား။
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ။
- အင်္ဂလိပ်စာ အရေးအပြော နားလည်သူ။
- လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ဖြန့်ချိရောင်းချသည့် အတွေ့အကြုံရှိသူ။
- ပြောဆိုဆက်ဆံရေး ကောင်းမွန်သူ။
- မော်တော်ယာဉ်(Light Truck)ကျွမ်းကျင်စွာ မောင်းနှင်နိုင်ပြီး ယာဉ်မောင်းလိုင်စင်ရှိသူကို ဦးစားပေးမည်။

(၂) Driving Merchandiser (ကုန်ပစ္စည်းပို့ဆောင်ခင်းကျင်းရေးယာဉ်မောင်း) (၃)ဦး

- အသက် (၂၀)နှစ်နှင့် (၃၀)နှစ်ကြား အမျိုးသား။
- ပညာအရည်အချင်း (၁၀)တန်းအထိ ပညာသင်ဖူးသူ ကုန်ပစ္စည်းပို့ဆောင် ခင်းကျင်းနိုင်သူ
- မော်တော်ယာဉ်(Light Truck)ကျွမ်းကျင်စွာ မောင်းနှင်နိုင်ပြီး ယာဉ်မောင်းလိုင်စင်ရှိသူ။

(၃) Merchandiser (ကုန်ပစ္စည်းပို့ဆောင်ခင်းကျင်းရေးဝန်ထမ်း) (၃)ဦး

- အသက် (၂၀)နှစ်နှင့် (၃၀)နှစ်ကြား အမျိုးသား။
- ပညာအရည်အချင်း (၁၀)တန်းအောင်
- ကုန်ပစ္စည်းပို့ဆောင် ခင်းကျင်းနိုင်သူ
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ ကိုယ်ရေးရာဇဝင်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပညာအရည်အချင်း အထောက်အထားများ၊ အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူတို့နှင့်အတူ အောက်ပါ လိပ်စာသို့ (၇)ရက်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံရေးရာဌာန
New Link Marketing Ltd.
အမှတ် (၆-ခ)၊ သုခဝတီလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ဖုန်းနံပါတ်-
၀၁-၅၆၁၅၃၂၊ ၅၆၀၂၁၆၊
၀၉-၈၆၂၇၅၁၇

အများသိစေရန်

အမှတ်-၁၁၂/၁၂၂၊ ရွှေဘုံသာလမ်း၊ (၆)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ "ရန်ကုန်နာတ္တုကော်တိုက် ချစ်တီးယားဘုရား ကျောင်းတော်လှူဒါန်းရေးနှင့် အုပ်ချုပ်ရေးအဖွဲ့"၏ ဖွဲ့စည်းပုံ (စကင်း)စည်းမျဉ်းအရ ရွေးချယ်တင်မြှောက်ထားသော ဂေါပကအဖွဲ့ဝင်များမှာ အောက်ပါပုဂ္ဂိုလ်များဖြစ်ပါသည်။

၁။	A.Rရာသီနမ်ချစ်တီးယား	ဥက္ကဋ္ဌ
၂။	S.P.Nကာန္ဒပ္ပချစ်တီးယား	ဒု-ဥက္ကဋ္ဌ
၃။	R.M.A.T.Sရာမာနသန်(ခ)ဦးမြင့်သိန်း	အတွင်းရေးမှူး
၄။	S ရာမာဆွာမိ ချစ်တီးယား	စာရင်းစစ်
၅။	N.L ရာမာနသန်ချစ်တီးယား	အဖွဲ့ဝင်
၆။	R.M စီးနီးဗာဆန်ချစ်တီးယား	အဖွဲ့ဝင်

ဥက္ကဋ္ဌ A.Rရာသီနမ်ချစ်တီးယားသည် ၂၀၁၀ခုနှစ်၊ အောက်တိုဘာလတွင် ကွယ်လွန်ခဲ့ပါသည်။

အမှတ်စဉ်(၅)N.Lရာမာနသန်ချစ်တီးယားသည် ယခင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်ခြင်းမခံရသည့်အခါမှစ၍ ၎င်းထံရှိနေသော ဘုရားကျောင်းရှိ အဖိုးတန်ရတနာပစ္စည်းများနှင့် ဘဏ္ဍာတော်ငွေများထားသည့် မီးခံသေတ္တာနှင့်တကွ အခြားဗီရိုသော့များကို လက်ရှိ ဂေါပကအဖွဲ့သို့ ပြန်လည်အပ်နှံခြင်းမပြုခဲ့ပါ။ N.Lရာမာနသန်ချစ်တီးယားသည် အသက်အရွယ်ကြီးရင့်ကာ လေဖြတ်ဝေဒနာခံစားနေရသဖြင့် မည်သည့်တာဝန်မျှ ထမ်းဆောင်နိုင်ခြင်းမရှိကြောင်း သိရှိရပါသည်။

လက်ရှိ ဂေါပကအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ယခင်ဥက္ကဋ္ဌဟောင်း N.L ရာမာနသန်ချစ်တီးယားထံရှိသော ဘုရားကျောင်း ပိုင်သော့များကို ရယူပြီးမှသာလျှင် ရွေးကောက်ပွဲအသစ်ပြုလုပ်ရန်နှင့် ရွေးကောက်ပွဲမပြုလုပ်မီစပ်ကြား လက်ရှိဂေါပကအဖွဲ့ကသာ ဘုရားကျောင်းကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်ကြရန် ဆုံးဖြတ်ထားပါသည်။

သို့ပါ၍ ဓမ္မမိတ်ဆွေသူတော်စင်များအနေဖြင့် ဘုရားကျောင်းကိစ္စအဝဝကို လက်ရှိ ဘုရားကျောင်းတော် ဂေါပကအဖွဲ့နှင့်သာ တိုက်ရိုက်ဆက်သွယ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်နာတ္တုကော်တိုက် ချစ်တီးယားဘုရား ကျောင်းတော်လှူဒါန်းရေးနှင့်
အုပ်ချုပ်ရေးအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း(မအူပင်)B.A.,H.G.P.,RL
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၇၈)
အမှတ်-၁၀/၁၂၊ (၃)လွှာ၊ အခန်း(၂၀၁)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ရွှေတိဂုံစေတီတော်

၁၃၇၅ခုနှစ်၊ နှစ်သစ်မင်္ဂလာအခမ်းအနား၊ ဇီဝိတဒါနဘေးမဲ့သက်လွှတ်ပွဲအခမ်းအနားနှင့်
(၁၇)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကျင်းပမည်

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်မင်္ဂလာအခမ်းအနား၊ ဇီဝိတဒါနဘေးမဲ့သက်လွှတ်ပွဲနှင့် (၁၇)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားများကို (၁၃၇၅ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ရက်) ၁၇-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅နာရီအချိန်မှ စတင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နံနက် ၅နာရီအချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရင်ပြင်တော်တောင်ဘက် ဆည့်ခံတန်ဆောင်း၌ အရုဏ်ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းများကပ်လှူခြင်း၊ ၅း၃၀နာရီတွင် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာကြားခြင်း၊ ရေစက်သွန်းချအမျှပေးဝေခြင်း နံနက် ၇နာရီအချိန်တွင် ရှင်ဥပဂုတ္တမင်္ဂလာကန်တော်အတွင်း ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲ အခမ်းအနားကို ကျင်းပခြင်း၊ နံနက် ၈နာရီအချိန်တွင် (၁၇)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ရင်ပြင်တော်ရာဟုထောင့်ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း/ကျောင်းသားဟောင်းများ၏ (န၀မ)အကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ

တောင်ကြီးမြို့၊ စက်မှုလက်မှုအထက်တန်းကျောင်း/ကျောင်းသားဟောင်းများ၏ (န၀မ)အကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၃ခုနှစ်၊ မေလ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် တောင်ကြီးမြို့၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ နေရာဒေသအသီးသီးမှာနေထိုင်ကြသည့် ကျောင်းသားဟောင်းညီအစ်ကိုများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပူဇော်ကန်တော့ကြပါရန် အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ပူဇော်ကန်တော့ခံပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ရန် အောက်ပါကျောင်းသားဟောင်းများထံတွင် ဆက်သွယ်နိုင်ပါသည်။

တောင်ကြီး	ဦးစိုးညွန့်	ဖုန်း-၀၉-၅၂၁၄၅၀၁
	ဦးတင်အောင်	ဖုန်း-၀၉-၅၂၁၁၁၄၆
	ဦးခင်မောင်ဝင်း	ဖုန်း-၀၉-၄၉၅၇၁၈၆၂
မိတ္ထီလာ	ဦးကိုကိုလတ်	ဖုန်း-၀၆၄-၃၅၀၀၅
မန္တလေး	ဦးအေးဝင်း	ဖုန်း-၀၂-၆၂၅၄၄၊ ၀၉-၅၂၃၀၂၃၇
ပျဉ်းမနား	ဦးဇော်ဝင်း	ဖုန်း-၀၆၇-၂၆၅၉၀
တောင်ငူ	ဦးမင်းနောင်	ဖုန်း-၀၅၄-၂၄၄၀၄၊ ၀၉-၄၉၄၃၁၁၆၅
ပခုက္ကူ	ဦးအောင်မြင့်သိန်း	ဖုန်း-၀၆၂ -၂၁၉၃၉၊ ၀၉-၂၃၀၀၅၁၅
ရန်ကုန်	ဦးလှမြိုင်	ဖုန်း-၀၉-၄၃၀၈၈၉၀၁
	ဦးလှသိန်း	ဖုန်း-၀၉-၅၁၉၂၉၇၅၊ ၀၉-၈၃၀၁၈၃၉
	ဦးသိန်းလွင်	ဖုန်း-၀၉-၄၅၀၀၄၁၉၅
	ဦးထွန်းထွန်းမောင်	ဖုန်း-၀၉-၅၁၀၆၈၆၈
	ဦးစိုးမြင့်	ဖုန်း-၀၉-၅၁၃၁၂၁၉
	ဦးမျိုးလှိုင်အေး	ဖုန်း-၀၉-၄၃၀၃၁၇၅၁
မကွေး	ဦးကြည်သိန်း(ခ)ဦးတင်ညွန့်	ဖုန်း-၀၉-၂၃၀၀၀၀၄
	ဦးဝင်းငွေ	ဖုန်း-၀၉-၅၃၃၀၅၈၁
မင်းဘူး	ဦးကျော်ငွေမြင့်	ဖုန်း-၀၉-၅၃၄၂၈၈၃
	ဦးကြည်အောင်	ဖုန်း-၀၉-၅၃၄၂၇၉၀
ကျောက်ပန်းတောင်း	ဦးသန်းမောင်	ဖုန်း-၀၉-၄၀၁၅၂၅၅၃၈

မှတ်ချက်။ ။ရန်ကုန်မှ တောင်ကြီးမြို့သို့လိုက်ပါမည့် ဆရာ၊ ဆရာမများနှင့်ကျောင်းသားဟောင်းများသည် ရန်ကုန်ကိုယ်စားလှယ်ကျောင်းသားဟောင်းများထံတွင်စာရင်းပေးသွင်းပါရန်။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၆၃)တွင် ဆောက်လုပ်ထားသော ($4\frac{1}{2}$)တိုက်၏ အခန်းအမှတ်(၃)၊ (ပ)ထပ်၊ (၃+၄)လွှာ၊ အကျယ်အဝန်း ပေ(၁၅×၅၈)အကျယ်အဝန်းရှိ တိုက်ခန်းအဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်နေထိုင်သူ ဒေါ်သန်းကြင်[၁၀/မလမ(နိုင်)၁၂၄၆၈၃]မှ ရောင်းချခွင့်ရှိကြောင်း ဝန်ခံတင်ပြပြီး ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းတိုက်ခန်းအဆောက်အအုံနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းထွန်း LL.B, D.B.L	**ဦးကျော်ဆန်းဝင်း**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)	**အထက်တန်းရှေ့နေ(စဉ်-၃၂၁၀၆)**

အမှတ်(၂၈)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၃၀၅၅၇၄၊ ၀၉ ၅၀၃၄၆၅၂၊ ၀၉ ၄၅၀၀၃၉၂၁၀

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့၊ မြေတိုင်း(၂၂)၊ မြေကွက်အမှတ်(၁၆၄)၊ ဧရိယာပေ(၆၀×၈၀)အကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အသီးသီးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းမိုင်[၅/ကသန(နိုင်)၀၇၉၄၈၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုသည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါမည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဘိုမင်းဖြူ(စဉ်-၇၂၅၇)	**ဦးဘစံ(စဉ်-၇၂၇၉)**

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၈၃/၁၄ဒီ၊ (ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၂၁၄၀၂၄	**ဖုန်း-၀၉ ၅၆၈၀၃၄၉**

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)

FINANCIAL SERVICES နှင့် BUSINESS MANAGEMNT
အမှတ်စဉ် (၃) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Education တို့ ပူးပေါင်း၍ ဖောက်ဖော်ပြပါ သင်တန်းအမှတ်စဉ် (၃)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **Certificate in Financial Services (CFS)**

(ခ) **Certificate in Business Management (CBM)**

၁။ တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင် ပြီးသူများနှင့် တက္ကသိုလ်မှတ္တခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် ဘက်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။

၂။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှ တစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော **Bachelor of Business Administration/ Finance and Banking (BBA)** ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ **BBA** ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။

၃။ **Business Management** သည် စီးပွားရေးစီမံခန့်ခွဲမှု၏ အခြေခံဘာသာရပ်များဖြစ်သည့် စီမံခန့်ခွဲမှု၊ ပြောဆိုဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ်ခန့်ခွဲမှု၊ ဈေးကွက်ထိုးဖောက်ခြင်း၊ စာရင်းကိုင်ပညာနှင့် IT ပညာတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မန်နေဂျာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။

၄။ **Financial Services** သည် စီးပွားရေးအဖွဲ့အစည်းများနှင့် ဘဏ်များ၏အခြေခံသဘောတရားများဘဏ်များနှင့်ငွေကြေးအရင်းအနှီးဈေးကွက်တည်ဆောက်ပုံတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါကဘဏ်များနှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏မန်နေဂျာ၊ ငွေကြေးဆိုင်ရာ စီမံရေးဆွဲရေးအရာရှိများနှင့်စတော့ဈေးကွက်တည်ဆောက်သူအရာရှိများ၊ စတော့ရောင်းဝယ်သူအရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၅။ သင်တန်းကာလ(၆)လဖြစ်ပြီး၊ ၂၀၁၃ ခုနှစ် မေလ ၁၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

၆။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့် မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့် မိတ္တူ)၊ လိုင်စင်ဓါတ်ပုံ (၃)ပုံတင်ပြရမည်။

(လူကိုယ်တိုင်ရောက်ရှိ၍ သတ်မှတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အသေးစိတ်သိရှိလိုပါက - အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(STI Education)
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား) ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်
ဖုန်း - ၀၉၄၂၀၁၈၃၁၅၅ ၃၇၇၉၈၈၊ ၀၉၄၂၀၁၃၁၇၃၀၊ ၅၀၇၀၄၈၊ ၀၉၄၂၀၂၅၄၈၇၂

GREAT MASTER CONSTRUCTION CO.,LTD
နိုင်ငံတကာ အဆင့်မီအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။
အမှတ်(၁၃၃)၊ အခန်းအမှတ်(G-1)မြေညီထပ်၊ (လမင်းသာယာကွန်ဒို)၊ ရှိမသာစီဘေး၊ ဂက်ဖုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်-၀၁-၉၀၀၀၀၃၃၊ ၀၁-၈၆၁၀၁၃၄၊ ၀၉-၇၃၂၂၃၆၂၄
ဝန်ထမ်းအလိုရှိသည်။ (ပြည်တွင်း၌သာနေထိုင်ရန်)

၁။ Project Enginner — ကျား(၁)ဦး
- B.E, A.G.T.I (Civil) ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်အထက်ရှိပြီး ဦးဆောင်နိုင်သူဖြစ်ရမည်။
- (၁၂)ထပ်အမြင့် ဆောက်လုပ်ဖူးသူ ဦးစားပေးမည်။

၂။ Site Engineer — ကျား(၁)ဦး
- B.E, A.G.T.I (Civil) ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၃)နှစ် ရှိရမည်။

၃။ Accountant — မ (၁)ဦး
- လုပ်ငန်းအတွေ့အကြုံ(၅)နှစ် ရှိရမည်။
- B.Com (or) LCCI Level III ဖြစ်ရမည်။
- Accounting Software & Excel ကျွမ်းကျင်သူ ဖြစ်ရမည်။

၄။ Translator — မ (၁)ဦး
- တရုတ်၊ အင်္ဂလိပ် စကားပြောကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။

၅။ Sale Staff — မ (၃)ဦး
- ဘွဲ့ရဖြစ်ရမည်။ အသက်(၂၀ မှ ၃၀)အတွင်း ဖြစ်ရမည်။
- ရုပ်ရည်ချောမော၍ သွက်လက်ပြီး ဆက်ဆံရေးအတွေ့ကောင်းမွန်ရမည်။
- ဆောက်လုပ်ရေးလုပ်ငန်းစီတပ်ပါဝင်စားသူ ဖြစ်ရမည်။

၆။ Store Keeper — မ (၁)ဦး
- ဘွဲ့ရဖြစ်ရမည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

၇။ Security — ကျား(၆)ဦး
- ကျန်းမာရေးကောင်းမွန်ပြီး၊ ရိုးသားကြိုးစား၍ အလုပ်ချိန်တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- နေ့/ည တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓါတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်မိတ္တူတို့နှင့်အတူ (၂၁-၄-၂၀၁၃)နေ့နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

Virgin Land Travels & Tours
အကြိုက်တွေ့ Package ခရီးစဉ်များ (ဈေးနှုန်းသာ ငွေဆောင်း ပေးပီ)
ဟိုတယ် Booking များ၊ Air Ticket များ၊ Express ကားလက်မှတ်များ
ပြည်တွင်း၊ ပြည်ပ တစ်နေရာရာမြန်မြန်ရောက်မည် စီစဉ်ပေးပါသည်။
906, [illegible] 01-8610252, 09-5202643, 09-5123793

Golden Spider
[illegible] ၆၅၀၀၀ိ/
ရှောင်းသာ
09.73130346 09.423720047

Cambridge တက္ကသိုလ်အသိအမှတ်ပြုလက်မှတ်ရ instructor များနှင့် Cambridge တက္ကသိုလ်၏ နည်းစနစ်အတိုင်း အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသူများအတွက်
GETC building a better future
Opening in April
Foundation English Program
(4 Skills + Grammar & Vocabulary)
Basic English — Communicative English — IELTS Foundation
ခြေမြန်ကုန်း 537895,502775,530097 www.getc-languageschool.com

FAME **Diarstat®**
For bacillary dysentery and diarrhea
ဝမ်းကျွန်ဆေးဝမ်းကိုဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Biogurt®**
Probiotic supplement
ဒိန်ချဉ်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၈၇၉)၊ မြေကွက်တည်နေရာအမှတ်(၈၇၉)၊ နတ်ရေကန်(၃)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးခင်မောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်နှင့် ဒေါ်အမာ မိခင်၊ဖခင်တို့အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်မာဆွေ[၁၂/လကန(နိုင်)၀၀၆၁၀၈]နှင့် ဒေါ်ခင်မာထွေး[၁၂/ရကန(နိုင်)၀၂၂၆၆၀]တို့မှ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ GP ၉၃၉၈/၁၁/၃၁. ၅. ၁၁ရရှိသူ ဦးခင်မောင်အေး[၁၂/တမန(နိုင်)၁၀၃၈၆၃]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာရေးဆရာ ဆန်းပြောင်းပြန် ကျမ်းပြုပညာရှင်
ဆရာအဏ္ဏဝါ အောင်မြင့်မော် ရေးသားပြုစုသော ထူးခြားဆန်းပြား မဟာဘုတ်ဗေဒင်ကျမ်း စာအုပ်များကို ရန်ကုန်မြို့တွင်း စာအုပ်ဆိုင်ကြီးများ တွင် ရောင်းချပေးနေပါပြီ။
သင်တန်းသူ/သား ခေါ်ယူခြင်း
သင်တန်းသား(၅)ဦးသာလက်ခံပါသည်။
ဖုန်း-၀၉-၄၂၀၃၁၂၃၂၀၊
၀၉-၇၃၀၁၀၅၈၀

ဒဂုံမြို့သစ်
မြောက်ပိုင်း
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်းမြို့နယ်
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်မည်။
09 5039562
09 730 49875

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အမှတ်(၁၂)၊ တတိယထပ်၊ အကျယ်အဝန်း ပေ(၁၂½×၅၀)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် တွယ်ကပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမောင်မောင်ဆန်း[၁၁/ကဖန(နိုင်)၀၄၃၇၃၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်သိန်း B.A,R.L,D.B.L,D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၃၈)

ဒေါ်ဖြူဖြူလွင်(စဉ်-၃၀၉၃၉) LL.B,D.B.L,D.I.L,D.M.L
ဒေါ်ယဉ်ယဉ်အောင်(စဉ်-၃၀၉၈၄) LL.B,D.B.L,D.I.L,D.M.L

အထက်တန်းရှေ့နေများ
အမှတ်(၁)၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၇၆၁၅၈၊ ၀၉-၇၃၀၀၆၃၁၈၊ ၀၉-၇၃၀၉၃၁၈၂

အများသိစေရန် ကြေညာခြင်း
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်-၁၆နေ ဒေါ်ခင်စန်းမြင့်[၁၂/စခန(နိုင်)၀၀၃၅၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းမြင့်နှင့်ခင်ပွန်း ဦးသန်းထွန်းတို့သည် ၂၀-၅-၂၀၁၀ ရက်တွင် ဒေါ်ခင်စန်းမြင့်၏ ညီမအရင်း ဒေါ်ခင်စန်းမေ[၁၂/စခန (နိုင်)၀၀၃၆၈၁]အား ကိတ္တိမမွေးစားခြင်း မှတ်ပုံတင်စာချုပ်အမှတ်-၃၅၃၆/၂၀၁၀ချုပ်ဆိုပြီး သမီးအဖြစ် မွေးစားခဲ့ပါသည်။ ဦးသန်းထွန်းသည် ၅-၅-၂၀၁၂ ရက်တွင်လည်းကောင်း၊ ဒေါ်ခင်စန်းမေသည် ၄-၂-၂၀၁၃ ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ပြီးနောက် ဒေါ်ခင်စန်းမေ ပိုင်ဆိုင်ခဲ့သော ပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဒေါ်ခင်စန်းမြင့် တစ်ဦးတည်းမှ ဆက်လက်အမွေဆက်ခံ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲမျိုးနိုင် B.A(Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၀၃)
အမှတ်(၈)၊ မြေညီထပ်၊ မြင့်မိုရ်လမ်း၊ စမ်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၃၃၁၉၂

အမှတ်(၁၀၇)၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း
ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀-B)၊ မြေကွက်အမှတ်(၃-B)၊ ဧရိယာ(၀. ၂၃၂)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လမ်းမတော်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၀၇)ဟုခေါ်တွင်သော နှစ်ထပ်အိမ်အဆောက်အအုံနှင့်ပတ်သက်၍ ဒေါ်မြသောင်း(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးခင်မော်)မှ တရားလိုပြုလုပ်၍ ဒေါ်မြတ်ထူးကြွယ်အပေါ်တွင် ပစ္စည်းခွဲဝေပေးစေလိုမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်(၂၆၃၀)ဖြင့် တရားစွဲဆိုထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြသောင်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်မော်)
[၁၂/ပဇတ(နိုင်)၀၀၂၉၈၁]
အမှတ်(၁၂၅)၊ ၄၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၉၂၁၉၃

Vacancy (For Local Service Only)

1. FISCA Security & Communication Co.,Ltd. Yangon requires qualified persons to fill the following positions-
   - (1) CEO — Male(1)Post
     Graduate/Minimum 5 years experience in related post fluent in English(reading, writting and speaking). Preference will be given to DMA holder(Age 50 years and above)
   - (2) Chief Accountant — Female(1)Post
     B.Com/CPA/LCCI-III, 3 years experience. Able to manage Account Department.Can provide annual and monthly report as will as profit and loss account.
   - (3) General Manager (IT) — Male(1)Post
     B.E(IT),B.C.Sc, Fluent in English (Reading, writting and speaking) (Age 50 Years and above) 5 Years Experience in IT.
   - (4) Auto CAD Technician — Male(2)Posts
     2 years experience in Auto CAD.
   - (5) Software Project Manager — Male/Female (2)Posts
     Any graduate with 2 years experience on software project and PM skills. Programming Skills in Java,.net, SQL database etc and some knowledge of Enterprise applications.
   - (6) Software Developers — Male/Female (5)Posts
     Univ. Degree hold or certificate holder in software development with skills in Java or .Net, SQL. 1+years of experience.
   - (7) Banking Solution/Equipment Sales Manager — Male/Female (2)Posts
     2 years of experience on sales with good network in banking industry and knowledge of banking business. Good communication and MS office skills. Good English speaking ability, preferably with college degree.
   - (8) Project Manager(Marketing) — Male(2)Posts
     Graduate/Minimum 5 years experience in Marketing. Fluent in English.(Reading, Writting and Speaking)
   - (9) Planning Manager(Marketing) — Female(1)Post
     Any Graduate, Prefer DMA holder, well experience using Microsoft office and marketing plan for marketing Team minimum (5)Years experience. Age (25-40)Years Old.
   - (10) Secretary(Admin) — Male/Female(1)Post
     (Admin)Computer ကျွမ်းကျင်သူ
     အင်္ဂလိပ်/တရုတ်စကား ပြောဆိုရေးသားနိုင်သူဦးစားပေးမည်။
   - (11)Secretary(Engineer) — Male/Female(1)Post
     B.E (EC)/B.E(IT)/B.C.Sc
     Microsoft Office/Excel/Photo Shop/Auto CADတတ်ကျွမ်းသူ
     English Speaking / Tying တတ်ကျွမ်းပြီး
     Second Language တတ်ကျွမ်းသူဦးစားပေးမည်။
   - (12)Microsoft Office & Excel Specialist — Male/Female(2)Post
     Graduate. Knowledge of Computer, Office work and accounting. 2 years experience.
2. The intersted candidates can send application with CV, testimonials, labour card copy, NRC card copy, criminal clearance, recent color photo and other related document to the FISCA Security & Communication Co.,Ltd. 9-Mile , No(101/102) FISCA, Ph No. (650665/653456), Mayangone Tsp address not later than(10-5-2013).

အထူးကျေးဇူးတင်လွှာ

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်၊ ကျောက်တလုံးမြို့နယ်နှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ကျန်းမာရေးကုသစောင့်ရှောက်မှုအောင်မြင်ရန်အတွက် အဘက်ဘက်မှကူညီပံ့ပိုးပေးခဲ့ကြပါသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ (၁၅)ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာ အလှူတော်အား ၂၂-၃-၂၀၁၃ ရက်မှ ၂၅-၃-၂၀၁၃ရက်အထိ လူနာပေါင်း(၅၁၉၀)ဦးတို့အား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာ၌ ပါဝင်ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်စီမံနှင့်ဘဏ္ဍာဝန်ကြီးဌာနဝန်ကြီး၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်ကြီး ဦးအောင်ခမ်းထီ မိသားစုနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ လူကြီးမင်းများ၊ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံအုပ်ကြီးနှင့် လုပ်အားပေးဆရာဝန်၊ ဆရာမများ၊ ကျောက်တလုံးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ၊ ကျောက်တလုံးမြို့နယ်ခွဲ ဆေးရုံအုပ်နှင့် ဆေးရုံဝန်ထမ်းများ၊ ကျောက်တလုံးမြို့နယ်ခွဲ မြို့မိမြို့ဖများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်ကြီးမြို့ပတ်ဝန်းကျင်ရှိ တောင်ကြီးမြို့နယ် တောင်ခြမ်း၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ နောင်တရားမြို့နယ်ခွဲ ပင်လောင်းမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကျောက်တလုံးကြီးမြို့နယ်ခွဲရှိ လူနာများအား ဆေးကုသမှုပြုနိုင်ရန် မော်တော်ယာဉ်ဖြင့် ကူညီလှူဒါန်းပေးခဲ့ကြသည့် မော်တော်ယာဉ်ပိုင်ရှင်များ၊ တောင်ကြီး ကျောက်တလုံးကြီးမြို့မှ လုပ်အားပေး ပအိုဝ်းအမျိုးသား လူငယ်မောင်မယ်များ၊ ညောင်ရွှေပါရမီသွေးလှူရှင်အသင်း၊ ပါရမီလူမှုရေးကွန်ရက်၊ PNO၊ ရန်ကုန်မြို့မှ မေတ္တာစေတနာ အပြည့်အဝဖြင့် လိုက်ပါခဲ့ကြသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ဆရာဝန်ကြီးများနှင့် ဆရာမကြီးများ၊ ကျန်းမာရေးအထောက်အကူပြု လုပ်အားပေးအဖွဲ့ဝင်များ၊ အလှူရှင်များအားလုံး၊ အခမဲ့တည်းခို နေထိုင်ခွင့် ပေးခဲ့သော ကျောက်တလုံးကြီး ဘုန်းတော်ကြီးကျောင်းနှင့် ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းပေးခဲ့သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

ဆရာတော်နှင့်အလုပ်အမှုဆောင်အဖွဲ့
ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း

OD TOUR

အကြိုနှင့်ကွင်းခရီးစဉ်များ

Apr 12/13 – မန္တလေး၊မုဆယ်၊ရွှေလီ၊မန်စီ
Apr 13/18 – မန္တလေး၊ပြင်ဦးလွင်၊မင်းကွန်း
Apr 13/18 – ပုဂံ၊ပုပ္ပါး၊ပခုက္ကူ(သီဟိုဠ်ရှင်)
Apr 12/13/18 – အင်းလေး၊တောင်ကြီး
Apr 12 – မော်လမြိုင်၊ကျိုက္ကမီ၊စက်စဲ
Apr 12 – တောင်ကြီး၊မန္တလေး
Apr 12 – တောင်ကြီး+ပုဂံ
Apr 12 – အလောင်းတော်ကဿပ

အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ ရန်ကုန်။ ဖုန်း -01-536855, 526349, 504808, 523187, 09-5108087, 09-5187045, 09-73022688

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသော နေပြည်တော်ကျောင်းသူ/ကျောင်းသားများအတွက် နေပြည်တော်သို့ MCC.i Campus ရောက်ပါပြီ။

၂၀၁၃ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်မည့်
B.Sc (Hons) Business IT (တွန်ပျူတာသိပ္ပံဘွဲ့)
University of Greenwich, UK
အတွက်
Pre-University Orientation Course တွင်
စတင် တက်ရောက်နိုင်ပါပြီ။

MCC Training Institute (Nay Pyi Taw Campus)
Room No. 104, Junction Centre Yaza Thingaha main Road, in front of Hotel Zone, Nay Py i Taw. Tel : 067-421617 Ext-108, 067- 421345

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၈၁)၊ မြေကွက်တည်နေရာ(၂၅)၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးအေးကြိုင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးအေးကြိုင်[၁၂/ဒပန(နိုင်)၀၂၅၆၁၆]ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများတင်ပြလျက်ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကသစ်လမ်း၊ အမှတ်(၁၃)၊ ပထမထပ်(ခေါင်းရင်း)၊ ဧရိယာ(၁၂၃⁄₂ပေ×၅၀ပေ)အကျယ် အဝန်းရှိ လူနေတိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အသီးသီးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်နိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၀/မဒန(နိုင်)၁၀၁၁၁၁]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ လူနေတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ကြေညာပါသည့် နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ် ပြုလုပ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သွယ်သွယ်စိုး LL.B,D.B.L,D.I.L (စဉ်-၃၅၁၁၀)
ဒေါ်မေမျိုးသူ LL.B,D.B.L,D.I.L (စဉ်-၃၉၀၃၆)
အထက်တန်းရှေ့နေများ
အမှတ်-၉/၁၁၊ အခန်း(၀၀၄)၊မြေညီထပ်၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၁၉၄၆၈၊ ၀၉-၇၃၁၉၅၉၇၀

OASIS
Ph:09-5038816, 09-73242459
09-731003031

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ အမှတ် ၆၄၆/က နေ ဦးအောင်မြင့်-ဒေါ်သန်းသန်းချိုတို့၏သမီး မရတနာဖြိုးဝေအောင်[၁၂/သဃက(နိုင်)၁၀၅၀၃၈]သည် ငွေကြေးကိစ္စနာမည်အလွဲသုံးစားကိစ္စနှင့် အခြားသောကိစ္စများအား မိဘများမသိအောင် ပြုလုပ်နေခြင်းဖြင့် မိဘများအား စိတ်ဆင်းရဲသောကတွေ ပေးနေသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ မည်သည့်ကိစ္စမှ တာဝန်ယူမည်မဟုတ်ပါ။ စုံစမ်းခြင်းသည်းခံပါ။

ဦးအောင်မြင့် [၁၀/ပမန(နိုင်)၀၀၈၄၇၃]
ဒေါ်သန်းသန်းချို[၁၀/ပမန(နိုင်)၁၄၃၉၁၇]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ (၁၀/တောင်)၊ (၁၂)ရပ်ကွက်၊ အိမ်အမှတ်(ခ/၂၃၅၈)၊ ဇေယျာဝတီ(၅)လမ်း၊ သာကေတနေ အဖ(ဦးမြင့်သိန်း) အမိဒေါ်ညွန့်တင်တို့၏သား မောင်လင်းထင်[၁၂/သကတ(နိုင်)၁၄၅၁၆၆]ကိုင်ဆောင်သူသည် မိဘမောင်နှမတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ အိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်-ဒေါ်ညွန့်တင်
[၁၂/သကတ(နိုင်)၀၆၄၀၄၆]

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သန်း B.E(Civil) ၁၉၇၅ ခုနှစ်

လက်ထောက်ညွှန်ကြားရေးမှူး(တာဝန်)

ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန

ဆည်မြောင်းဦးစီးဌာန၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(တာဝန်) ဦးမြင့်သန်းသည် ၇-၄-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၃း၁၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သန်း B.E(Civil) ၁၉၇၅ ခုနှစ်

လက်ထောက်ညွှန်ကြားရေးမှူး(တာဝန်)

ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန

ဆည်မြောင်းဦးစီးဌာန၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(တာဝန်) ဦးမြင့်သန်းသည် ၇-၄-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၃း၁၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ ဝန်ထမ်းမိသားစုများ
ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သန်း B.E(Civil) ၁၉၇၅ ခုနှစ်

လက်ထောက်ညွှန်ကြားရေးမှူး(တာဝန်)

ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန

ဆည်မြောင်းဦးစီးဌာန၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(တာဝန်) ဦးမြင့်သန်းသည် ၇-၄-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၃း၁၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ
တည်ဆောက်ရေး(၉)ဆည်မြောင်းဦးစီးဌာန

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရအမှုပေးဝေခြင်း

ဒေါက်တာဦးညွန့်ဝင်း

(အရှေ့ပိုင်းသားဖွားခန်း)

မိသားစုနှင့် လူတိုင်းအပေါ် မေတ္တာကရုဏာ စေတနာဖြင့် ကူညီပေးတတ်သောကျေးဇူးရှင် ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၀-၄-၂၀၁၃ရက် တွင်(၂)နှစ်ပြည့်ခဲ့ပါပြီ။ နေ့စဉ်သတိရအောက်မေ့လျက် နေ့စဉ် လစဉ် နှစ်စဉ် ပြုခဲ့သော ကုသိုလ်အစုစုတို့ကို အမျှပေးဝေခဲ့ပါသည်။ အဖေ ရောက်ရာဘုံဘဝ မှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ဇနီး-ဒေါ်ကြည်ကြည်စိန်(ခ)ဒေါ်နှင်းဆီ
သားသမီးများနှင့် သားမက်မောင်ဖုန်းနိုင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈

ဒေါ်အေးသီတာဝင်း နှင့် ၁။ ဦးထွန်းမြင့်ကျော်
၂။ ဒေါ်ခင်ဝင်းကြည်

တရားလို **တရားပြိုင်များ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(၆၅)နေ (၁)တရားပြိုင် ဦးထွန်းမြင့်ကျော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“(၅-၂-၂၀၁၃) ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်ပါအတိုင်း ကျန်ငွေသိန်း(၄၀)ကျပ် လက်ခံပြီး မြေနှင့်အိမ်အား စာချုပ်ချုပ်ဆို လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) ယင်းနှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်ပါအတိုင်း ပျက်ကွက်သဖြင့် စာချုပ်ပါသတ်မှတ်ငွေကျပ်သိန်း(၈၀)နှင့် အရပ်ရပ်နစ်နာကြေးငွေကျပ် သိန်း(၄၀)၊ စုစုပေါင်းငွေကျပ် သိန်း(၁၂၀)တိတိ ပေးအပ်စေလိုမှု”** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ် ဧပြီလ ၂၅ ရက် (၁၃၇၅ ခုနှစ် တန်ခူးလပြည့်နေ့)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်တင်မာ)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆F^{၁၁})မြေကွက်အမှတ်(၃၉စီ)၊မြေဧရိယာ(၀. ၀၃၄)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစု(အရှေ့)ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အိမ်အမှတ်(၁၄/က) နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက်ပိုင်ရှင်ဒေါ်တင်အေး[၁၂/ကမတ(နိုင်)၀၁၀၅၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုပါက တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သော်သော်သက်တင်
(LL.B) အထက်တန်းရှေ့နေ(၃၈၁၄၃)
အမှတ်(၇၁)နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၇၂၃၅၄

ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၁၉/စ-၁၊ မြေကွက်တည်နေရာအမှတ်(၃၉)၊ ကင်ပွန်းခြံလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်(ဦးသာမြိုင်)အမည်ပေါက် မြေပိုင်မြေ(လ/န ၃၉ရပြီး)မြေအား အမည်ပေါက် ဦးသာမြိုင်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၂၁၆/၁၉၉၂ဖြင့် ပိုင်ဆိုင်သူမိခင် ဒေါ်သန်းသန်းနှင့် ဖခင် ဦးထွန်းကြိုင် ကျန်ရစ်သူသားသမီး(၇)ဦးအနက် တစ်ဦးဖြစ်သူ ဦးလှထွန်းနှင့်ဇနီး ဒေါ်သန်းရွှေတို့ ကွယ်လွန်သဖြင့် ၁။ဒေါ်စန်းရီ[၁၂/လမန(နိုင်)၀၆၁၆၇၂]၊ ၂။ဦးသန်းထွန်း[၁၂/လမန(နိုင်)၀၆၂၂၂၉]၊ ၃။ဦးတင်ထွန်း[၁၂/လမန(နိုင်)၀၆၁၆၆၇]၊ ၄။ဒေါ်စန်းမြင့်[၁၂/လမန(နိုင်)၀၆၁၉၃၄]၊ ၅။ဦးစိန်ထွန်း[၁၂/လမန(နိုင်)၀၂၂၈၀၃]၊ ၆။ဒေါ်စန်းအေး[၁၂/လမန(နိုင်)၀၆၂၁၂၅]၊ ၇။ဒေါ်တင်နွယ်အေး[၁၂/လမန(နိုင်)၁၁၄၃၀၉]၊ ၈။ဦးကျော်ခိုင်[၁၂/လမန(နိုင်)၁၂၃၉၄]၊ ၉။ဦးအောင်လင်း[၁၂/လမန(နိုင်)၁၂၃၉၅]တို့က သားသမီးများနှင့် မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန်နှင့်အမှားပြင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူပျောက်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် ကဒုံကျေးရွာတွင် နေထိုင်သော (ဘ)ဦးစန်းမြင့်၏သမီး မပေါ်ကြွယ်သည် ၃၁-၃-၂၀၁၃ရက်တွင် မန္တလေးဘူတာကြီးအတွင်း မီးရထားစောင့်ဆိုင်းစဉ် ပျောက်ဆုံးသွားပါကြောင်းနှင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လက်ခံထားသူအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-
၀၉-၄၂၀၂၆၅၀၉၅

“ ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် ”

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်-(၆၀)တွင် နေထိုင်သူ **ဦးကျော်သန်း** (၁၃/တကန(နိုင်)၀၉၆၄၄၈)သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းမှပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

PTY သပြေရိပ်

(IV-၂၇၈၉/၂၀၁၃)

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော “ **သပြေရိပ်** ” ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဦးကျော်သန်းသည် “ **စားသောက်ကုန်ပစ္စည်းအမျိုးမျိုး** ” ထုတ်လုပ်ပြီး၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည့်အပြင် အဆိုပါ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး တည်ခင်းရောင်းချသည့် စားသောက်ဆိုင်များဖွင့်လှစ်၍လည်း ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၀)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆(ပထမထပ်) မီဘနိုဝ်မှန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅ ၊၂၉၆၀၃၂

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်ထားရန်ကြေညာချက်

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ (၅)ရက်။

(မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေ - ၅၅)

[illegible]

ဦးကျော်ကြည်၊
[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်၊ မြေကွက်အမှတ်(၈၁/၆၇)ရှိ အကျယ်ပေ(၄၀×၆၀)ရှိ မြေကွက် ဒေါ်အေးမီအမည်ပေါက်မြေကွက်အား ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မင်းလတ်[၁၂/တကန(နိုင်)၀၀၈၅၁၄]ထံမှ ကျွန်မ နော်သက်သက်ထွေး [၁၂/ ကမတ(နိုင်)၀၀၀၅၁၅]မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်နော်သက်သက်ထွေး
[၁၂/ကမတ(နိုင်)၀၀၀၅၁၅]
အမှတ်-၆၀(၇-လွှာ)၊ သီတာလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်၊ ဖုန်း-၀၉ ၅၁၂၆၀၆၈

သွာနုတ္တသားအဖြစ်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ကျောက်မြောင်းမြို့ပတ်လမ်းနှင့် ဓမ္မဝိဟာရလမ်းထောင့်၊အမှတ်(၈)တွင် နေထိုင်ကြသော ဦးမောင်ကို[၁၂/တမန(နိုင်)၀၂၃၆၈၃]နှင့် ဒေါ်ခင်မြင့်[၁၂/တမန(နိုင်)၀၅၈၆၅၈] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဦးမောင်ကိုနှင့်ဒေါ်ခင်မြင့်တို့၏သားဖြစ်သူ မောင်သန့်ဇင်[၁၂/တမန(နိုင်)၀၂၃၆၇၃]သည် နေ့စဉ်နှင့်အမျှ မိဘနှစ်ပါးကိုမူးရစ်ယမ်းကားဆူပူသောင်းကျန်းသောကြောင့် ဖခင်ဖြစ်သူဦးမောင်ကိုမှာ ကျန်းမာရေးထိခိုက်ပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူခဲ့ရပြီး မိမိတို့ပိုင်ဆိုင်နေထိုင်လျက်ရှိသော အထက်ဖော်ပြပါ လိပ်စာပါတိုက်ခန်းမှခေတ္တပြောင်းရွှေ့နေထိုင်စဉ်အတွင်း အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ၁၁-၉-၂၀၁၂ရက်ထုတ် ကြေးမုံသတင်းစာတွင်ဦးမောင်ကိုနှင့် ဒေါ်ခင်မြင့်တို့၏ သဘောတူခွင့်ပြုချက်မရရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် ကြေညာထားပါလျက် မောင်သန့်ဇင်သည် မိဘများပိုင်ဆိုင်နေထိုင်သော အထက်ဖော်ပြပါ တိုက်ခန်းအတွင်းရှိ အခန်းခွဲများတွင် မိဘများခွင့်မပြုဘဲ အခြားသူများကိုငှားရမ်းထားပြီး မိဘနှစ်ပါးကိုစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေ၍ မျက်ရည်ပေါက်ကြီးငယ်ကျစေရန် ရန်သူသဖွယ်ပြုမူဆက်ဆံနေပါသဖြင့် မောင်သန့်ဇင်အား သွာနုတ္တသားအဖြစ် ကြေညာ၍အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် မောင်သန့်ဇင်နှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဦးမောင်ကို၊ ဒေါ်ခင်မြင့်တို့က အသိအမှတ်မပြု တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဝင်း B.A(Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၃၄/၁၉၈၁)
အမှတ်-၈၇၀၊ အောင်သိဒ္ဓိလမ်းသွယ်(၁၂)ရပ်ကွက်၊
ရွှေပေါက်ကံမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀၊ မြေကွက်အမှတ်-၁၆/၂၊ မြေကွက်တည်နေရာအမှတ်(၂)၊ မြနီလာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်(မောင်သန်းရွှေ)အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် မောင်သန်းရွှေထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၂၉၅/၂၂-၂-၆၃နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်-၃၂၇၅/၂၁-၁၀-၀၉ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ကြည်မြင့်[၁၂/ကမရ(နိုင်)၀၄၃၅၉၈]မှ အမည်ပေါက်စာချုပ်အရောင်းအဝယ်စာချုပ် မိတ္တူမှန်များတင်ပြ၍ မြေကွက်ခွဲစိတ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-(၉၁၇)၊ မြေကွက်တည်နေရာအမှတ်(၉၁၇)၊ အင်းဝ(၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးသောင်းတင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်းတင် ကွယ်လွန်သဖြင့် ဒေါ်အေးညွန့်[၁၂/ဥကတ(နိုင်)၀၅၃၄၁၆]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်မြေကွက်ခွဲစိတ်ရန်ကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၅၁(၂၉-၁-၂၀၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်သန်းသန်းအေး[၁၂/ဥကတ(နိုင်)၁၄၉၀၀၀]မှ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်နွယ်နီချစ်[၁၂/မဂတ(နိုင်)၀၀၃၄၄၄]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၇၁၉)နေ[၁၂/လသန(နိုင်)၀၁၈၆၈၆]ကိုင်ဆောင်သူ ဦးမောင်မောင်အေးသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်ပြီး ၎င်း၏လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်နွယ်နီချစ်နှင့်အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေပိုင် တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၄၁)လမ်း၊ အမှတ်(၉)တိုက်၏ တိုက်နှင့်(မျက်နှာမူလျက်) ဘယ်ဘက်အခြမ်းမြေညီနှင့်ပထမထပ်တို့ကို တန်ဖိုးငွေကျပ်သိန်း(၄၇၀)ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့် လူကြီးမင်းသည် ၂၂-၁၂-၂၀၁၂ရက်တွင် စရန်ငွေအဖြစ် ကျပ်သိန်း(၁၄၀)အား ပေးချေကာ စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

ကျန်ငွေကျပ်သိန်း(၃၃၀)ကို ၃၀-၃-၂၀၁၃ရက်တွင် လူကြီးမင်းမှ ပေးချေရန်နှင့် ကျွန်ုပ်မိတ်ဆွေမှ တိုက်ခန်းနှင့် စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ရန်စာချုပ်၌ သဘောတူခဲ့သော်လည်း လူကြီးမင်းသည် ယနေ့အထိ ကျန်ငွေပေးချေခြင်းမရှိသည့်အပြင် ကျွန်ုပ်မိတ်ဆွေမှလည်း ဆက်သွယ်၍ မရသဖြင့် ၂၂-၁၂-၂၀၁၂ရက်စွဲပါစာချုပ်အရ ကျန်ငွေပေးချေရန် ပျက်ကွက်သူမှာ လူကြီးမင်းသာဖြစ်သည့်အတွက် လူကြီးမင်းပေးချေထားသော စရန်ငွေအားလုံးမှာ ဆုံးရှုံးသွားပြီဖြစ်ကြောင်းနှင့် လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့ ချုပ်ဆိုထားသော စာချုပ်မှာလည်း ပျက်ပြယ်သွားပြီးဖြစ်ကြောင်း လူကြီးမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၀)
ရုံး-တိုက်အမှတ်-၉/၁၁၊ ပထမထပ်၊ ၁၀၂/E၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဇနီးအဖြစ်မှစွန့်လွှတ်ပြီးဖြစ်ကြောင်းကြေညာခြင်း

ကျွန်တော် ဦးဝင်းနိုင် [၁၂/လကန(နိုင်)၁၇၀၉၈၅]၏ဇနီးဖြစ်သူ ဒေါ်ခင်ငွေး [၁၂/လကန(နိုင်)၀၇၄၆၃၂]သည် သည်းခံခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို ကျူးလွန်ခဲ့ပြီး စိတ်ဆင်းရဲမှုများ အမျိုးမျိုးဖြစ်ပေါ်အောင် ပြုမူခဲ့သဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝသည် ကျွန်တော်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးဝင်းနိုင်
[၁၂/လကန(နိုင်)၁၇၀၉၈၅]

သားသမီးအဖြစ်မှစွန့်လွှတ်ခြင်း

(ဦးဝင်းငွေး)[၁၂/သဃက(နိုင်)၀၂၄၅၂၆] နှင့်ဒေါ်တင်တင်လှိုင်[၁၂/သဃက(နိုင်)၀၂၄၅၂၅]တို့၏သမီးဖြစ်သူ မဂျူလိုင်ဝင်းငွေး[၁၂/သဃက(နိုင်)၁၆၄၂၇၈]သည် မိဘဖြစ်သူ လုံးဝသဘောမတူသောသူနှင့် လက်ထပ်သွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားသမီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။

ဒေါ်တင်တင်လှိုင်
[၁၂/သဃက(နိုင်)၀၂၄၅၂၅]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းသန်းဝေ
အသက်(၅၇)နှစ်

သူငယ်ချင်း ဗိုလ်ကြီးဌေးဝင်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးထူးဝေလင်း၊ မသဲဝေတို့၏ မိခင်၊ ဖိုးပြုံးချို၏အဘွား ဒေါ်သန်းသန်းဝေသည် ၉-၄-၂၀၁၃ (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစု နှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉)မှ
သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ အမှတ်(၁၂/ဘီ)နေ ဦးမြဟန် (Chairman, Fortune International Limited)-ဒေါ်ခင်စပယ်ကြည် (Director, Fortune International Limited)တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါက်တာဒေါ်သံဒါဖြူသည် ၉-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစံရွှေအောင် ဇနီး ဒေါ်အေးအေးသန်း မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ ဒေါက်တာဦးဇော်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်တို့၏မိခင် ဒေါက်တာဒေါ်သံဒါဖြူသည် ၉-၄-၂၀၁၃ (အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

New Day Energy Co.,Ltd မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်
(မေ့ဆေးဆရာဝန်ကြီး-ငြိမ်း)
(မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းဆေးရုံ၊ ရန်ကုန်)

ဒေါက်တာသန်းဝင်း(MD)-ဒေါ်တင်တင်အေး(Director)(Concordia International Co., Ltd.)တို့၏ မိခင်ကြီး ဒေါက်တာဒေါ်သံဒါဖြူ (မေ့ဆေးဆရာဝန်ကြီး-ငြိမ်း)(မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းဆေးရုံ၊ ရန်ကုန်) သည် ၉-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Advanced Diagnostic Products Trading Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်
(မေ့ဆေးဆရာဝန်ကြီး-ငြိမ်း)
(မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းဆေးရုံ၊ ရန်ကုန်)

ဒေါက်တာသန်းဝင်း(MD)-ဒေါ်တင်တင်အေး (Director)(Concordia International Co., Ltd.)တို့၏ မိခင်ကြီး ဒေါက်တာဒေါ်သံဒါဖြူ (မေ့ဆေးဆရာဝန်ကြီး-ငြိမ်း)(မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းဆေးရုံ၊ ရန်ကုန်)သည် ၉-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Dr. Andrew နှင့် ဇနီး Teacher Rosa ၊ သမီး Robyn နှင့် Julianne

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်
(မေ့ဆေးဆရာဝန်ကြီး-ငြိမ်း)
(မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းဆေးရုံ၊ ရန်ကုန်)

ဒေါက်တာသန်းဝင်း(MD)-ဒေါ်တင်တင်အေး(Director)(Concordia International Co., Ltd.) တို့၏ မိခင်ကြီး ဒေါက်တာဒေါ်သံဒါဖြူ (မေ့ဆေးဆရာဝန်ကြီး-ငြိမ်း)(မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းဆေးရုံ၊ ရန်ကုန်) သည် ၉-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အင်ကြင်းဖြူခုတ်ခွဲခန်းနှင့်
အင်ကြင်းဖြူအထူးကုဆေးခန်းမိသားစု(မန္တလေးမြို့)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အုံးကြည် (၈၆)နှစ်
ပဲခူးမြို့သစ်၊ ပဲခူးမြို့

အာရှတော်ဝင်ဆေးရုံ ဆေးဘက်ဆိုင်ရာအရာရှိချုပ် ဒေါက်တာခင်မောင်ဆွေ၏ချစ်လှစွာသောမိခင်ကြီး ဒေါ်အုံးကြည်သည် ၉-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းအားလုံး ဝမ်းနည်းကြေကွဲရပါသည်။

ဆေးတက္ကသိုလ်(၂)မင်္ဂလာဒုံ၊(၁၉၇၀)သူငယ်ချင်းများ

ဒေါ်သီတာဖြူ(မြိတ်) (၆၆)နှစ်
အလက(၂)ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

ဦးဖော်ရှင်-ဒေါ်သန်ရွှေတို့၏သမီး၊ မြိတ်မြို့နောက်လယ်ရပ်(၁၀)လမ်း၊အမှတ်(၄၃၂)နေ ဦးထွန်းရှင်(ခ)ဦးခွေးငယ်၏ဇနီး၊ ဗိုလ်ကြီးဇော်ထွန်း၊ မောင်ဇော် လင်းပိုင်၊ မောင်လင်းအောင်ပိုင်တို့၏ ကျေးဇူးရှင်မွေးမိခင် ဒေါ်သီတာဖြူသည် ၈-၄-၂၀၁၃ (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၃ (သောကြာနေ့) မွန်းလွဲ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ရိုဆန်ကုန်းလျန် (Ro Sang Kung Lian) (ခ)ရိုကြီး
အသက်(၂၁)နှစ်

ကျွန်တော်၊ ကျွန်မတို့၏ ချစ်လှစွာသောချစ်သူငယ်ချင်းရိုဆန်ကုန်းလျန် (Ro Sang Kung Lian)(ခ)ရိုကြီး (3rd MBBS,IM1) သည် ၇-၄-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ခရစ်တော်၌အိပ်စက်အနားယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲပူဆွေးရပါသည်။

ရန်ကုန်မှကျန်ရစ်ခဲ့သောသူငယ်ချင်းများ

အနိစ္စ

ဦးကြီးမြင့်(ခ)ဦးကြည်အောင်
အသက်(၈၄)နှစ်
အရာခံဗိုလ်/ဆေးမှူး(ငြိမ်း)

ခရမ်းမြို့၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ (ဦးအုန်းမောင်-ဒေါ်သိန်းအုပ်)တို့၏သား၊ (ဦးထွန်းမြတ်အောင်-ဒေါ်ဝေကျန်ဖြူ)တို့၏ သားသမက်၊ ဒေါ်တင်ညွန့်၏ခင်ပွန်း၊ သန်လျင် အမှုထမ်းရပ်ကွက်နေ ဦးသန်းလွင်-ဒေါ်အမာကြည်၊ ခရမ်းမြို့နေ ဒေါ်တင်တင်စိန် (အထက-၂ မြို့မ)တို့၏ အစ်ကိုကြီး၊ မောင်ကောင်းမြတ်ထွန်း၊ မကောင်းမြတ်မြတ်မွန်၊ မောင်ကောင်းမြတ်သူ-မစန်းသော်တာ၊ မောင်မြင့်လွင်-မကောင်းမြတ်သန္တာထွေးတို့၏ ချစ်လှစွာသော ဖခင် မောင်မင်းသန့်သူ၏ အဘိုးသည် ၈-၄-၂၀၁၃(တနင်္လာနေ့) ည ၁၁း၂၀ တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ တွင် ခရမ်းမြို့ (၁၀)ရပ်ကွက်၊ မီးသဂြိုဟ်စက်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသိန်းဟန်(တွံတေး)
အသက်(၈၂)နှစ်
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ကျော်သူ(၂၁)လမ်း၊ အမှတ်-၇၉၀ နေ (ဦးဘိုးထယ်-ဒေါ်ခင် စိန်)၏သား၊(ဒေါ်မြင့်ရီ)၏ခင်ပွန်း၊ဒေါ်နီလာဟန် (ပညာရေး)၊ ဦးနိုင်ဝင်း-ဒေါ်ခင်ဌေးလှိုင်တို့၏မွေးသဖခင်၊ (ဦးတင်မြင့်) -ဒေါ်မြရွှေ၊ (ဦးညွန့်ရွှေ)-ဒေါ်စန်းရီ၊ ဦးသိမ်းအောင်တို့၏ အစ်ကိုကြီး ဦးသိန်းဟန်သည် ၉-၄-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၉နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၇နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၃ (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ကျောင်း၊မုခ်ဦး ဒါယကာ
ဦးလွင်မြင့်(ခ)ဦးဘိုနီ(ထားဝယ်)
အသက်(၆၆)နှစ်

ထားဝယ်မြို့နေ (ဦးကြီးမောင်-ဒေါ်ရှုကြည်)တို့၏သား၊(ဦးချူစိုင်) ညီမ (ဒေါ်အေးကြည်)တို့၏တူ၊ (ဦးတင်ဦး-ဒေါ်သန္တာခိုင်)၊ (ဦးစန်းလွင်)-ဒေါ်အေးကြိုင်တို့၏ ညီ/မောင်၊ ဦးလှဘော်-ဒေါ်မြင့်မြင့်အေး၊ ဒေါ်သန်းသန်းဌေး၊ (ဦးသက်ထွန်း)-ဒေါ်အုန်းမြင့်၊ (ဒေါ်ခင်သန့်ထွေး) တို့၏ချစ်လှစွာသောအစ်ကို၊ တူ/တူမ ၁၁ယောက်တို့၏ဦးလေးသည် ၈-၄-၂၀၁၃ရက် ညနေ ၆း၁၅ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက် A1၊အခန်း (၂၀၂) ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအ အေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
U Kam Khua Pau
အသက်(၆၅)နှစ်
(B.A, Dip. Ed)
(မြို့နယ်ပညာရေးမှူး-ငြိမ်း)
(Naulak beh)

ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ (၄/၁၁၃၀)၊ အမျိုးသားလမ်းနေ Mary Hau Pian Cing-(B.A,BTh,M.A), Docas Nian Khan Lun (LLB), Ruth Cing San Dim(B.Eco), Samuel Pau Sian Siam(B.A-Eng) တို့၏ ချစ်လှစွာသော ဖခင်၊ Lia Cing Lun Vung, Lia Ciin San Hoih, Tg Thang Lun Mung တို့၏ အဘိုး၊ Hanah Cing Khan Ning ၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၄-၂၀၁၃ ရက် နံနက် ၅း၄၀ နာရီတွင် ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၄-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ရေဝေးသုသာန်ရိပ်သာ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (ယုဇနပိတောက်ကွေ့၊ ဓမ္မာနွေလဘုရားကျောင်းရှေ့၊ ဝါယာလက်မှတ်တိုင်၊ မင်္ဂလာဒုံမြို့နယ် အအေးဆိုင်မှတ်တိုင်၊ မြောက်ဒဂုံနေအိမ်တို့မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးထွန်းရွှေ(ပြည်ထွန်းရွှေ)(ငြိမ်း)
ကြည်း/၈၈၈၃၊ က. ပ. စ(၁)
ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၈၉)နေ (ဒေါ်ရီရီသန်း)၏ ခင်ပွန်း၊ ဦးလှဒင်-ဒေါ်စန္ဒာထွန်း(CAE ၊နေပြည်တော်)၊ ဦးအောင်ကျော်ဦး(ဒု-အင်/ချုပ် M.E.P.E)-ဒေါ်သန္တာထွန်း၊ ဦးကျော်လင်းထွန်း၊ ဦးတင့်ဆွေဦး(2nd Officer Sell's Ast Marine Services.F.G)-ဒေါ်မာလာရွှေတို့၏ ဖခင်၊ မောင်ထူးဝေလင်းအောင်-မယမင်းမို (Fortune Int'L Ltd.မန္တလေး)၊ မောင်အောင်ပြည့်ဖြိုးဟိန်း၊ မအောင်ကေဇင်ဟိန်းတို့၏အဘိုး ဦးထွန်းရွှေသည် ၉-၄-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးမှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၃ ရက်တွင် အမှတ်(၁၁၉၇)၊ လမ်းသွယ်(၂)၊ Gလမ်း၊ ဒက္ခိဏသီရိမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးလှိုင်ရွှေဖွယ်(ခ)ဦးဝင်းမောင်
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၇၈(ခြောက်လွှာ)၊ လမ်းသစ်လမ်း (မော်တင်)နေ ဒေါ်ခင်အေးမြင့် (ခ) ချင်ကင်ဖုန်၏ခင်ပွန်း၊ ဒေါ်သန်းသန်း၊ ဒေါ်စန်းစန်းမော် - ဦးမြတ်မော်၊ ဦးကျော်စိုး(ခ) အထိုင် - ဒေါ်ဝင်းဝင်း၊ ဦးကျော်မြင့်(ခ)အကျုံး-ဒေါ်ကြည်ကြည်တင့်၊ ဦးတင်စိုး(ခ)ဦးတင်-ဒေါ်စန္ဒာဝင်းတို့၏ ဖခင်၊ မြေးငါးယောက်တို့အဘိုးသည် ၈-၄-၂၀၁၃ (တနင်္လာနေ့) နံနက် ၆း၄၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးကောင်းတုန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဆရာမကြီးဒေါ်ညွှန့်ကြည်
အသက်(၇၇)နှစ်
(ကရင်ပြည်နယ်ပညာရေးမှူး-ငြိမ်း)

ဘားအံမြို့၊ (၅)ရပ်ကွက်၊ ဆန်စက်ဝင်း၊ ရတနာပြည်ကျော်လမ်းနေ (ဦးဟုန်လျော်-ဒေါ်မာ)တို့၏ သမီး၊ ဦးအုန်းကြည်-ဒေါ်ခင်သန်းနွယ်၊ (ဦးကြည်လွင်-ဒေါ်သန်းသန်းဆင့်)တို့၏ ညီမ၊ ဦးသန်းထွန်း-ဒေါ်ပြုံးဦးစောအောင်ပွင့်-ဒေါ်တင်ဝင်းတို့၏အစ်မ ဒေါ်ညွှန့်ကြည် (ကရင်ပြည်နယ်ပညာရေးမှူး-ငြိမ်း)သည် ၉-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေ၊ တပည့်အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသောင်း
အသက်(၇၄)နှစ်
ကုန်သွယ်လယ်ယာ(ငြိမ်း)
ဧရာဝတီတိုင်းဒေသကြီး

ရေနံချောင်းမြို့နေ (ဦးထွန်းမြင့်-ဒေါ်အုန်းစိန်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးကိုကိုကြီး)-ဒေါ်တင်ဥတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမကြီး၊ အမှတ်(၃၆၁) (ဇ)နေ ဒေါ်ရင်မေ၏ခင်ပွန်း၊ မန္တလေးမြို့နေ ဒုရဲမှူး (ငြိမ်း)ထွန်းထွန်းဦး-ဒေါ်နွယ်နီဦး၊ အုပ်ခွဲတပ်ကြပ်ကြီးကျော်ကျော်အောင်(လေ)-ဒေါ်နှင်းနှင်းဝေ၊ ဦးမင်းမင်းဦး (ကုန်သွယ်လယ်ယာဧရာဝတီတိုင်းဒေသကြီး)-ဒေါ်တိုးတိုး၊ ဦးကြည်စိုး-ဒေါ်မေသွယ်ဦး(အမေ့အိမ်ကဖီး၊ ရေနံချောင်းမြို့)၊ တပ်ကြပ်ကြီးအေးမင်းစိုး(ရန်ကုန်အနောက် မူးယစ်အထူးတပ်ဖွဲ့)-မပုံ့ပုံ့တို့၏ မွေးဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၉-၄-၂၀၁၃ (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဗိုလ်မှူးဒေါ်စန်းရီ(ခ)
မာမီဒေါ်စန်းရီ (ငြိမ်း)
လောကပါလဆေးရုံ(ပြည်)
အသက်(၆၈)နှစ်
(မိတ္ထီလာ)

မိတ္ထီလာမြို့၊ ပြည်သာယာ(တ) ၃/၄ လမ်းကြား၊ ကံ့ကော်လမ်းနေ စစ်သူနာပြုအမှတ်စဉ်(၆)မှ ဦးမြင့်လွင်၏ဇနီး ဗိုလ်မှူးဒေါ်စန်းရီ(ငြိမ်း)သည် ၆-၄-၂၀၁၃ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးစိန်တင်(ပုလော)
အသက်(၉၂)နှစ်
အသင်းဝင်အမှတ်-၃၃၇၂

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ ငုရွှေဝါ(၁)လမ်းနေ (ဒေါ်မြရီ)၏ခင်ပွန်းသည် ၈-၄-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း
ရဲအုပ်ဦးဇာခိုလျန်း(ခ)
PU ZEL KHAW LIAN (ငြိမ်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော် ၉လမ်း (ဘီ)၊ တိုက်(၂၃)အခန်း(၀၀၄)နေ (Pu Thawng Za Kai-Pi Lian Khaw Niiang)တို့၏သား၊ (Pu Tual Vungh-Pi Man Khoi)တို့၏ သားသမက်၊ (Pi LunZa Cing-Pu Thang Za Dal), (Pi Ciin Khaw Lian-Pu Khup Za Sawm),((Pi Khen Do Cing-Pu Khup Khual),(Pi Ning Khaw Lian-Pu Kam Khaw Thang), (Pi Gin Khaw Cing-Pu Thang Khaw Kai),(Pi Ciin Khan Cing-Pu Son Kap Lian), Col Khen Za Moong (Rtd)-(Pi Lun Khen Cing), Lt Col.Pau Khan Thang (Rtd)-Pi Niiang Khan Niang, Pi Cing Za Don-Pu Gin Do Lian တို့၏ ညီ/မောင်၊ Pi Lian Za Man-Pu Thual Za Thang တို့၏ အစ်ကို၊ (Pi Vung Khan Niang) ၏ခင်ပွန်း၊ Nu Niiang Za Go,Pa Kai Lian Khup-Nu Nuam Khan Dim,Pa Vungh,Khan Suum-Nu Khawl Ngaih Don,Pa Moong Tung Nung-Nu Niiang Suan Lun,Tg.Suan Lian Khai တို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၇-၄-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ [TBC-Y ဆိပ်ကမ်းသာလမ်းအပေါ်ဘလောက်)၊ Emmanuel ဘုရားကျောင်းရှေ့နေအိမ်နှင့် စစ်တောင်းရိပ်မွန် (ဓမ္မာရုံ) တို့မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဦးဝင်းမောင်
အသက်(၆၂)နှစ်
ရွှေလမင်းသိုးမွေးနှင့်အထည်ဆိုင်၊ မင်္ဂလာဈေး

လက်ပံတန်းမြို့၊ ဇီးဖြူကုန်းရွာမနေ (ဦးတင်စိန်-ဒေါ်လုံးစီ)တို့၏သား၊ မုဒုံမြို့နယ် ကမာဝက်ရွာနေ (နိုင်အောင်ဘေ-မိဌေးရှင်) တို့၏ သားသမက်၊ ရန်ကုန်မြို့နေ(ဦးစိန်ဝင်း)၊ ဒေါ်ခင်သောင်းတို့၏မောင်၊ ဦးမြင့်မောင်-ဒေါ်စန်းနွဲ့တို့၏ညီ၊ မုဒုံမြို့နယ် ကမာဝက်ရွာနေ နိုင်ခိုင်သိန်း၊ (မိရင်သန်း)တို့၏မောင်၊ နိုင်ကျော်ဝင်း-မိခင်လှကြည်၊ မင်းအောင်ဝင်းကြည်-မိငြိမ်းသန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ပုသိမ်ညွန့်ရပ်ကွက် (၄)လမ်း၊ အမှတ်(၂၅) နေ မိဝင်းဝင်းသန်း၏ခင်ပွန်း၊ မိသီရိနန္ဒဝင်း၊ မိကလျာဝင်းတို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးဝင်းမောင်သည် ၈-၄-၂၀၁၃ ရက် ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း

၃၁-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ မြို့နယ်စာရင်းစစ်အရာရှိ ဒေါ်လှမြင့် အသက်(၅၆)နှစ်၏ ဈာပနကို လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ညောင်လေးပင်မြို့နယ်စာရင်းစစ်ရုံးနှင့် ထန်းတပင်မြို့နယ် စာရင်းစစ်ရုံးများမှ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆွေမျိုးသားချင်းများ၊ နာရေးဖြစ်သည်မှ ရက်လည်ဆွမ်းဆက်ကပ်သည်အထိ ဝိုင်းဝန်းကူညီခဲ့ကြသော လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ လိုအပ်သည်များ မေတ္တာဖြင့် ကူညီပေးခဲ့ကြသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားလုံးအား ကျေးဇူးတင်ရှိပါသည်။

ပြည့်ဝ ဆရာတော်- ဦးမာနိတဓမ္မ၊
မြို့သစ်၊ မြို့မ(၁)ရပ်ကွက်၊ ပွဲနှင့်တန်ဆာမြို့။

ဦးစောစိန်(ခ)စောစိန်လျှောင့်
အသက်(၉၁)နှစ်

အမှတ်(၈၀၆)၊ရှစ်လွှာ၊ သံဈေးကွန်ဒိုမီဒီယမ်၊ လသာမြို့နယ်နေ ဦးဝင်းမြင့်-Dr. တင်တင်အေး၊ ရေနံချောင်းမြို့နေ Dr. စိုးဝင်း-ဒေါ်ခင်နှင်းနွယ်၊ ဦးကျော်ဇင်ဦး-ဒေါ်ရီရီခိုင်(ခ)ဒေါ်စောလေစိန်(ခေတ္တ-စင်ကာပူ)၊ အမှတ်(၉၈)၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်သင်းသင်းရီ၊ အမှတ်(၁၀၉)၊ ၃၉လမ်းနေ ဦးအောင်ဝင်း(ထွန်းတောက်မြေကုမ္ပဏီလီမိတက်)-Dr စန်းစန်းဝင်း(လက်ထောက်ကထိက-အဆောင် (၉+၁၀)ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ဖခင်၊ မောင်ဇင်လင်းပိုင်၊ မဇင်နှင်းထက်၊ မောင်ထက်နိုင်အောင်၊ မောင်မြတ်မင်းဇင်၊ မနှင်းနှင်းအေးတို့အဘိုး ဦးစောစိန်(ခ)စောစိန်လျှောင့်သည် ၉-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဗိုလ်တထောင်မြို့နယ်၊ ၄၂လမ်း၊ အမှတ်(၉၈)နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါက်တာဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်
(မေ့ဆေးအထူးကုဆရာဝန်ကြီး-ငြိမ်း)

စစ်တွေမြို့နေ (ဦးကျော်ဖံ-ဒေါ်နု) တို့၏ သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မာလာလမ်းသွယ်၊ ပြည်လမ်း၊ အမှတ်(615/D1)နေ အငြိမ်းစားပါမောက္ခခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်ဝင်း၏ ဇနီး၊ ဦးအောင်ခိုင်-ဒေါ်ခင်စောဝေ၊ ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်၊ ဒေါက်တာသန်းဝင်း-ဒေါ်တင်တင်အေး (မီးမီး)၊ ဦးစောထွေးဇော်-ဒေါ်သက်သက်တင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မမြမာလာဟန်၊ မဝေရီခိုင်၊ မောင်ပိုင်ဆက်ခိုင်၊ မထက်မြတ်ဟန်၊ မောင်မင်းထက်ခိုင်၊ မလင်းလက်ဝင်း၊မောင်Brandon မောင်ဝင်း၊မသက်သက်နွေးထွေး၊မAmy မီမီဝင်း၊ မောင်အေးခန့်ဇော်တို့၏အဘွား သည် ၉-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်၍ ဂူသွင်းမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၃ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မာလာလမ်းသွယ်၊ ပြည်လမ်း၊ အမှတ် (615/D1)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝေ
အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းတနော်လမ်းနေ (ဦးကြည်လွင်)၏ ဇနီး၊ ဦးကိုကိုကြီး-ဒေါ်မြင့်မြင့်စိန်၊ ဦးကိုကိုလတ်-ဒေါ်သီဂီသန်း၊ ဦးကိုကိုလေး၊ ဒေါ်ကြည်ကြည်ဝေ၊ ဦးအောင်ဝင်းနိုင်တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၈-၄-၂၀၁၃(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ လမ်း၊ တံတားဒါယကာကြီး
ဦးရဲဝင်း
အသက်(၆၆)နှစ်
ကေရီကားအလှဆင်ပစ္စည်း

ရန်ကုန်မြို့၊ အမှတ်-၂၁၂/၂ ဇီဝစိုးလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးသာဖံ-ဒေါ်သန်းသန်း)၊ (ဦးထွန်းရွှေ-ဒေါ်ကျင်ရွှေ)တို့၏သား၊ ဒေါ်ခင်မြင့်မြင့်၏ခင်ပွန်း၊ ဦးသာထွန်းဦး-ဒေါ်ပပရဲဝင်း၊ (ဦးကျော်စွာရဲဝင်း)-ဒေါ်ကြူကြူဝင်း၊ ဦးစည်သူ-ဒေါ်မို့မို့ရဲဝင်း၊ ဗိုလ်ကြီးဝဏ္ဏရဲဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၈-၄-၂၀၁၃ရက် ည ၈း၀၃နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးသန့်သူမိုး(သန်လျင်)
အသက်(၄၄)နှစ်
(Best Video အခွေဆိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်သန်းတင်လမ်း၊ အမှတ်(၂၆)နေ ဦးအောင်မြင့် (ရေနံ၊ အငြိမ်းစား)-ဒေါ်ခင်မာညိုတို့၏သားလတ်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာ၊ ကျောင်းပိုင်းနေ ဦးမြသိန်း-ဒေါ်မြင့်ကြည်တို့၏သားသမက်၊ ကိုအောင်သူမိုး-မအေးအေးမူ၊ ကိုဝင်းသူမိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)-မသင်းသင်းခိုင်တို့၏ညီ/မောင်၊ ကိုထွန်းသူမိုး၊ ကိုဝင်းဇော်-မနီလာမြင့်တို့၏အစ်ကို၊ မသိမ့်သိမ့်အေး(သိင်္ဂီရသဖိတ်စာဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အံ့ဦးအောင်၏ မွေးသဖခင် ကျေးဇူးရှင်၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး ဦးသန့်သူမိုး (Best Video အခွေဆိုင်)သည် ၉-၄-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ဗိုလ်ချုပ်ရွာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

မိမိတို့၏ပြည်တွင်းရေးကို မိမိတို့ဘာသာ အေးအေးချမ်းချမ်း ဖြေရှင်းနိုင်ရန်လိုအပ်၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးကို အပြည့်အဝဆောင်ရွက်ပေးရန်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုရရှိလာသည်နှင့်အမျှ နောင်တွင် လုံခြုံရေးတပ်ဖွဲ့ အင်အားကို လျှော့ချသွားရမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးမှုအကောင်အထည်ဖော်ဆောင်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား (သတင်း) စာမျက်နှာ ➤၃

ဒေသဖွံ့ဖြိုးရေးအတွက် ဥပဒေနှင့်အညီ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သင့် ဒေသတည်ငြိမ်အေးချမ်းမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်

နေပြည်တော် မေ ၉

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဌေသာခန်းမ၌ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း နယ်မြေအတွင်းရှိ ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်ရည်သန်၍ ပြည့်ပြည့်ဝဝ စုံစုံလင်လင် ပြုစုတင်ပြထားသကဲ့သို့ ဤစီမံကိန်းသည်လည်း တိုင်းသိပြည်သိစီမံကိန်းကြီးတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် လိုအပ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဒေသနှင့် တိုင်းပြည်အပေါ် အကျိုးရှိစေမည့် ကိစ္စရပ်များကို အဓိကဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဤစီမံကိန်းလုပ်ငန်းကြီးမှာ တစ်ထောင့်တစ်နေရာမှ အရေးပါနေသည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် နားလည်မှုရှိစွာ **စာမျက်နှာ ၅ ကော်လံ ၃ သို့✳**

သင်္ကြန်ကာလအတွင်း လှည်းတန်းခုံးကျော်တံတားပေါ်မှ ဖြတ်သန်းမောင်းနှင်ခွင့်ပြုမည်

သတင်း–ကိုသက်
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်တွင် တည်ဆောက်မှု ရာနှုန်းပြည့်နီးပါး ပြီးစီးတော့မည်ဖြစ်သည့် လှည်းတန်းခုံးကျော်တံတားကို မေ ၁၀ ရက် နံနက် ၆ နာရီမှစတင်၍ ယာဉ်များ မောင်းနှင်ခွင့်ပြုလိုက်ပြီဖြစ်သည်။

၎င်းတံတားအား အချောသပ်လုပ်ငန်းများဖြစ်သည့် ဆေးသုတ်ခြင်း၊ တံတားအောက်၌ ကားပါကင်ရပ်နားထားရှိနိုင်အောင် ပြုလုပ်ခြင်းများ မပြီးစီးသေးသော်လည်း အများပြည်သူများအတွက် သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် မဟာသင်္ကြန်ကာလအတွင်း မော်တော်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန်ရည်ရွယ်၍ စောစီးစွာ ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (လမ်းနှင့်တံတား)အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လှည်းတန်းခုံးကျော် တံတား ဖွင့်လှစ်လိုက်ခြင်းဖြင့် ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုကို တစ်စိတ်တစ်ဒေသ လျော့နည်းသွားမည်ဖြစ်သလို လှည်းတန်းလမ်းဆုံမီးပွိုင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့❖**

ယခုနှစ် ဒီဇိုင်းအသစ်ဖြင့် တည်ဆောက်နေသည့် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်နှင့် ရန်ကုန်မြို့ရှိ မဏ္ဍပ်များ

သတင်းနှင့် ဓာတ်ပုံ ခင်မောင်သက်

ယခုနှစ် မဟာသင်္ကြန်တွင် ယခင်နှစ်များထက် ပြင်ဆင်မှု ဒီဇိုင်းအသစ်ဖြင့် တည်ဆောက်ဖျော်ဖြေမည့် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်အား တွေ့မြင်ခဲ့ရသည်။ **(အပေါ်ပုံ)**

ရန်ကုန်မြို့တော်ဝန် ရေကစားမဏ္ဍပ်ကို ငွေကျပ် သိန်း ၂၅၀ ခန့်အကုန်အကျခံ တည်ဆောက်ရန် စီစဉ်ထားကြောင်းသိရပြီး ယခုနှစ်တွင် နေ့ပိုင်းယိမ်းအဖွဲ့များ၊ စတီရီယိုတေးသံရှင်များဖြစ်သည့် ပလေးဘွိုင်းသန်းနိုင်၊ စိုးပိုင်၊ ခိုင်ထူး၊ ဘန်နီဖြိုး၊ အေသင်ချိုဆွေ၊ နီနီခင်ဇော်နှင့် ညပိုင်းလူရွှင်တော်ရွှေဖလားအငြိမ့်အဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အလားတူ ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းတွင်လည်း ရေကစားမဏ္ဍပ်များ တည်ဆောက်ထားမှုများသည်လည်း ယခုနှစ်တွင် အထူးစည်ကားဖွယ်ရှိပြီး ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲနိုင်ကြောင်း တွေ့မြင်ခဲ့ရသည်။

ထို့ပြင် ရန်ကုန်မြို့ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ချုပ်လမ်း၊ ကုန်သည်လမ်း၊ ပြည်လမ်း၊ အလုံလမ်းနှင့် အခြားသောလမ်းမကြီးများတွင်လည်း ရေကစားမဏ္ဍပ်ငယ်လေးများကို တွေ့မြင်ခဲ့ရသည်။

ထို့ပြင် ထူးခြားမှုအနေဖြင့် မိုင်ဒါကွင်း၌လည်း ထိုင်းနိုင်ငံကုမ္ပဏီများနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီများက ပူးပေါင်း၍ ရိုးရာသင်္ကြန်ကို ထူးထူးခြားခြား ဆန်းဆန်းပြားပြားများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဟု သိရသည်။

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ အပိုစာမျက်နှာ က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ ပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ခု၊ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ ဇွန်လ ၃ရက်မှ စတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

စဉ်	ဖွင့်လှစ်မည့်ဌာန	ဖွင့်လှစ်မည့်သင်တန်းများ	အခြေခံဘွဲ့လိုအပ်ချက်
၁။	မြို့ပြအင်ဂျင်နီယာ	၁။ Diploma in Structural Engineering	B.E(Civil)
		၂။ Diploma in Water Resources Engineering	B.E (Civil)
		၃။ Diploma in Environmental Engineering	B.E(Civil/Chemical)
		၄။ Diploma in Environmental Planning and Management	All B.E/B. Arch. /M.B.B.S/B.D.S./ M.Sc(Chemistry)/ M.Sc(IC)/ M.Sc(Zoology)/M.Sc(Marine Biology)/ B.Sc(Forestry/B.Ag)
		၅။ Diploma in Geotechnical Engineering	B.E(Civil)
		၆။ Diploma in Transportation Engineering	B.E(Civil)
		၇။ Diploma in Construction Management	B.E (Civil)
		၈။ Diploma in Surveying, Remote Sensing and GIS	B.E(Civil/Mining)/B.Arch/B.E(MAEU)/B.E (MME)/M.Sc(Geology)/B.Arch. M.A (Geography)/ B.Sc(Forestry)
		၉။ Diploma in Urban Planning and Infrastructure Design	B.E(Civil)/B.Arch/M.A(Geography)
၂။	စက်မှုအင်ဂျင်နီယာ	၁။ Diploma in Renewable Energy Engineering	All B.E
		၂။ Diploma in Industrial Engineering Technology	All B.E
၃။	လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ	၁။ Diploma in Renewable Energy System	B.E (EP,EC),M.Res(Phys), M.S (Engg:Phys),M.Sc(Phys)
		၂။ Diploma in Power System Control Engineering	B.E (EP,EC),M.Res.(Phys). M.S(Engg:Phys),M.Sc(Phys)
၄။	မက္ကာထရောနစ် အင်ဂျင်နီယာ	Diploma in Biomedical Engineering Technology	B.E(IT,EC,Mech.,McE.,EP) M.S(Engg:Physics),M.Sc(Phy, Specialization in Electronics)
၅။	ဓာတုအင်ဂျင်နီယာ	၁။ Diploma in Food Technology	B.E(Chemical)/M.B.B.S/ B.V.S/B(Pharm)/ B.Med. Tech/B.Sc(IC)ဘွဲ့ရရှိသူများ၊ အစိုးရဌာနမှ အစာအာဟာရဆိုင်ရာလုပ်ငန်းတွင် အနည်းဆုံးလုပ်သက်(၃)နှစ်ရှိပြီးသော B.Sc (Chemistry)/ B.Sc(Zoology)/B.Sc(Botany)/B.Ag ဘွဲ့ရရှိသူများ
		၂။ Diploma in Biomass Energy	B.E (Chemical)
၆။	ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ	၁။ Diploma in Textile Engineering	B.E(Textile)
၇။	သတ္တုတူးဖော်ရေး အင်ဂျင်နီယာ	၁။ Diploma in Mine Project Management	B.E (Mining)
		၂။ Diploma in Environmental Impact Assessment and Environmental Management System	All B.E/B.Arch/M.B.,B.S/All M.Sc/B.Sc (Forestry) B.Ag
		၃။ Diploma in Geotechnical Engineering for Tunnel Construction	B.E(Mining,Civil)/M.Sc(Geology)
၈။	ရေနံအင်ဂျင်နီယာ	၁။ Diploma in Petroleum Engineering	B.E(Petroleum)
၉။	သတ္တုဗေဒအင်ဂျင်နီယာ	၁။ Diploma in Extractive Metallurgy	B.E (Met,Min) B.Sc (Geol.)
		၂။ Diploma in Adaptive Metallurgy	B.E(Met.,Mech.)
		၃။ Diploma in Experimental Archaeometallurgy	B.E (Met)/B.Sc (Che)/ B.A (Archaeology)
၁၀။	ဗိသုကာ	၁။ Diploma in Settlement Planning and Design	B.Arch/B.E.(Civil)
၁၁။	အင်ဂျင်နီယာ ဘူမိဗေဒ	၁။ Diploma in Engineering Geology	B.Sc(Geology) (Hons)/ B.Tech(Civil/Min/Pet)

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့်၎င်း၏မိဘနှစ်ပါး(၃ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်း၊ မိတ္တူတင်ပြနိုင်ရမည်)။

(ခ) ဘွဲ့လိုအပ်ချက်မှာအထက်ပါဇယားတွင်ဖော်ပြထားသည့်အတိုင်းဖြစ်ပါသည်။ အကယ်၍ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ အင်ဂျင်နီယာဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(ဂ) သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက် (မူရင်း) တင်ပြရမည်။

(င) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှဆရာဝန်၏ ထောက်ခံချက် လက်မှတ်တင်ပြနိုင်ရမည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၉-၄-၂၀၁၃ရက်(အင်္ဂါနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၃ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်၊ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၆-၅-၂၀၁၃ရက်(တနင်္လာနေ့)	အင်္ဂလိပ်စာ	၉း၀၀နာရီမှ ၁၂း၀၀နာရီ
၇-၅-၂၀၁၃ရက်(အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀နာရီမှ ၁၂း၀၀နာရီ

